ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန









# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်
# အမျိုးသားစီမံကိန်း
# ပထမ(၆)လပတ်အစီရင်ခံစာ

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
## ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှု
## အခြေအနေ

## မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | ၁ |
| အခန်း(၁) | မေခရိုစီးပွားရေးအခြေအနေ | ၃ |
| အခန်း(၂) | မြန်မာနိုင်ငံ၏စီးပွားရေးနှင့်လူမှုရေးအခြေအနေ | ၇ |
| အခန်း(၃) | ကဏ္ဍစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုနှင့် လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ | ၂၉ |
| အခန်း(၄) | တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုအခြေအနေ | ၁၁၈ |
| အခန်း(၅) | ပြည်ပအကူအညီအထောက်အပံ့ရရှိမှု | ၁၆၃ |
| | နိဂုံး | ၁၇၅ |

# ပုံပြဂရပ် မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | ပုံ ၁-၁ | ကမ္ဘာ့နိုင်ငံအချို့၏ ဂျီဒီပီ တိုးတက်မှုနှုန်း | ၄ |
| ၂ | ပုံ ၁-၂ | အာဆီယံနိုင်ငံအချို့၏ ပထမ (၆)လပတ် ဂျီဒီပီ တိုးတက်မှုနှုန်း | ၆ |
| ၃ | ပုံ ၂-၁ | စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၈ |
| ၄ | ပုံ ၂-၂ | ဂျီဒီပီတိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၈ |
| ၅ | ပုံ ၂-၃ | နိုင်ငံခြားငွေလဲလှယ်နှုန်း | ၁၃ |
| ၆ | ပုံ ၂-၄ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လ ပို့ကုန်တင်ပို့နိုင်မှု | ၁၄ |
| ၇ | ပုံ ၂-၅ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ပထမ(၆)လ သွင်းကုန်တင်သွင်းနိုင်မှု | ၁၄ |
| ၈ | ပုံ ၂-၆ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လ ကုန်သွယ်မှုပမာဏ | ၁၅ |
| ၉ | ပုံ ၂-၇ | ကုန်သွယ်မှု ပို့ငွေ/ လိုငွေ | ၁၅ |
| ၁၀ | ပုံ ၂-၈ | ကုန်သွယ်ဘက်နိုင်ငံများ | ၁၆ |
| ၁၁ | ပုံ ၂-၉ | ကုန်ပစ္စည်းအုပ်စုအလိုက် ပို့ကုန် အခြေအနေ | ၁၆ |
| ၁၂ | ပုံ ၂-၁၀ | ကုန်ပစ္စည်းအုပ်စုအလိုက် သွင်းကုန် အခြေအနေ | ၁၇ |
| ၁၃ | ပုံ ၂-၁၁ | လျှပ်စစ်ဓါတ်အား တပ်ဆင်အင်အား | ၁၈ |
| ၁၄ | ပုံ ၂-၁၂ | လျှပ်စစ်ဓါတ်အား သုံးစွဲမှု | ၁၉ |
| ၁၅ | ပုံ ၂-၁၃ | လူတစ်ထောင်လျှင် သုံးစွဲနိုင်သော တယ်လီဖုန်း | ၂၀ |
| ၁၆ | ပုံ ၂-၁၄ | ဆရာဝန်ဦးရေ | ၂၁ |
| ၁၇ | ပုံ ၂-၁၅ | သူနာပြုဦးရေ | ၂၁ |
| ၁၈ | ပုံ ၂-၁၆ | အခြေခံပညာကျောင်းများအခြေအနေ | ၂၂ |
| ၁၉ | ပုံ ၂-၁၇ | အစိုးရအခြေခံပညာကျောင်းဆရာများအခြေအနေ | ၂၃ |
| ၂၀ | ပုံ ၂-၁၈ | အစိုးရအခြေခံပညာကျောင်းသားများအခြေအနေ | ၂၃ |
| ၂၁ | ပုံ ၂-၁၉ | တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များအခြေအနေ | ၂၃ |
| ၂၂ | ပုံ ၂-၂၀ | မြန်မာနိုင်ငံသို့လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်နှင့် သုံးစွဲခဲ့သည့်နိုင်ငံခြားငွေ | ၂၄ |
| ၂၃ | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊အမျိုးသားစီမံကိန်း ရည်မှန်းချက် အပေါ် ပထမ(၆)လပတ် **လယ်ယာကဏ္ဍ** အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၃-၁ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၂၉ |
| | ပုံ ၃-၂ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၂၉ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | ပုံ ၃-၃ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၃၁ |
| ၂၄ | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ပထမ(၆)လပတ် **သားငါးကဏ္ဍ** အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၃-၄ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၃၃ |
| | ပုံ ၃-၅ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၃၃ |
| | ပုံ ၃-၆ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၃၆ |
| ၂၅ | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ပထမ(၆)လပတ် **သစ်တောကဏ္ဍ** အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၃-၇ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၃၈ |
| | ပုံ ၃-၈ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၃၈ |
| | ပုံ ၃-၉ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၄၁ |
| ၂၆ | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ပထမ(၆)လပတ် **စွမ်းအင်ကဏ္ဍ** အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၃-၁၀ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၄၂ |
| | ပုံ ၃-၁၁ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၄၂ |
| | ပုံ ၃-၁၂ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၄၄ |
| ၂၇ | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ပထမ(၆)လပတ် **သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ** အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ | |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | ပုံ ၃-၁၃ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၄၅ |
| | ပုံ ၃-၁၄ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၄၅ |
| | ပုံ ၃-၁၅ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၄၆ |
| ၂၈ | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ပထမ(၆)လပတ် **စက်မှုလက်မှုကဏ္ဍ** အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၃-၁၆ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၅၀ |
| | ပုံ ၃-၁၇ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၅၀ |
| | ပုံ ၃-၁၈ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၅၂ |
| ၂၉ | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ပထမ(၆)လပတ် **လျှပ်စစ်ဓါတ်အားကဏ္ဍ** အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၃-၁၉ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၅၅ |
| | ပုံ ၃-၂၀ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၅၅ |
| | ပုံ ၃-၂၁ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၅၇ |
| ၃၀ | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ပထမ(၆)လပတ် **ဆောက်လုပ်မှုကဏ္ဍ** အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၃-၂၂ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၅၉ |
| | ပုံ ၃-၂၃ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၅၉ |
| | ပုံ ၃-၂၄ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၆၂ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၃၁ | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ပထမ(၆)လပတ် **ပို့ဆောင်ရေးကဏ္ဍ** အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၃-၂၅ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၆၃ |
| | ပုံ ၃-၂၆ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၆၃ |
| | ပုံ ၃-၂၇ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၆၇ |
| ၃၂ | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ပထမ(၆)လပတ် **ဆက်သွယ်ရေးကဏ္ဍ** အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၃-၂၈ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၇၁ |
| | ပုံ ၃-၂၉ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၇၁ |
| | ပုံ ၃-၃၀ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၇၃ |
| ၃၃ | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ပထမ(၆)လပတ် **ငွေရေးကြေးရေးကဏ္ဍ** အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၃-၃၁ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၇၅ |
| | ပုံ ၃-၃၂ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၇၅ |
| | ပုံ ၃-၃၃ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၇၈ |
| ၃၄ | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ပထမ(၆)လပတ် **ကုန်သွယ်မှုကဏ္ဍ** အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၃-၃၄ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၈၁ |
| | ပုံ ၃-၃၅ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၈၁ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | ပုံ ၃-၃၆ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၈၅ |
| ၃၅ | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ပထမ(၆)လပတ် **ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု ကဏ္ဍ**အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၃-၃၇ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၈၆ |
| | ပုံ ၃-၃၈ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၈၆ |
| | ပုံ ၃-၃၉ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၈၈ |
| ၃၆ | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ပထမ(၆)လပတ် **လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ** အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ | |
| | ပုံ ၃-၄၀ | အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း) | ၈၉ |
| | ပုံ ၃-၄၁ | တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း) | ၈၉ |
| | ပုံ ၃-၄၂ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၉၃ |
| ၃၇ | | **ကချင်ပြည်နယ်**၏၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | |
| | ပုံ ၄-၁ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၁၉ |
| | ပုံ ၄-၂ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၁၉ |
| | ပုံ ၄-၃ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၁၂၀ |
| ၃၈ | | **ကယားပြည်နယ်**၏၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | |
| | ပုံ ၄-၄ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၂၂ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | ပုံ ၄-၅ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၂၂ |
| | ပုံ ၄-၆ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၁၂၃ |
| ၃၉ | | **ကရင်ပြည်နယ်**၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | |
| | ပုံ ၄-၇ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၂၅ |
| | ပုံ ၄-၈ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၂၅ |
| | ပုံ ၄-၉ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၁၂၆ |
| ၄၀ | | **ချင်းပြည်နယ်**၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | |
| | ပုံ ၄-၁၀ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၂၈ |
| | ပုံ ၄-၁၁ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၂၈ |
| | ပုံ ၄-၁၂ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၁၂၉ |
| ၄၁ | | **စစ်ကိုင်းတိုင်းဒေသကြီး**၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | |
| | ပုံ ၄-၁၃ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၃၁ |
| | ပုံ ၄-၁၄ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၃၁ |
| | ပုံ ၄-၁၅ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၁၃၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၂ | **တနင်္သာရီတိုင်းဒေသကြီး**၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | |
| ပုံ ၄-၁၆ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၃၄ |
| ပုံ ၄-၁၇ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၃၄ |
| ပုံ ၄-၁၈ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၁၃၅ |
| ၄၃ | **ပဲခူးတိုင်းဒေသကြီး**၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | |
| ပုံ ၄-၁၉ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၃၇ |
| ပုံ ၄-၂၀ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၃၇ |
| ပုံ ၄-၂၁ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၁၃၈ |
| ၄၄ | **မကွေးတိုင်းဒေသကြီး**၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | |
| ပုံ ၄-၂၂ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၄၀ |
| ပုံ ၄-၂၃ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၄၀ |
| ပုံ ၄-၂၄ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၁၄၁ |
| ၄၅ | **မန္တလေးတိုင်းဒေသကြီး**၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | |
| ပုံ ၄-၂၅ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၄၃ |
| ပုံ ၄-၂၆ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၄၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ပုံ ၄-၂၇ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၁၄၄ |
| ၄၆ | **မွန်ပြည်နယ်**၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | |
| ပုံ ၄-၂၈ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၄၆ |
| ပုံ ၄-၂၉ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၄၆ |
| ပုံ ၄-၃၀ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၁၄၇ |
| ၄၇ | **ရခိုင်ပြည်နယ်**၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | |
| ပုံ ၄-၃၁ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၄၉ |
| ပုံ ၄-၃၂ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၄၉ |
| ပုံ ၄-၃၃ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၁၅၀ |
| ၄၈ | **ရန်ကုန်တိုင်းဒေသကြီး**၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | |
| ပုံ ၄-၃၄ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၅၂ |
| ပုံ ၄-၃၅ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၅၂ |
| ပုံ ၄-၃၆ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၁၅၃ |
| ၄၉ | **ရှမ်းပြည်နယ်**၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | |
| ပုံ ၄-၃၇ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၅၅ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | ပုံ ၄-၃၈ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၅၅ |
| | ပုံ ၄-၃၉ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၁၅၆ |
| ၅၀ | | **ဧရာဝတီတိုင်းဒေသကြီး**၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | |
| | ပုံ ၄-၄၀ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၅၈ |
| | ပုံ ၄-၄၁ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၅၈ |
| | ပုံ ၄-၄၂ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၁၅၉ |
| ၅၁ | | **နေပြည်တော်ကောင်စီနယ်မြေ**၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ (နှစ်အလိုက်ဈေးနှုန်း) | |
| | ပုံ ၄-၄၃ | အကောင်အထည်ဖော်နိုင်မှု(နှစ်အလိုက်ဈေးနှုန်း) | ၁၆၁ |
| | ပုံ ၄-၄၄ | တိုးတက်မှုနှုန်း(ပုံမှန်ဈေးနှုန်း) | ၁၆၁ |
| | ပုံ ၄-၄၅ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (နှစ်အလိုက်ဈေးနှုန်း) | ၁၆၂ |
| ၅၂ | ပုံ ၅-၁ | ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီအထောက်အပံ့ ညှိနှိုင်းရရှိမှု | ၁၆၇ |
| ၅၃ | ပုံ ၅-၂ | ကဏ္ဍအလိုက် နိုင်ငံခြားချေးငွေ ညှိနှိုင်းရရှိမှု | ၁၇၀ |

## ဇယားမာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁ | ဇယား ၁-၁ | မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေ | ၆ |
| ၂ | ဇယား ၂-၁ | ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုအခြေအနေ (နှစ်အလိုက်ဈေးနှုန်းအရ) | ၉ |
| ၃ | ဇယား ၂-၂ | ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုအခြေအနေ (နှစ်အလိုက်ဈေးနှုန်းအရ) | ၁၀ |
| ၄ | ဇယား ၂-၃ | ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုအခြေအနေ (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ) | ၁၁ |
| ၅ | ဇယား ၂-၄ | ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုအခြေအနေ (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ) | ၁၂ |
| ၆ | ဇယား ၂-၅ | မြန်မာနိုင်ငံ၏လူမှုရေးအခြေအနေ | ၂၅ |
| ၇ | ဇယား ၃-၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပထမ (၆) လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ | ၁၀၀ |
| ၈ | ဇယား ၃-၂ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပထမ (၆) လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ | ၁၀၄ |
| ၉ | ဇယား ၃-၃ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပထမ (၆) လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ | ၁၀၆ |
| ၁၀ | ဇယား ၃-၄ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပထမ (၆) လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ | ၁၀၇ |
| ၁၁ | ဇယား ၃-၅ | စက်မှုဝန်ကြီးဌာန ပထမ (၆) လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ | ၁၁၅ |
| ၁၂ | ဇယား ၃-၆ | ဆောက်လုပ်ရေးဝန်ကြီးဌာန ပထမ (၆) လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ | ၁၁၅ |
| ၁၃ | ဇယား ၅-၁ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အတွင်း ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် နိုင်ငံခြားအကူအညီ အထောက်အပံ့ ညှိနှိုင်းရရှိမှု အခြေအနေ | ၁၆၄ |

| စဉ် | | အကြောင်းအရာ | မှ စာမျက်နှာ |
| --- | --- | --- | --- |
| ၁၄ | ဇယား ၅-၂ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အတွင်း နိုင်ငံအချင်းချင်း အကူအညီ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လုပ်ငန်းစီမံချက်များ ဆောင်ရွက်ရန် သဘောတူ ညှိနှိုင်းရရှိမှု | ၁၆၅ |
| ၁၅ | ဇယား ၅-၃ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အတွင်း ပြည်ထောင်စု ဝန်ကြီးဌာနများအလိုက် နိုင်ငံခြားချေးငွေရရှိရန် အဆိုပြုနိုင်မှု အခြေအနေ | ၁၆၈ |
| ၁၆ | ဇယား ၅-၄ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အတွင်း နိုင်ငံအချင်းချင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ချေးငွေဖြင့် လုပ်ငန်းစီမံချက်များ ဆောင်ရွက်ရန် ညှိနှိုင်းရရှိမှု | ၁၆၉ |

## ယေဘုယျရှင်းလင်းချက်

**၁။ ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ဈေးနှုန်းကို ဆိုလိုပါသည်။

**၂။ တိုးတက်မှုနှုန်း တွက်ချက်နည်း**

$$r = \left( \frac{Y_t - Y_{t-1}}{Y_{t-1}} \right) \times 100$$

$r$ = တိုးတက်မှုနှုန်း

$Y_t$ = အစီရင်ခံသည့် ဘဏ္ဍာနှစ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးများ)

$Y_{t-1}$= ယခင်ဘဏ္ဍာနှစ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးများ)

**၃။ အကောင်အထည်ဖော်နိုင်မှုနှုန်း တွက်ချက်နည်း**

$$P_R = \left( \frac{Y_t}{P_t} \right) \times 100$$

$P_R$ = အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း

$Y_t$ = အစီရင်ခံသည့် ဘဏ္ဍာနှစ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး (ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးများ)

$P_t$ = အစီရင်ခံသည့် ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက်တန်ဖိုး (ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးများ)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်း
## ပထမ(၆)လပတ်အကောင်အထည်ဖော်နိုင်မှုအခြေအနေ

**နိဒါန်း**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းသည် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု အနှစ်(၂၀)စီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်ထိ) တွင် ပါဝင်သည့် ဒုတိယကာလတို(၅) နှစ်စီမံကိန်း (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ထိ)၏ ပထမနှစ် နှစ်စဉ်စီမံကိန်းဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပြည်သူများ၏လိုအပ်ချက်များနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များ အပေါ် အခြေပြု၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိအစိုးရ တာဝန်ယူပြီးချိန်မှစ၍ တိုင်းပြည်အကျိုးအတွက် ရည်ရွယ်၍ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်မှုကို ရေးရှုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေးနှင့် ပြည်သူအများစု၏လူနေမှုဘဝများ တိုးတက်မြင့်မားရေးတို့ကို အကောင်အထည်ဖော်ဆောင်ရေးစသည့် မူဝါဒ (၄) ရပ်ကို ချမှတ်ခဲ့ပါ သည်။ ဝန်ကြီးဌာနများအကြား လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုလျင်မြန် သွက်လက်စေရန်အတွက် ပေါင်းစပ်သင့်သည့် ဝန်ကြီးဌာနများကို ပေါင်းစပ်ခြင်း၊ အသစ်ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် ဘဏ္ဍာရေး၊ စီးပွားရေး၊ ကုန်သွယ်မှု၊ ပို့ဆောင်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ မြေယာဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ စသည့် ကော်မတီများကိုလည်း ဖွဲ့စည်းခဲ့ပါသည်။

ပြည်သူများအတွက် အမြန်ဆုံးအကျိုးရှိစေမည့် စီမံကိန်းများ၊ လုပ်ငန်းများကို ရွေးချယ်ပြီး မေလ (၁) ရက်နေ့မှ စတင်သည့် ပြည်သူ့အတွက် ပထမရက် (၁၀၀) လုပ်ငန်းစီမံချက်ကို ဝန်ကြီးဌာနများမှ ဆောင်ရွက်ခဲ့ပါသည်။ ရက် (၁၀၀) ကာလအတွင်း အစိုးရဌာနများ၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုအောင်မြင်ရေးနှင့် ထိရောက်ထက်မြက်ရေးအတွက် ဝန်ကြီးဌာနတစ်ခုနှင့်တစ်ခု အပြန်အလှန်ချိတ်ဆက်ကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေး၊ ခေတ်စနစ်နှင့်မကိုက်ညီသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ခြင်း၊ လျှော့ပေါ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် National Casefire Agreement-NCA လက်မှတ်ရေးထိုးခြင်း မရှိသေးသည့် အဖွဲ့များပါဝင်လာအောင် နိုင်ငံရေးမူဘောင် ပြန်လည်သုံးသပ်ခြင်းကို ဆောင်ရွက်

ခဲ့ပါသည်။ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုပေါ်ထွန်းလာရေးကို မျှော်မှန်း၍ ပြည်ထောင်စု တိုင်းရင်းသားများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများပါဝင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစု ပင်လုံကို ၃၁-၈-၂၀၁၆ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

နိုင်ငံတော်၏စီးပွားရေးမူဝါဒသည် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော အစဉ်အဆက်မပြတ် တိုးတက်မှုရရှိစေရန် ရည်ရွယ်ပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူရရှိစေရန် ဦးတည်၍ သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင်ချမှတ်နိုင်ရန် မျှော်မှန်းထားပါသည်။

စီးပွားရေးမူဘောင်ကို အထောက်အကူပြုနိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်ပြီး စည်းလုံးညီညွတ်သော ဖက်ဒရယ်ဒီမိုကရက်တစ်ပြည်ထောင်စုကြီး ဖြစ်တည်လာစေရေးကို အထောက်အပံ့ဖြစ်စေသည့် မူဝါဒအဖြစ် ကျင့်သုံးရန်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအကြား ဘက်ညီမျှတစွာဖွံ့ဖြိုး တိုးတက်လာစေသည့် စီးပွားရေးအခြေအနေကောင်းများ ရရှိရေးဆောင်ရွက်ရန်၊ နိုင်ငံတော်အတွက် အဖက်ဖက်မှ စွမ်းရည်ပြည့်ဝသော လူငယ်မျိုးဆက်သစ်များ ပေါ်ပေါက်လာစေရေးအတွက် အခွင့်အလမ်းများဖန်တီးပေးနိုင်သော စီးပွားရေးမူဝါဒအဖြစ် ကျင့်သုံးရန်၊ နိုင်ငံသားအားလုံးပူးပေါင်းပါဝင်နိုင်ပြီး တီထွင်ဆန်းသစ်မှုနှင့် ကြိုးပမ်းအားထုတ်မှုများဖြင့် တိုးတက်မှုရလဒ်ကောင်းများကို အစဉ်အဆက်ရယူထိန်းသိမ်းနိုင်မည့် စီးပွားရေးစနစ်သစ်တစ်ခုအဖြစ် ထူထောင်ရန် စသည့်ရည်မှန်းချက်များကို ချမှတ်ခဲ့ပါသည်။

ချမှတ်ခဲ့သည့် စီးပွားရေးမူဝါဒများနှင့်အညီ လျှပ်စစ်ဓာတ်အား၊ လမ်းများ၊ ဆိပ်ကမ်းများစသည့် အခြေခံစီးပွားရေးအဆောက်အအုံများ လျင်မြန်စွာတိုးတက်လာစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းမြင့်မားသောစီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်းပိုမိုဦးစားပေး ဆောင်ရွက်ပေးခြင်း၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် ကဏ္ဍများဘက်ညီစွာ တိုးတက်လာစေခြင်းနှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်၊ သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် လိုက်လျောညီထွေဖြစ်စေမည့် မြို့ပြများတည်ထောင်ခြင်းနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲ လုပ်ကိုင်နိုင်ခြေရှိသောလုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ်ပြောင်းလဲ လုပ်ဆောင်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

# အခန်း(၁)

## မေခရိုစီးပွားရေးအခြေအနေ

### ကမ္ဘာ့စီးပွားရေးအခြေအနေ

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ ထုတ်ဝေသော World Economic Outlook(အောက်တိုဘာ၊ ၂၀၁၆) အရ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ထုတ်လုပ်မှုတို့တွင် အားနည်းမှုတို့ကြောင့် စီးပွားရေးထွန်းသစ်စနိုင်ငံများ၏ စီးပွားရေးမှာ တိုးတက်မှု နှေးကွေးမည်ဟု ခန့်မှန်းထားပြီး ကမ္ဘာ့စီးပွားရေးအခြေအနေသည် ၂၀၁၆ ခုနှစ် တွင် ၃.၁ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။

ယခု (၆) လပတ်အတွင်း စက်မှုထွန်းသစ်စနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် တိုးတက်မှု ရှိခဲ့သော်လည်း ဖွံ့ဖြိုးပြီးနိုင်ငံများတွင် စီးပွားရေးတိုးတက်မှု အနည်းငယ် ကျဆင်းမည်ဟု ခန့်မှန်းထားပါသည်။

စီးပွားရေးအင်အားကြီးနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှု အလားအလာများသည် လုပ်သားဈေးကွက်အခြေအနေများ ကောင်းမွန်လာခြင်းနှင့် ရေနံဈေးနှုန်း အနည်းငယ်မြင့်တက်လာခြင်းတို့ကြောင့် ဝင်ငွေတိုးတက်လာသော်လည်း စွမ်းအင်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းလာခြင်း၊ ဥရောပဇုန်တွင် ပြည်တွင်းပြည်ပ ဝယ်လိုအားများ ကျဆင်းနေခြင်း၊ ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားလာခြင်း၊ ဂျပန်ယန်းငွေ တန်ဖိုးမြင့်တက်မှုနှင့်အတူ အာရှနိုင်ငံများ၏ ကုန်ပစ္စည်း တင်ပို့မှုများ ကျဆင်းခြင်းတို့သည် ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို နှေးကွေးစေမည်ဟု သုံးသပ်ထားပါသည်။

### စက်မှုဖွံ့ဖြိုးပြီးနိုင်ငံအချို့၏စီးပွားရေးအခြေအနေ


ဥရောပသမဂ္ဂအဖွဲ့ဝင်အဖြစ်မှ ဗြိတိန်နိုင်ငံ နှုတ်ထွက်မှုကြောင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများရှိ ဘဏ်များတွင် ပေါင်စတာလင်ဈေးနှုန်းများ အနည်းငယ် ကျဆင်းခဲ့ပါ သည်။ သို့ရာတွင် ဗြိတိန်နိုင်ငံအနေဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ နှေးကွေးကာ ဆောက်လုပ်ရေး လုပ်ငန်းများ ကျဆင်းခဲ့မှုရှိခဲ့သော်လည်း စက်မှုလက်မှုလုပ်ငန်းများနှင့် အိမ်ထောင်စုများ၏ စားသုံးမှု မြင့်တက်လာခြင်းကြောင့် ၂၀၁၆ ခုနှစ် ပထမ(၆)လပတ်တွင် ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၀.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးတိုးတက်/ကျဆင်းမှုတို့သည် မြန်မာနိုင်ငံအပေါ်တွင် အကျိုးသက်ရောက်မှု အနည်းငယ်သာ ရှိနိုင်မည် ဖြစ်ပါ သည်။

အမေရိကန်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ပမာဏကျဆင်းခဲ့ပြီး ကုန်ပစ္စည်းလက်ကျန်များ လျော့နည်းခဲ့သော်လည်း သီးသန့်ရန်ပုံငွေကြေးခိုင်မာမှု၊ စားသုံးသူဝယ်လိုအားများစွာ တိုးတက်ခဲ့မှုတို့ကြောင့် ၂၀၁၆ ခုနှစ်၊ ပထမ(၆)လပတ်တွင် ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၁.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ဂျပန်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်များနှင့် ပို့ကုန်များလျော့နည်းခဲ့ပြီး ပုဂ္ဂလိက အသုံးစရိတ်နှင့် အစိုးရအသုံးစရိတ်မှာ များစွာတိုးတက်ခဲ့သဖြင့် ၂၀၁၆ ခုနှစ်၊ ပထမ(၆)လပတ်တွင် ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၀.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

တရုတ်နိုင်ငံအနေဖြင့် စက်မှုထွက်ကုန်များ တိုးတက်လာခြင်း၊ ပို့ကုန်တင်ပို့မှု ပြန်လည်မြင့်တက်လာမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တဖြည်းဖြည်းတိုးတက်လာခြင်းတို့ကြောင့် ၂၀၁၆ ခုနှစ် ပထမ(၆)လပတ်တွင် ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၆.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပုံ(၁-၁) ကမ္ဘာ့နိုင်ငံအချို့၏ ဂျီဒီပီတိုးတက်မှုနှုန်း**




Source: IMF World Economic Outlook, October, 2016

## အာဆီယံနိုင်ငံအချို့၏ စီးပွားရေးအခြေအနေ

အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးအဆောက်အအုံမှာ အရှေ့တောင်အာရှတွင် အကြီးမားဆုံးဖြစ်ပါသည်။ နိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ၅၅ ရာခိုင်နှုန်း ခန့်ပါဝင်သည့် ပြည်တွင်းစားသုံးမှု တိုးတက်လာမှုနှင့်အတူ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်း၊ အစိုးရအသုံးစရိတ်များ မြင့်တက်လာခြင်း၊ ပုဂ္ဂလိကသုံးစွဲမှုများ၊ ပို့ကုန်များ တိုးမြှင့်တင်ပို့လာနိုင်

ခြင်းတို့ကြောင့် ၂၀၁၆ ခုနှစ်ပထမ(၆)လပတ်တွင် ဂျီဒီပီ တိုးတက်မှုနှုန်းမှာ ၅.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

မလေးရှားနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်၊ ပထမ(၆)လပတ်တွင် ဆောက်လုပ်ရေးလုပ်ငန်းများတိုးတက်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းထွက်ကုန် တိုးတက်ထုတ်လုပ်နိုင်မှုတို့သည် နိုင်ငံ့စီးပွားရေးကို အဓိကတိုးတက်စေခဲ့သဖြင့် ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၄.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

စင်ကာပူနိုင်ငံတွင် လက်လီ၊ လက္ကားရောင်းဝယ်မှုလုပ်ငန်းနှင့် ပို့ဆောင်ရေးလုပ်ငန်းတိုးတက်မှုတို့ကြောင့်၂၀၁၆ ခုနှစ် ပထမ (၆) လပတ် တွင် ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၂.၂ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။


ထိုင်းနိုင်ငံတွင် ပြည်တွင်းစားသုံးမှုမြင့်တက်လာခြင်း၊ ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ခြင်းတို့ကြောင့် ၂၀၁၆ ခုနှစ်၊ ပထမ(၆)လပတ်တွင် ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၃.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် အစိုးရအသုံးစရိတ်နှင့် ပုဂ္ဂလိကစားသုံးမှုများ မြင့်တက်လာခြင်းတို့ကြောင့် နိုင်ငံ၏စီးပွားရေးမှာ တစ်ဖြည်းဖြည်း တိုးတက်လာခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ပထမ(၆)လပတ်တွင် ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၇.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးတွင် အနည်းငယ် ကျဆင်းခဲ့သော်လည်း စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် တိုးတက်လာခြင်းကြောင့် ၂၀၁၆ ခုနှစ်၊ ပထမ(၆)လပတ်တွင် ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၅.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ စီးပွားရေးတိုးတက်မှုတို့သည် မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးသက်ရောက်မှု များစွာရှိမည်ဖြစ်ပါသည်။

### ပုံ(၁-၂) အာဆီယံနိုင်ငံအချို့၏ ပထမ(၆)လပတ် ဂျီဒီပီတိုးတက်မှုနှုန်း




Source: IMF World Economic Outlook, October, 2016

### မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေ

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ ပထမ(၆)လပတ် အကောင်အထည်ဖော်မှုတွင် **နှစ်အလိုက်ဈေးနှုန်းအရ** ကျပ် ၂၆,၃၅၃.၆ ဘီလီယံ ဖြစ်ပေါ်ခဲ့ပါသည်။ ဂျီဒီပီတိုးတက်မှုနှုန်းအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ၅.၀ ရာခိုင်နှုန်း ဖြစ်ပေါ်မည်ဟု ခန့်မှန်းရရှိပါသည်။

စီးပွားရေးပုံသဏ္ဌာန်အနေဖြင့် ဂျီဒီပီတွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုနှုန်းမှာ ၂၃.၀ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးမှ ပါဝင်မှုနှုန်းမှာ ၃၃.၀ ရာခိုင်နှုန်း ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုနှုန်းမှာ ၄၄.၀ ရာခိုင်နှုန်း တို့ဖြစ်ပေါ်ခဲ့ပါသည်။ လူမှုစီးပွားရေးညွှန်ကိန်းများ ပြောင်းလဲမှု အခြေအနေများအား အောက်ပါ ဇယားဖြင့် ဖော်ပြအပ်ပါသည် -

### ဇယား(၁-၁) မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ် |
|---|---|---|---|---|
| ၁ | စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(နှစ်အလိုက်ဈေးနှုန်းအရ) | ကျပ်သန်း | ၂၄,၈၄၆,၅၂၆.၅ | ၂၆,၃၅၃,၅၈၉.၅ |
| ၂ | ဂျီဒီပီတိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၆.၅ | ၅.၀ |
| ၃ | ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (က)လယ်ယာ | ရာခိုင်နှုန်း | ၂၃.၃ | ၂၃.၀ |
| | (ခ)စက်မှု | ရာခိုင်နှုန်း | ၃၄.၁ | ၃၃.၀ |
| | (ဂ)ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၄၂.၆ | ၄၄.၀ |

## အခန်း(၂)

## မြန်မာနိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးအခြေအနေ

ဤအခန်း၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ် အတွင်းဖြစ်ပေါ်ခဲ့သည့် မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများကို တင်ပြအပ်ပါသည်။

**စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)။** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ ပထမ (၆) လပတ် အကောင်အထည်ဖော်မှုတွင် **နှစ်အလိုက်ဈေးနှုန်းအရ** ကျပ် ၂၆,၃၅၃.၆ ဘီလီယံ ဖြစ်ပေါ်ခဲ့ပါသည်။ ဂျီဒီပီတိုးတက်မှုနှုန်း အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် ၅.၀ ရာခိုင်နှုန်း ဖြစ်ပေါ်မည်ဟု ခန့်မှန်းရရှိပါသည်။


**စီးပွားရေး တိုးတက်မှု အခြေအနေ။** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ် အကောင်အထည်ဖော်မှုအရ ကဏ္ဍကြီးများအလိုက် တိုးတက်မှုအနေဖြင့် လယ်ယာကဏ္ဍကြီးတွင် ၁.၂ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၅.၇ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၆.၆ ရာခိုင်နှုန်း အသီးသီး ဖြစ်ပေါ်ခဲ့ပါသည်။

**စီးပွားရေးပုံသဏ္ဍာန်။** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်အတွင်း စီးပွားရေးပုံသဏ္ဍာန်ပြောင်းလဲမှုအနေဖြင့် ဂျီဒီပီတွင် လယ်ယာကဏ္ဍကြီး၏ပါဝင်မှုနှုန်းမှာ၂၃.၀ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုနှုန်းမှာ ၃၃.၀ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှု ကဏ္ဍကြီး၏ ပါဝင်မှုနှုန်းမှာ ၄၄.၀ အသီးသီး ဖြစ်ပေါ်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးနှင့်တိုးတက်မှုနှုန်းကို ပုံပြဂရပ်များဖြင့်လည်းကောင်း၊ ကဏ္ဍအလိုက်နှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်မှုအခြေအနေကို ဇယားများဖြင့် လည်းကောင်း တင်ပြအပ်ပါသည်-


**ပုံ (၂-၁) စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၂-၂) ဂျီဒီပီတိုးတက်မှုနှုန်း**

**(ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် ယခုအစီရင်ခံသည့် ပထမ (၆) လပတ်ကာလသည် မိုးတွင်းကာလဖြစ်ခြင်း၊ အချို့ဒေသများ၌ ရေကြီးနစ်မြုပ်မှုရှိခဲ့ခြင်း၊ အယ်လ်နီညို၏ အကျိုးသက်ရောက်မှုကြောင့် မိုးရွာသွန်းချိန် ပုံမှန်နှစ်များထက် နောက်ကျသဖြင့် သီးနှံများ စိုက်ပျိုးချိန်နောက်ကျခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်မှုနည်းခြင်းတို့ကြောင့် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှု နှေးကွေးခဲ့ပါသည်။

## ဇယား (၂-၁)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် ကဏ္ဍအလိုက်အကောင်အထည်ဖော်နိုင်မှုအခြေအနေ (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး- ကျပ်သန်း)

| စဉ် | ကဏ္ဍ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | | | |
|---|---|---|---|---|---|---|
| | | | စီမံကိန်းရည်မှန်းချက်တန်ဖိုး | ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး | ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု (%) | ပြောင်းလဲမှုနှုန်း (%) |
| ၁ | စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) | ၂၄,၈၄၆,၅၂၆.၅ | ၈၄,၁၂၈,၁၂၇.၇ | ၂၆,၃၅၃,၅၈၉.၅ | ၃၁.၃ | ၆.၁ |
| ၂ | လယ်ယာကဏ္ဍ | ၃,၁၄၈,၆၄၈.၃ | ၁၄,၈၈၇,၆၆၂.၄ | ၃,၁၄၆,၉၄၀.၉ | ၂၁.၁ | -၀.၁ |
| ၃ | သားငါးကဏ္ဍ | ၂,၅၉၄,၄၉၈.၄ | ၆,၅၂၃,၀၉၄.၂ | ၂,၈၉၉,၁၁၅.၈ | ၄၄.၄ | ၁၁.၇ |
| ၄ | သစ်တောကဏ္ဍ | ၄၇,၆၆၇.၈ | ၉၀,၈၅၀.၅ | ၁၉,၆၂၈.၁ | ၂၁.၆ | -၅၈.၈ |
| ၅ | စွမ်းအင်ကဏ္ဍ | ၁,၉၂၂,၈၀၄.၄ | ၄,၉၀၄,၄၈၆.၃ | ၁,၃၆၂,၀၄၄.၃ | ၂၇.၈ | -၂၉.၂ |
| ၆ | သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ | ၃၁၅,၆၇၂.၇ | ၉၄၄,၆၅၀.၆ | ၃၅၂,၁၈၃.၇ | ၃၇.၃ | ၁၁.၆ |
| ၇ | စက်မှုလက်မှုကဏ္ဍ | ၄,၄၁၅,၈၂၄.၈ | ၁၇,၉၃၀,၁၄၄.၀ | ၅,၀၉၅,၃၃၀.၉ | ၂၈.၄ | ၁၅.၄ |
| ၈ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၅၂၂,၇၀၂.၄ | ၁,၁၀၇,၉၁၃.၈ | ၅၆၆,၄၀၅.၆ | ၅၁.၁ | ၈.၄ |
| ၉ | ဆောက်လုပ်မှုကဏ္ဍ | ၁,၃၀၀,၀၀၀.၈ | ၅,၃၃၀,၁၉၃.၁ | ၁,၃၂၄,၂၉၈.၀ | ၂၄.၈ | ၁.၉ |
| ၁၀ | ပို့ဆောင်ရေးကဏ္ဍ | ၃,၅၃၂,၃၁၃.၉ | ၉,၀၂၇,၃၈၃.၆ | ၃,၈၀၈,၅၉၇.၁ | ၄၂.၂ | ၇.၈ |
| ၁၁ | ဆက်သွယ်ရေးကဏ္ဍ | ၇၁၉,၈၉၀.၇ | ၂,၁၃၁,၆၈၂.၂ | ၇၉၈,၇၁၆.၇ | ၃၇.၅ | ၁၀.၉ |
| ၁၂ | ငွေရေးကြေးရေးကဏ္ဍ | ၇၂,၈၄၉.၁ | ၁၆၃,၁၅၉.၆ | ၉၆,၆၁၅.၃ | ၅၉.၂ | ၃၂.၆ |
| ၁၃ | လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ | ၁,၁၆၇,၈၈၉.၀ | ၂,၈၄၉,၉၃၄.၈ | ၁,၂၂၁,၂၈၉.၁ | ၄၂.၉ | ၄.၆ |
| ၁၄ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ | ၈၆၀,၀၉၇.၈ | ၂,၁၁၆,၈၀၀.၄ | ၉၉၃,၅၃၇.၂ | ၄၆.၉ | ၁၅.၅ |
| ၁၅ | ကုန်သွယ်မှုကဏ္ဍ | ၄,၂၂၅,၆၆၆.၄ | ၁၆,၁၂၀,၁၇၂.၂ | ၄,၆၆၈,၆၈၆.၈ | ၂၉.၀ | ၁၀.၅ |
| | ပါဝင်မှုအချိုးအစား(%) | | | | | |
| ၁၆ | လယ်ယာကဏ္ဍကြီး | ၂၃.၃ | ၂၅.၆ | ၂၃.၀ | | |
| ၁၇ | စက်မှုကဏ္ဍကြီး | ၃၄.၁ | ၃၅.၉ | ၃၃.၀ | | |
| ၁၈ | ဝန်ဆောင်မှုကဏ္ဍကြီး | ၄၂.၆ | ၃၈.၅ | ၄၄.၀ | | |

ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

## ဇယား (၂-၂)
## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် တိုင်းဒေသကြီး/ပြည်နယ်အလိုက်အကောင်အထည်ဖော်နိုင်မှုအခြေအနေ
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး- ကျပ်သန်း)

| စဉ် | ကဏ္ဍ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင် အထည်ဖော်နိုင်မှုတန်ဖိုး | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | | | |
|---|---|---|---|---|---|---|
| | | | စီမံကိန်း ရည်မှန်းချက် တန်ဖိုး | ပထမ (၆)လပတ် အကောင် အထည် ဖော်နိုင်မှု တန်ဖိုး | ပထမ (၆)လပတ် အကောင် အထည် ဖော်နိုင်မှု (%) | ပြောင်း လဲ မှု နှုန်း (%) |
| ၁ | ကချင်ပြည်နယ် | ၃၉၈,၂၅၈.၂ | ၁,၆၅၃,၉၁၄.၇ | ၄၂၇,၂၉၄.၉ | ၂၅.၈ | ၇.၃ |
| ၂ | ကယားပြည်နယ် | ၉၄,၇၁၀.၃ | ၂၈၅,၁၀၃.၂ | ၉၈,၅၉၆.၅ | ၃၄.၆ | ၄.၁ |
| ၃ | ကရင်ပြည်နယ် | ၃၅၆,၆၆၉.၆ | ၁,၅၁၁,၆၁၂.၉ | ၃၉၈,၈၉၄.၀ | ၂၆.၄ | ၁၁.၈ |
| ၄ | ချင်းပြည်နယ် | ၉၀,၆၈၈.၉ | ၄၀၅,၆၄၉.၇ | ၁၀၉,၀၃၈.၃ | ၂၆.၉ | ၂၀.၂ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၂,၃၅၅,၂၇၀.၈ | ၉,၇၁၆,၁၉၈.၂ | ၂,၆၅၉,၃၃၆.၂ | ၂၇.၄ | ၁၂.၉ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁,၅၁၂,၅၀၇.၇ | ၃,၅၉၆,၅၃၄.၀ | ၁,၄၆၄,၂၁၁.၃ | ၄၀.၇ | -၃.၂ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၁,၅၂၁,၇၂၆.၅ | ၆,၇၂၃,၁၉၁.၃ | ၁,၆၃၆,၁၆၈.၁ | ၂၄.၃ | ၇.၅ |
| ၈ | မကွေးတိုင်းဒေသကြီး | ၂,၄၄၄,၅၆၉.၆ | ၇,၅၅၆,၀၁၄.၈ | ၂,၅၅၃,၀၈၀.၈ | ၃၃.၈ | ၄.၄ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၂,၅၆၇,၄၇၁.၅ | ၈,၇၃၀,၃၅၇.၆ | ၂,၇၈၈,၆၂၉.၂ | ၃၁.၉ | ၈.၆ |
| ၁၀ | မွန်ပြည်နယ် | ၉၄၄,၈၆၄.၄ | ၃,၂၈၆,၁၂၄.၂ | ၁,၀၂၂,၉၇၂.၉ | ၃၁.၁ | ၈.၃ |
| ၁၁ | ရခိုင်ပြည်နယ် | ၁,၂၅၂,၈၇၂.၃ | ၄,၄၄၀,၀၇၆.၁ | ၁,၂၃၅,၄၄၀.၃ | ၂၇.၈ | -၁.၄ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၅,၉၇၄,၉၉၂.၇ | ၁၉,၂၆၀,၇၀၈.၈ | ၆,၆၄၇,၄၀၄.၈ | ၃၄.၅ | ၁၁.၃ |
| ၁၃ | ရှမ်းပြည်နယ် | ၁,၄၉၃,၈၄၉.၆ | ၄,၈၉၈,၉၈၉.၆ | ၁,၅၇၉,၈၈၇.၇ | ၃၂.၂ | ၅.၈ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၃,၂၉၉,၅၆၁.၇ | ၁၀,၃၅၈,၄၅၇.၉ | ၃,၁၇၉,၁၈၄.၉ | ၃၀.၇ | -၃.၆ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၅၃၈,၅၁၂.၇ | ၁,၇၀၅,၁၉၄.၇ | ၅၅၃,၄၄၉.၆ | ၃၂.၅ | ၂.၈ |

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

## ဇယား (၂-၃)
## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် ကဏ္ဍအလိုက်အကောင်အထည်ဖော်နိုင်မှုအခြေအနေ (၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး- ကျပ်သန်း)

| စဉ် | ကဏ္ဍ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | | | |
|---|---|---|---|---|---|---|
| | | | စီမံကိန်း ရည်မှန်းချက် တန်ဖိုး | ပထမ (၆)လပတ် အကောင် အထည် ဖော်နိုင်မှု တန်ဖိုး | ပထမ (၆)လပတ် အကောင် အထည် ဖော်နိုင်မှု (%) | တိုး တက် မှု နှုန်း (%) |
| ၁ | စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) | ၁၉,၂၈၂,၇၉၁.၀ | ၆၁,၃၂၆,၃၂၈.၆ | ၂၀,၂၄၀,၅၁၄.၄ | ၃၃.၀ | ၅.၀ |
| ၂ | လယ်ယာကဏ္ဍ | ၂,၇၇၆,၅၄၂.၄ | ၁၂,၀၄၀,၆၃၃.၉ | ၂,၇၃၂,၇၈၀.၇ | ၂၂.၇ | - ၁.၆ |
| ၃ | သားငါးကဏ္ဍ | ၂,၂၁၀,၈၀၄.၆ | ၄,၉၂၂,၉၄၇.၉ | ၂,၃၃၉,၄၂၂.၉ | ၄၇.၅ | ၅.၈ |
| ၄ | သစ်တောကဏ္ဍ | ၄၂,၄၈၀.၈ | ၈၁,၆၁၅.၀ | ၁၇,၁၁၂.၂ | ၂၁.၀ | - ၅၉.၇ |
| ၅ | စွမ်းအင်ကဏ္ဍ | ၄၄,၇၃၁.၅ | ၈၄,၆၈၆.၈ | ၃၉,၇၉၈.၇ | ၄၇.၀ | -၁၁.၀ |
| ၆ | သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ | ၂၁၅,၇၇၅.၉ | ၇၀၁,၉၉၁.၅ | ၂၄၃,၈၉၇.၀ | ၃၄.၇ | ၁၃.၀ |
| ၇ | စက်မှုလက်မှုကဏ္ဍ | ၃,၇၄၄,၇၂၃.၆ | ၁၃,၈၆၉,၈၀၁.၆ | ၄,၀၂၃,၇၇၀.၁ | ၂၉.၀ | ၇.၅ |
| ၈ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၃၆၉,၅၈၈.၅ | ၇၄၇,၇၃၀.၁ | ၄၀၀,၅၅၂.၀ | ၅၃.၆ | ၈.၄ |
| ၉ | ဆောက်လုပ်မှုကဏ္ဍ | ၉၅၁,၂၇၄.၂ | ၃,၅၂၆,၄၉၉.၄ | ၉၂၃,၁၉၃.၈ | ၂၆.၂ | -၃.၀ |
| ၁၀ | ပို့ဆောင်ရေးကဏ္ဍ | ၃,၁၀၆,၃၆၂.၂ | ၇,၇၁၁,၅၂၈.၈ | ၃,၃၀၉,၃၇၅.၆ | ၄၂.၉ | ၆.၅ |
| ၁၁ | ဆက်သွယ်ရေးကဏ္ဍ | ၁,၂၅၉,၁၆၂.၉ | ၃,၂၈၃,၀၃၉.၀ | ၁,၃၉၂,၃၈၈.၇ | ၄၂.၄ | ၁၀.၆ |
| ၁၂ | ငွေရေးကြေးရေးကဏ္ဍ | ၉၄,၀၁၁.၀ | ၂၁၀,၅၅၆.၂ | ၁၂၄,၆၈၁.၅ | ၅၉.၂ | ၃၂.၆ |
| ၁၃ | လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ | ၆၄၇,၀၄၁.၀ | ၁,၆၀၀,၁၁၉.၇ | ၆၇၆,၆၃၇.၁ | ၄၂.၃ | ၄.၆ |
| ၁၄ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ | ၆၅၈,၉၂၃.၀ | ၁,၅၈၄,၁၀၁.၃ | ၇၁၈,၅၉၁.၅ | ၄၅.၄ | ၉.၁ |
| ၁၅ | ကုန်သွယ်မှုကဏ္ဍ | ၃,၁၆၁,၃၆၉.၄ | ၁၀,၉၆၁,၀၇၇.၄ | ၃,၂၉၈,၃၁၀.၆ | ၃၀.၁ | ၄.၃ |

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

## ဇယား (၂-၄)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် တိုင်းဒေသကြီး/ပြည်နယ်အလိုက်အကောင်အထည်ဖော်နိုင်မှုအခြေအနေ (၂၀၁၀ -၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး- ကျပ်သန်း)


| စဉ် | ကဏ္ဍ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | | | |
|---|---|---|---|---|---|---|
| | | | စီမံကိန်းရည်မှန်းချက်တန်ဖိုး | ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုး | ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု (%) | တိုးတက်မှုနှုန်း (%) |
| ၁ | ကချင်ပြည်နယ် | ၂၈၉,၈၀၃.၃ | ၁,၂၃၂,၁၀၅.၈ | ၃၀၆,၇၀၈.၀ | ၂၄.၉ | ၅.၈ |
| ၂ | ကယားပြည်နယ် | ၇၈,၄၆၅.၃ | ၂၁၄,၃၂၄.၀ | ၇၈,၅၅၀.၆ | ၃၆.၇ | ၀.၁ |
| ၃ | ကရင်ပြည်နယ် | ၃၀၉,၅၅၂.၄ | ၁,၁၇၂,၉၁၉.၀ | ၃၃၂,၃၂၄.၃ | ၂၈.၃ | ၇.၄ |
| ၄ | ချင်းပြည်နယ် | ၇၄,၀၂၁.၄ | ၂၇၆,၅၀၄.၈ | ၈၃,၂၅၉.၀ | ၃၀.၁ | ၁၂.၅ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁,၉၈၂,၆၆၁.၁ | ၇,၆၀၆,၈၃၅.၄ | ၂,၁၇၈,၈၉၈.၀ | ၂၈.၆ | ၉.၉ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၈၇၇,၆၉၀.၀ | ၂,၀၈၅,၆၅၅.၆ | ၉၂၂,၄၅၁.၅ | ၄၄.၂ | ၅.၁ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၁,၃၂၂,၆၃၇.၄ | ၅,၂၆၉,၄၄၉.၀ | ၁,၃၇၉,၆၃၄.၅ | ၂၆.၂ | ၄.၃ |
| ၈ | မကွေးတိုင်းဒေသကြီး | ၂,၀၀၆,၅၄၁.၂ | ၅,၇၃၆,၃၅၁.၅ | ၂,၀၂၇,၆၉၇.၅ | ၃၅.၃ | ၁.၁ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၂,၂၀၁,၄၈၀.၁ | ၆,၉၂၄,၈၄၉.၄ | ၂,၃၀၄,၆၉၉.၅ | ၃၃.၃ | ၄.၇ |
| ၁၀ | မွန်ပြည်နယ် | ၈၁၈,၆၆၃.၃ | ၂,၆၀၇,၂၃၄.၀ | ၈၆၁,၈၉၀.၄ | ၃၃.၁ | ၅.၃ |
| ၁၁ | ရခိုင်ပြည်နယ် | ၆၇၄,၀၄၉.၂ | ၂,၁၈၈,၂၉၀.၀ | ၆၉၇,၁၁၆.၇ | ၃၁.၉ | ၃.၄ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၅,၀၅၈,၆၉၀.၇ | ၁၄,၇၆၇,၉၇၁.၃ | ၅,၃၅၁,၃၀၆.၇ | ၃၆.၂ | ၅.၈ |
| ၁၃ | ရှမ်းပြည်နယ် | ၁,၂၈၀,၂၅၂.၇ | ၃,၇၆၉,၅၉၂.၀ | ၁,၃၀၉,၂၁၁.၇ | ၃၄.၇ | ၂.၃ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁,၈၉၁,၀၅၆.၉ | ၆,၂၁၃,၅၈၅.၆ | ၁,၉၇၉,၇၅၀.၄ | ၃၁.၉ | ၄.၇ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၄၁၇,၂၂၆.၀ | ၁,၂၆၀,၆၆၁.၂ | ၄၂၇,၀၁၅.၆ | ၃၃.၉ | ၂.၃ |

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

**ငွေကြေးဖောင်းပွမှုနှုန်း။** ၂၀၁၆ခုနှစ် ဩဂုတ်လကုန်အထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၁၁.၄၆ ရာခိုင်နှုန်း ဖြစ်ပါသည်။

**ငွေလဲလှယ်နှုန်း။** နိုင်ငံခြား ငွေလဲလှယ်နှုန်းမှာ ၂၀၁၆ ခုနှစ် ဧပြီလတွင် မြန်မာကျပ်ငွေ လဲလှယ်မှုနှုန်းမှာ ၁၁၇၅ ကျပ်နှုန်း ဖြစ်ပေါ်ခဲ့ရာမှ စက်တင်ဘာလတွင် ၁,၂၅၅ ကျပ် ထိ ငွေလဲလှယ်နှုန်းများ ဆက်တိုက် မြင့်မားလျက်ရှိပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် အမေရိကန် တစ်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်း (ပျမ်းမျှ) မှာ ၁,၁၉၅ ကျပ် ဖြစ်ပေါ်ခဲ့ပါသည်။

**ပုံ (၂-၃) နိုင်ငံခြား ငွေလဲလှယ်နှုန်း**





ဓာတ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြား ငွေလဲလှယ်နှုန်း တည်ငြိမ်စေရန် နိုင်ငံခြားငွေ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခြင်း/ရောင်းချခြင်းကို ဆောင်ရွက်လျက်ရှိပြီး နေ့စဉ်ရည်ညွှန်း နိုင်ငံခြားငွေ လဲလှယ်နှုန်းကို ရုံးဖွင့်ရက်တိုင်း ထုတ်ပြန်ပေးလျက်ရှိပါသည်။ ငွေလဲလှယ်နှုန်း တည်ငြိမ်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေဖြင့် နိုင်ငံခြားငွေ ရောင်း/ဝယ်မှု လိုင်စင်ရဘဏ်များတွင် ဆောင်ရွက်သည့် နိုင်ငံခြားငွေစီးဝင်/စီးထွက်မှုများကို စိစစ်သုံးသပ်ခြင်း၊ နိုင်ငံပိုင်/ကုမ္ပဏီများ၏ နိုင်ငံခြားငွေ လဲလှယ်ရေး ကောင်တာ များတွင် နိုင်ငံခြားငွေ ဝယ်ယူရောင်းချမှု စာရင်းများအား ပြုစုခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**ပြည်ပကုန်သွယ်ရေးအခြေအနေ။** **ပို့ကုန်တန်ဖိုး**မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ် (ယာယီ) စာရင်းများအရ အမေရိကန် ဒေါ်လာ ၅,၉၅၅.၀ သန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ကထက် အမေရိကန် ဒေါ်လာ ၃၉၄.၀ သန်း ပိုမိုတင်ပို့ခဲ့ပါသည်။ **သွင်းကုန်တန်ဖိုး**မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်(ယာယီ) စာရင်းများအရ

အမေရိကန်ဒေါ်လာ ၇,၇၀၉.၂ သန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ကထက် အမေရိကန်ဒေါ်လာ ၂၁၇.၀ သန်း လျော့နည်း တင်သွင်းခဲ့ပါသည်။


### ပုံ(၂-၄) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လ ပို့ကုန်တင်ပို့နိုင်မှု




၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ် (ယာယီ) တွင် ပို့ကုန်အနေဖြင့် ရည်မှန်းချက်၏ ၄၂.၁ ရာခိုင်နှုန်း တင်ပို့နိုင်ခဲ့ပါသည်။ အများဆုံးတင်ပို့သော ကုန်စည်များမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ချုပ်ပြီးအထည်၊ မတ်ပဲ၊ ပဲတီစိမ်း၊ ကျောက်စိမ်းနှင့် ဆန်တို့ဖြစ်ပြီး ပြည်ပပို့ကုန် အများဆုံးတင်ပို့သည့် နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ စင်္ကာပူနိုင်ငံ နှင့် ဂျပန်နိုင်ငံတို့ဖြစ်ပါသည်။

ဓာတ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

### ပုံ(၂-၅) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လ သွင်းကုန်တင်သွင်းနိုင်မှု





၂၀၁၆-၂၀၁၇ ပထမ (၆) လပတ် (ယာယီ) တွင် သွင်းကုန် အနေဖြင့် ရည်မှန်းချက်၏ ၄၄.၇ ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင် ခဲ့ပါသည်။

အများဆုံးတင်သွင်းသော ကုန်ပစ္စည်းများမှာ ရေနံထွက်ပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ စား သောက်ရေးကုန်ကြမ်းများ၊ ဘတ်(စ်)ကားနှင့် ကုန် တင်ကားများ၊သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်း၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ ဖြစ်ပြီး အများဆုံးတင်သွင်းသည့် နိုင်ငံများမှာ တရုတ် ပြည်သူ့ သမ္မတနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန် နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ဖြစ်ကြပါသည်။

ဓာတ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

## ပုံ(၂-၆) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လ ကုန်သွယ်မှုပမာဏ





ဓာတ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ်(ယာယီ) တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၃,၆၆၄.၂ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် လျာထားချက်၏ ၄၃.၅ ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃,၅၃၇.၂ သန်း ဖြစ်ပါသည်။


## ပုံ(၂-၇) ကုန်သွယ်မှု ပိုငွေ/လိုငွေ




ဓာတ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ် (ယာယီ)တွင် စာရင်းများအရ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅,၉၅၅.၀ သန်း နှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇,၇၀၉.၂ သန်း ဆောင်ရွက်နိုင် ခဲ့သဖြင့် ကုန်သွယ်မှုလိုငွေ ကျပ် ၁,၇၅၄.၂ သန်း ဖြစ်ပေါ် ခဲ့ပါသည်။

## ပုံ(၂-၈) ကုန်သွယ်ဘက်နိုင်ငံများ





ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆)လ ပတ် (ယာယီ)တွင် ပြည်ပပို့ကုန်အများဆုံး တင်ပို့သည့် နိုင်ငံများမှာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ထိုင်း နိုင်ငံ၊ အိန္ဒိယနိုင်ငံ စင်္ကာပူနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ ဖြစ်ပါသည်။

ပြည်ပသွင်းကုန် အများဆုံး တင်သွင်းသည့်နိုင်ငံများမှာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ဖြစ်ပါသည်။


## ပုံ (၂-၉) ကုန်ပစ္စည်းအုပ်စုအလိုက် ပို့ကုန်အခြေအနေ




ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆)လ ပတ် (ယာယီ)တွင် လယ်ယာထွက်ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၁,၅၂၈.၀ သန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ အမေရိကန်ဒေါ်လာ ၁,၅၀၄.၈ သန်း၊ စက်မှုကုန်ချောပစ္စည်း အမေရိ ကန် ဒေါ်လာ ၉၇၁.၇ သန်း၊ သတ္တုနှင့် တွင်းထွက် ပစ္စည်း အမေရိကန်ဒေါ်လာ ၂၈၂.၃ သန်းနှင့် ရေထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၂၄၁.၄ သန်း အများဆုံး တင်ပို့နိုင်ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၅,၉၅၅.၀ သန်း တင်ပို့ခဲ့ပါသည်။

**ပုံ(၂-၁၀) ကုန်ပစ္စည်းအုပ်စုအလိုက်သွင်းကုန်အခြေအနေ**




၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းလျာထားချက်တွင် ရင်းနှီးကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၂,၄၁၁.၈ သန်း၊ လုပ်ငန်းတွင်းသုံး ကုန်ကြမ်းနှင့် အရန်ပစ္စည်း အမေရိကန် ဒေါ်လာ ၂,၄၉၈.၉ သန်းနှင့် လူသုံးကုန်ပစ္စည်းတွင် အမေရိကန်ဒေါ်လာ ၂,၇၉၈.၅ သန်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၇,၇၀၉.၂ သန်း တင်သွင်းခဲ့ ပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

**လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေ**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၅၂.၉၁၄ သန်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၅၂.၄၄၉ သန်း ဖြစ်ရာ တစ်နှစ်အတွင်း လူဦးရေ ၀.၄၇ သန်း တိုးတက်ခဲ့ပါသည်။ အမျိုးသားဦးရေမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၅.၄၅ သန်းဖြစ်ပြီး၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် ၂၅.၂၆ သန်း ဖြစ်ရာ ၀.၁၉ သန်း၊ အမျိုးသမီးဦးရေမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၇.၂၂ သန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်၂၆.၉၅ သန်း ဖြစ်ရာ ၀.၂၇ သန်း အသီးသီး တိုးတက်ခဲ့ပါသည်။ လူဦးရေတိုးတက်မှုနှုန်းမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တို့တွင် ၀.၈၈ ရာခိုင်နှုန်း ဖြစ်ပါ သည်။

**လူဦးရေသိပ်သည်းမှု။** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တစ်စတုရန်းကီလိုမီတာလျှင် ၇၈.၂ ဦး ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တစ်စတုရန်း ကီလိုမီတာလျှင် ၇၇.၅ ဦး ဖြစ်ပါ သည်။


**မြို့ပြလူဦးရေ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၅. ၃၁၉ သန်း ရှိရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁၅.၄၆၉ သန်း ဖြစ်ပါသည်။

**ကျေးလက်လူဦးရေ။** ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၃၇.၁၃၀ သန်း ရှိရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၃၇.၄၄၅ သန်း ထိမြင့်တက်ခဲ့ပါသည်။

**အာဆီယံဒေသတွင်းနိုင်ငံများနှင့် လူဦးရေအရွယ်အစားနှိုင်းယှဉ်ချက်။** ၂၀၁၆ ခုနှစ် မြန်မာနိုင်ငံ၏ လူဦးရေသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ခန့်မှန်းလူဦးရေ ၆၄၀ သန်းတွင် ၈.၅ ရာခိုင်နှုန်း ပါဝင်နေပြီး၊ အာဆီယံဒေသတွင်း အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံ (အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်း၊ မြန်မာ၊ မလေးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ စင်ကာပူ၊ ဘရူနိုင်း) တို့တွင် အဆင့်(၅)နေရာတွင် ရှိ၍ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ထိုင်းတို့၏ နောက်တွင် ရပ်တည်နေပါသည်။

**အခြေခံအဆောက်အအုံဆိုင်ရာ အသုံးပြုနိုင်မှု။** စီးပွားရေးအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်အတွင်း ဆောင်ရွက်ခဲ့သည့် အခြေခံအဆောက်အအုံဆိုင်ရာများဖြစ်သည့် လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်မှု၊ ဆက်သွယ်ရေးနှင့် မိုဘိုင်းဖုန်းအသုံးပြုနိုင်မှု၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုနှင့် ခရီးသွားလုပ်ငန်း စသည်တို့အား တင်ပြအပ်ပါသည်။

**ပုံ(၂-၁၁) လျှပ်စစ်ဓာတ်အားတပ်ဆင်အင်အား**





နိုင်ငံပိုင် လျှပ်စစ်ဓာတ်အား တပ်ဆင်ထားသည့် အင်အား အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆)လ ပတ်တွင် တပ်ဆင်ထားသည့်အင်အား ၅,၃၉၇ မဂ္ဂါဝပ် ရှိပြီး စီမံကိန်းရည်မှန်းချက်အပေါ် ၉၅.၂ ရာခိုင်နှုန်း အကောင်အထည်ဖော် နိုင်ခဲ့ပါသည်။ ယခင်နှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် တပ်ဆင်ထားသည့် အင်အားမှ ၅,၀၁၇ မဂ္ဂါဝပ် ရှိသဖြင့် နှိုင်းယှဉ်ကြည့်ပါ က တပ်ဆင်ထားသည့် အင်အား ၃၈၀ မဂ္ဂါဝပ် တိုးတက်တပ်ဆင်နိုင်ပါသည်။

ဓာတ်မြစ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများ

**လျှပ်စစ်ဓာတ်အား သုံးစွဲမှု။** ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ကီလိုဝပ်နာရီ ၉,၄၉၅.၈ သန်း ရှိပါသဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်နှင့် နှိုင်းယှဉ်လျှင် ကီလိုဝပ် နာရီ ၁,၁၅၂.၀ သန်း တိုးတက်ခဲ့ပါသည်။ လျှပ်စစ်မီးရရှိသော ကျေးရွာများမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ၃၁,၆၁၇ ရွာ ဖြစ်ပါ သဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်နှင့် နှိုင်းယှဉ်လျှင် ၁,၂၈၇ ရွာ တိုးတက်ခဲ့ ပါသည်။

**ပုံ(၂-၁၂) လျှပ်စစ်ဓာတ်အားသုံးစွဲမှု**





ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှုအနေဖြင့် ပထမ(၆)လပတ်တွင် တစ်နှစ်လုံး ရည်မှန်းချက် ၏ ၅၄.၂ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါ သည်။ ယခင်နှစ်က အသစ်ဖွင့်လှစ်ခဲ့သော ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ မြို့ကြီးရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ မန္တလေးတိုင်းဒေသကြီးတွင် မြင်းခြံ(V-Power) သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၊ ရန်ကုန်တိုင်းဒေသကြီးတွင် သီလဝါ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်၍ ဓာတ်အား ဖြန့်ဖြူးလျက်ရှိခြင်း နိုင်ငံပိုင် လျှပ်စစ်မီးကို ကျေးရွာများအထိ တိုးချဲ့ဓာတ်အားပေးနိုင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ဓာတ်မြစ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများ

**ဆက်သွယ်ရေးနှင့်မိုဘိုင်းဖုန်းအသုံးပြုနိုင်မှု။** ဆက်သွယ်ရေးအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်အတွင်း အသစ်တပ်ဆင်သည့် အော်တိုတယ်လီဖုန်းလိုင်းမှာ ၁,၃၃၉ ဖြစ်ပါသည်။ မိုဘိုင်းဖုန်းအနေဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်ရီဒူးမြန်မာ လီမိတက်နှင့် တယ်လီနော မြန်မာလီမိတက်တို့မှ စုစုပေါင်း တပ်ဆင်ပြီး မိုဘိုင်းဖုန်း လိုင်းများမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ဆင်းကဒ် ၈.၉ သန်းကျော် ဖြစ်ပါသည်။

**ပုံ(၂ - ၁၃) လူတစ်ထောင်လျှင် သုံးစွဲနိုင်သော တယ်လီဖုန်း**





လူဦးရေ ၁,၀၀၀ လျှင် သုံးစွဲနိုင်သော တယ်လီဖုန်း မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ၊ ပထမ(၆)လပတ်တွင် ၁,၁၉၃ လုံးဖြစ်ပါသည်။ အင်တာနက် အနေဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အော်ရီဒူးမြန်မာ လီမိတက်နှင့် တယ်လီနော မြန်မာလီမိတက်တို့မှ စုစုပေါင်း တပ်ဆင်ပြီး အင်တာနက်လိုင်း အရေ အတွက်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆)လ ပတ်ကုန်အထိ လိုင်း ၄၅ သန်း ထိ သုံးစွဲလျက် ရှိပါသည်။

ဓာတ်မြစ်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန


**ကျန်းမာရေးကဏ္ဍ။** ကျန်းမာရေးကဏ္ဍ အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်ကုန်အထိ ပြည်သူ့ဆေးရုံ ၁,၁၉၁ ရုံ ဖြစ်သဖြင့် ပထမ(၆)လပတ်အတွင်း ပြည်သူ့ဆေးရုံ ၃၈ ရုံ တိုးချဲ့ဖွင့်လှစ် နိုင်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် နိုင်ငံပိုင် ခုတင် ၅၄,၇၀၃ လုံး ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ၅၀,၄၉၃ လုံး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ဆရာဝန် ၄၇,၀၃၀ ဦး ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ၃၂,၈၆၁ ဦး ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် သူနာပြု ၃၆,၂၅၁ ဦး ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ၃၂,၆၀၉ ဦး ဖြစ်ပါသည်။

## ပုံ(၂-၁၄) ဆရာဝန်ဦးရေ




ဓာတ်မြစ်။ ကျန်းမာရေးဝန်ကြီးဌာန


## ပုံ(၂- ၁၅) သူနာပြုဦးရေ




ဓာတ်မြစ်။ ကျန်းမာရေးဝန်ကြီးဌာန

**ပညာရေးကဏ္ဍ။** အခြေခံပညာရေးနှင့်စပ်လျဉ်း၍ နိုင်ငံပိုင်ကဏ္ဍအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် အစိုးရကျောင်း ၄၅,၄၈၆ ကျောင်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ၄၅,၃၇၈ ကျောင်း ဖြစ်ရာ ၁၀၈ ကျောင်း တိုးတက်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ကျောင်းသား ဦးရေထောင်ပေါင်း ၉,၀၇၂ ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ဦးရေထောင်ပေါင်း ၈,၈၇၆ ဖြစ်ရာ ဦးရေထောင်ပေါင်း ၁၉၆ ဦး တိုးတက်ခဲ့ပါသည်။

## ပုံ(၂-၁၆) အခြေခံပညာကျောင်းများအခြေအနေ





ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန

အခြေခံပညာကျောင်းများ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်နှင့် နှိုင်းယှဉ်ရာတွင် အထက်တန်းကျောင်း အရေအတွက် တိုးတက်မှု မရှိခဲ့သော်လည်း မူလတန်းနှင့် အလယ်တန်း ကျောင်းအရေအတွက် တိုးတက်ခဲ့သည်ကိုတွေ့ရှိရပါ သည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် အစိုးရပညာသင်ကျောင်းများတွင် ဆရာ/ဆရာမဦးရေ အထက်တန်းအဆင့်၌ ၄၀,၆၅၃ ဦး၊အလယ်တန်းအဆင့်၌ ၉၈,၉၂၃ ဦးနှင့် မူလတန်းအဆင့်၌ ၂၃၄,၃၃၈ ဦး ဖြစ်ပါသည်။ ကျောင်းသား/ကျောင်းသူဦးရေ အထက်တန်းအဆင့်၌ ၀.၉၆၃ သန်း၊အလယ်တန်းအဆင့်၌ ၂.၈၉၅ သန်းနှင့် မူလတန်းအဆင့်၌ ၅.၂၁၄ သန်း ပညာသင်ကြားလျှက်ရှိပါသည်။

## ပုံ(၂-၁၇)အစိုးရအခြေခံပညာကျောင်းဆရာများ အခြေအနေ





ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန

## ပုံ(၂-၁၈)အစိုးရအခြေခံပညာကျောင်းသားများ အခြေအနေ




ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန

## ပုံ(၂-၁၉) တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များအခြေအနေ





ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ

အဆင့်မြင့်ပညာရေးအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် တက္ကသိုလ် ၁၇၃ ကျောင်း၊ ကျောင်းသား ၈၉၆,၆၉၅ ဦး နှင့် ဆရာ/ ဆရာမ ၂၆,၇၂၉ ဦးဖြစ်ပါသည်။ သက်ကြီးစာတတ် မြောက်မှုနှုန်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လ ပတ် တွင် ကျား-၉၂.၆၀ ရာခိုင်နှုန်း၊ မ-၈၆.၉၀ ရာခိုင်နှုန်း၊ စုစုပေါင်း ၈၉.၆၀ ရာခိုင်နှုန်း ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် တွင် ကျား-၉၂.၆၄ ရာခိုင်နှုန်း၊ မ-၈၆.၈၈ ရာခိုင်နှုန်း စုစုပေါင်း ၈၉.၅၂ ရာခိုင်နှုန်း ဖြစ်ပါသည်။

**နိုင်ငံရပ်ခြားခရီးသည်များ။** မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ၁.၉ သန်းကျော် ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ကမ္ဘာလှည့်ခရီးသည် ရောက်ရှိမှု အနည်းငယ်လျော့နည်းခဲ့သော်လည်း သုံးစွဲခဲ့သည့်နိုင်ငံခြားငွေမှာ ယခင်နှစ် အလားတူ ကာလထက် တိုးတက်ခဲ့ပါသည်။

ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ အလုပ်အကိုင်အခွင့်အလမ်းများအတွက် အဓိကအရေးပါသည့် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဝင်ပေါက်မှ လွယ်ကူလျင်မြန်ဝင်ရောက်နိုင်ရေးဆောင်ရွက်ပေးခြင်း၊ နယ်စပ်ဝင်ပေါက်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊လေယာဉ်ခရီးစဉ်များပိုမိုများပြားလာခြင်းနှင့် e-visa ရရှိရေး စီစဉ်ဆောင်ရွက်ပေးခြင်းစသည်တို့ကြောင့် ခရီးသွားလုပ်ငန်းများ တိုးတက်လျှက်ရှိပါသည်။

**ပုံ(၂ - ၂၀) မြန်မာနိုင်ငံသို့လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်နှင့်သုံးစွဲခဲ့သည့်နိုင်ငံခြားငွေ**




မြန်မာနိုင်ငံသည်ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များ၊ မြန်မာနိုင်ငံသည်ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များ၊ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သော စီးပွားရေးရာကိစ္စရပ်များ၊ လာရောက်လေ့လာ လည်ပတ်လိုသူများ များပြားစွာ ဝင်ရောက်လာလျက်ရှိရာ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာခြင်း၊ နိုင်ငံခြား ခရီးသွားများ လာရောက် လည်ပတ် ရန် စိတ်ဝင်စားသောခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ဆောင်ရွက်ပေးခြင်း၊ နယ်စပ်ဒေသ ဝင်ပေါက်များအား တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်း၊ ပြည်ဝင်ခွင့်ဗီဇာနှင့် ဗီဇာ သက်တမ်းတိုးမြှင့်ပေးရန်အတွက် လွယ်ကူအဆင်ပြေစေရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ e-Visa အားခွင့်ပြုပေးခဲ့ခြင်း၊ အပြည်ပြည်ဆိုင်ရာနှင့် အာဆီယံ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ နှင့် ပူးပေါင်း ဆောင်ရွက်ခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ဇာစ်မြစ်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

ယောဇ(၂-၅)

မြန်မာနိုင်ငံ၏ လူမှုရေးအခြေအနေ

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ် |
|---|---|---|---|
| **လူမှုရေးဖွံ့ဖြိုးတိုးတက်မှု** | | | |
| **လူဦးရေ*** | | | |
| စုစုပေါင်း | ထောင်ပေါင်း | ၅၂,၄၄၉ | ၅၂,၉၁၄ |
| ကျား | ထောင်ပေါင်း | ၂၅,၂၅၅ | ၂၅,၄၄၈ |
| မ | ထောင်ပေါင်း | ၂၇,၁၉၄ | ၂၇,၄၆၆ |
| ကျား/မအချိုး | ရာခိုင်နှုန်း | ၉၃ | ၉၃ |
| မြို့ပြ | ထောင်ပေါင်း | ၁၅,၁၁၉ | ၁၅,၄၆၉ |
| ကျေးလက် | ထောင်ပေါင်း | ၃၇,၁၃၀ | ၃၇,၄၄၅ |
| လူဦးရေတိုးနှုန်း | % | ၀.၈၈ | ၀.၈၈ |
| လူဦးရေသိပ်သည်းမှု | တစ်စတုရန်း ကီလိုမီတာ | ၇၇.၅ | ၇၈.၂ |
| **အခြေခံအဆောက်အအုံဆိုင်ရာသုံးစွဲမှု** | | | |
| လျှပ်စစ်မီးရရှိသောကျေးရွာ | ဦးရေ | ၂၈,၄၃၅ | ၃၁,၆၁၇ |
| **ထုတ်လုပ်မှု** | | | |
| ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှု | ကီလိုဝပ်နာရီ (သန်း) | ၈,၃၄၀.၈ | ၉,၄၉၅.၈ |
| ရေနံစိမ်းထုတ်လုပ်မှု | အမေရိကန် စည် (ထောင်) | ၃,၀၆၉.၄၀၁ | ၂,၆၁၈.၈၇၁ |
| သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု | ကုဗပေ (သန်း ) | ၃၄၄,၁၃၆ | ၃၂၀,၄၂၃ |

**ဇယား (၂-၅)အဆက်**

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ် |
|---|---|---|---|
| **ဆက်သွယ်ရေး** | | | |
| အော်တိုတယ်လီဖုန်းလိုင်းများ | လိုင်း | ၁,၁၀၅ | ၁,၃၃၉ |
| မိုဘိုင်းဖုန်းလိုင်း | လိုင်း | ၈,၈၉၉,၁၅၅ | ၈,၉၈၀,၀၁၇ |
| လူဦးရေ ၁၀၀၀ လျှင်သုံးစွဲနိုင်သော တယ်လီဖုန်း | လုံး | ၇၉၁ | ၁၁၉၃ |
| အင်တာနက်/ အီးမေးလ်လိုင်း | လိုင်း | ၂၈,၀၃၂,၅၁၄ | ၄၅,၀၈၉,၄၀၆ |
| **ကျန်းမာရေး** | | | |
| ပြည်သူ့ဆေးရုံများ | ဦးရေ | ၁၁၅၃ | ၁၁၉၁ |
| ခုတင်(နိုင်ငံပိုင်) | ဦးရေ | ၅၀,၄၉၃ | ၅၄,၇၀၃ |
| ဆရာဝန် | ဦးရေ | ၃၂,၈၆၁ | ၄၇,၀၃၀ |
| သူနာပြု | ဦးရေ | ၃၂,၆၀၉ | ၃၆,၂၅၁ |
| **ပညာရေး(အခြေခံပညာ)** | | | |
| **အစိုးရ** | | | |
| ကျောင်း | ဦးရေ | ၄၅,၃၇၈ | ၄၅,၄၈၆ |
| ကျောင်းသား | ဦးရေ ထောင်ပေါင်း | ၈,၈၇၆ | ၉,၀၇၂ |
| ဆရာ/ဆရာမ | ဦးရေ | ၃၂၂,၅၁၄ | ၃၇၃,၉၁၄ |

ယေား(၂-၅ အဆုံး)

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ် |
|---|---|---|---|
| **ပညာရေး(အဆင့်မြင့်)** | | | |
| **အစိုးရ** | | | |
| ကျောင်း | ဦးရေ | ၁၇၀ | ၁၇၃ |
| ကျောင်းသား | ဦးရေ | ၇၆၇,၂၂၁ | ၈၉၆,၆၉၅ |
| ဆရာ/ဆရာမ | ဦးရေ | ၂၆,၁၅၂ | ၂၆,၇၂၉ |
| **နိုင်ငံရပ်ခြားခရီးသည်များ** | | | |
| ကမ္ဘာလှည့်ခရီးသည်များ | ဦးရေ | ၂,၁၈၈,၉၂၅ | ၁,၉၁၀,၅၅၅ |

မြန်မာနိုင်ငံအနေဖြင့်၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ပထမ(၆)လပတ် စီးပွားရေးတိုးတက်မှုနှုန်းမှာ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆) လပတ်တွင်ဖြစ်ပေါ်ခဲ့သည့် တိုးတက်မှုနှုန်းနှင့် နှိုင်းယှဉ်ပါ က တိုးတက်မှု အနည်းငယ်နှေးကွေးခဲ့ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အနေဖြင့် ၂၄% နှင့် ၄၀% ကြား အကောင်အထည်ဖော်နိုင် ခဲ့ပါသည်။ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆) လကာလအတွင်း မိုးတွင်းကာလဖြစ်သည့် အတွက် စိုက်ပျိုးချိန်တွင် အချို့ဒေသများ၌ ရေကြီးနစ်မြုပ်မှု များဖြစ်ပေါ်ခဲ့ခြင်း၊ အယ်လ်နီညို၏ အကျိုးသက်ရောက်မှုကြောင့် အချို့ ဒေသများတွင် မိုးရွာသွန်းချိန် ပုံမှန်နှစ် များထက် နောက်ကျသဖြင့် သီးနှံများ စိုက်ပျိုးချိန် နောက်ကျခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်မှုနှေးကွေးခဲ့ခြင်းတို့ကြောင့် စီးပွားရေးတိုးတက်မှုနှုန်းမှာ သိသိသာသာတိုးတက်မှု မရရှိခဲ့ပါ။ လူမှုရေးကဏ္ဍအနေဖြင့် ပညာရေးနှင့် ကျန်းမာရေး

ကဏ္ဍ များတွင် ဆရာဝန်၊ သူနာပြု၊ ကျောင်းဆရာ၊ ကျောင်းဆရာမ တိုးတက်ခန့်ထားနိုင်ခဲ့သော်လည်း နယ်စပ်ဒေသများနှင့် သွားလာရန် ခက်ခဲသည့် ဝေးလံဒေသများတွင် ကျန်းမာရေး စောင့်ရှောက်မှု လုံလောက်စွာရရှိရန် လိုအပ်လျက်ရှိပါသည်။

# အခန်း(၃)

## ကဏ္ဍစီမံကိန်းများအကောင်အထည်ဖော်နိုင်မှုအခြေအနေနှင့် လုပ်ငန်းစီမံကိန်းများဆောင်ရွက်နိုင်မှုအခြေအနေ


### ကဏ္ဍစီမံကိန်းများအကောင်အထည်ဖော်နိုင်မှုအခြေအနေ

**လယ်ယာကဏ္ဍ။** ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အခြေခံအကျဆုံးကဏ္ဍ၌ ပါဝင်လျက်ရှိရာ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားစေရန် ရည်ရွယ်၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လယ်ယာကဏ္ဍ၏ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၄,၈၈၇,၆၆၂.၄ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၅.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**
**ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၁) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၂) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လယ်ယာကဏ္ဍ၏ ပထမ(၆)လပတ် ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၃,၁၄၆,၉၄၀.၉ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၂၁.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၁.၆ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

ထိုသို့လျော့နည်းရခြင်းမှာ လယ်ယာကဏ္ဍအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းရည်မှန်းချက်တွင် စုစုပေါင်းသီးနှံစိုက်ဧက ၅၃,၄၀၈,၃၅၇ ဧက စိုက်ပျိုးရန် လျာထားခဲ့သော်လည်းအယ်နီညိုရာသီဥတုကြောင့် မိုးရွာရက်နောက်ကျ၍ မိုးဦးစိုက်သီးနှံများ မစိုက်ပျိုးနိုင်သဖြင့် ပထမ(၆)လပတ်တွင် ၃၄,၇၉၄,၆၄၃ ဧကသာ စိုက်ပျိုးနိုင်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်၃၅,၉၁၅,၈၄၆ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် စိုက်ဧက ၁,၁၂၁,၂၀၃ ဧက လျော့နည်းပြီး ရာခိုင်နှုန်းအားဖြင့် ၃.၁ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

အစီရင်ခံသည့်ကာလတွင် အစေ့ထုတ်ပြောင်းသီးနှံသည် မိုးဦးကာလ၌ မိုးရွာသွန်းမှု လျော့နည်းသဖြင့် စိုက်ပျိုးချိန်နောက်ကျခြင်း၊ အောင်ရေမလုံလောက်ခြင်းတို့ကြောင့် အထွက်တင်း ၁၃.၄ သိန်းကျော် လျော့နည်းထွက်ရှိခဲ့ပါသည်။

ဆီအုန်းစိုက်ပျိုးမှုတွင် အယ်နီညိုရာသီဥတုကြောင့် အစိုဓာတ်များ လွန်စွာဆုတ်ယုတ်မှုဖြစ်ပေါ်ခဲ့၍ ဆီအုန်းပင်၏ Sex Ratio ကွဲလွဲမှု ဖြစ်ပေါ်ရခြင်း၊ သီးပွင့်မှုပုံစံ Flowering Pattern ပြောင်းလဲမှုဖြစ်ပေါ်ခြင်းတို့ကြောင့် ဆီအုန်းအထွက် သီးခိုင်ပိဿာ ၂၀.၇သိန်းကျော် လျော့နည်းထွက်ရှိခဲ့ပါသည်။ ထို့အပြင် ကြက်ပေါင်စေးမှာ မိုးရွာရက်များ၍ အစေးလိုးရက်နည်းခဲ့သဖြင့် အထွက်ပေါင် ၂၃.၆ သန်းကျော် လျော့နည်းထွက်ရှိခဲ့ပါသည်။ အခြားသီးနှံများဖြစ်သည့် ထန်း၊ ကွမ်းသီးနှင့် ကွမ်းရွက်တို့တွင်လည်းအထွက်များလျော့နည်းခဲ့ပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် လယ်ယာကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ (၃-၃)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

အစီရင်ခံသည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်ကာလတွင် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့သည် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ပထမ(၆)လပတ်ထက် တိုးတက်အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

အဓိကအားဖြင့်အဆိုပါ တိုင်းဒေသကြီး/ပြည်နယ်များအနက် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နွေစပါးစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၌ ဆည်ရေများလုံလောက်စွာရရှိသဖြင့် တောင်သူများစိတ်ဝင်စားကြသဖြင့် ပိုမိုစိုက်ပျိုးလာကြခြင်း၊ ရန်ကုန်တိုင်းဒေသကြီးမှာ သက်တမ်းတိုအထွက်ကောင်းမျိုးများအား ရွေးချယ်၍ ပိုမိုစိုက်ပျိုးခဲ့ခြင်း၊ ရေငန်ဝင်နိုင်သည့် အချို့ဧရိယာများတွင် စိုက်ပျိုးချိန်ကာလနှင့် ရေငန်ဝင်နိုင်သည့် ကာလချိန်ညှိ၍ စိုက်ပျိုးခဲ့ခြင်းတို့ကြောင့် ပိုမိုထွက်ရှိခဲ့ပါသည်။

ထို့ပြင် ချင်းပြည်နယ်၏ ဖူးစားပြောင်းစိုက်ပျိုးမှုတွင် စိုက်ပျိုးရေ လုံလောက်စွာရရှိခြင်း၊ ကရင်ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့အနေဖြင့် ကွမ်းရွက်မှာ ဈေးကောင်းရရှိ၍ ပိုမိုစိုက်ပျိုးလာခြင်းတို့ကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်ထက် ပိုမိုထွက်ရှိခဲ့ပါသည်။

အစီရင်ခံသည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်ကာလတွင် တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခုတို့မှာ လျော့နည်းအကောင်အထည်ဖော်ခဲ့ပါသည်။ ထိုသို့လျော့နည်းရခြင်းမှာ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ကြက်ပေါင်စေးအနေဖြင့် မိုးရွာသွန်းမှုများ၍ အစေးလိုးရက်နည်းခြင်း၊ ကယားပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် မိုးဦးစိုက်သီးနှံဖြစ်သည့် အစေ့ထုတ်ပြောင်းအနေဖြင့် မိုးရွာသွန်းမှုနောက်ကျခြင်းတို့ကြောင့် လျော့နည်းထွက်ရှိခဲ့ပါသည်။

ရခိုင်ပြည်နယ်အနေဖြင့် ရွှန်နူ (ROANU) မုန်တိုင်းကြောင့် လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မိုးပိုမိုခဲ့ခြင်း၊ ရေကြီးနစ်မြုပ်ခဲ့ခြင်းတို့ကြောင့် ကွမ်းသီးနှင့်ကွမ်းရွက်များအနေဖြင့် လျော့နည်းထွက်ရှိခဲ့ပြီး ဖူးစားပြောင်းအနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လျော့နည်းထွက်ရှိခဲ့ပါသည်။

**စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးခြင်း**

သီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုအပ်သည့် ရင်းနှီးမြှုပ်နှံငွေများကို စိုက်ပျိုးထုတ်လုပ်သူတောင်သူများသို့ ထုတ်ချေးသည့်သီးနှံများအနက် စပါးသီးနှံကို တစ်ဧကလျှင် ငွေကျပ် ၁၅၀,၀၀၀ နှုန်းဖြင့် တိုးမြှင့်သတ်မှတ်ပြီး၊ အတိုးနှုန်းအနည်းငယ်ဖြင့် သီးနှံအမျိုးအစားအလိုက်လည်းကောင်း၊ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် တောင်သူများအသုံးပြုရန် လိုအပ်သည့် စက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရန် ဖွံ့ဖြိုးရေးချေးငွေအဖြစ်လည်းကောင်း၊ အထူးစီမံချက်ချေးငွေများအဖြစ်လည်းကောင်း နှစ်တိုချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ငွေကျပ် ၁,၂၄၈,၉၆၅.၁၈ သန်း ထုတ်ချေးပေးခဲ့ပါသည်။


**သားငါးကဏ္ဍ။** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သားငါးကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၆,၅၂၃,၀၉၄.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန် ဈေးနှုန်းများ**အရ ၃.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**


ပုံ(၃-၄) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ( ၃-၅) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သားငါးကဏ္ဍ၏ ပထမ (၆) လပတ် ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ** အရ ကျပ် ၂,၈၉၉,၃၁၅.၈ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၄၄.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၅.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်စီမံကိန်းရည်မှန်းချက်တွင် စုစုပေါင်းအသားထုတ်လုပ်မှု ပိဿာ ၁၉၀၆.၄ သန်း ထုတ်လုပ်ရန်လျာထားခဲ့ရာ ပထမ (၆) လပတ်တွင် ပိဿာ ၉၅၅.၉ သန်းကို ထုတ်လုပ်နိုင်ခဲ့သဖြင့် ၅၀.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ စုစုပေါင်းဥထုတ်လုပ်မှုအနေဖြင့် လုံးရေ ၁၂၂၈.၄ သန်း ထုတ်လုပ်ရန်လျာထားခဲ့ရာ လုံးရေ ၆၁၅၄.၃ သန်း ထုတ်လုပ်နိုင်ခဲ့သဖြင့် ၅၀.၃ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ စုစုပေါင်းငါး၊ ပုစွန်ထုတ်လုပ်မှုအား ပိဿာ ၃၄၀၃.၉ သန်း ထုတ်လုပ်ရန် လျာထား ခဲ့ပါသည်။ ပထမ (၆) လပတ်တွင် စုစုပေါင်း ငါး၊ ပုစွန်ထုတ်လုပ်မှုသည် ပိဿာ ၁၅၆၉.၁ သန်း ထုတ်လုပ်နိုင်ခဲ့သဖြင့် ၄၆.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ပုလဲထုတ်လုပ်မှုအနေဖြင့် မိုမီထောင်ပေါင်း ၃၃၄ ထုတ်လုပ်ရန်လျာထားခဲ့ရာတွင် မိုမီထောင်ပေါင်း ၁၃၆.၇ ထုတ်လုပ်နိုင်ခဲ့ဖြင့် ၄၀.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ပထမ (၆) လပတ်တွင် ရေထွက်ပစ္စည်းထုတ်လုပ်မှုသည် ၄၀ ရာခိုင်နှုန်းကျော်သာ အကောင်အထည် ဖော်နိုင်သော်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ထက် တိုးတက်မှုရှိခဲ့ပါသည်။ ထို့အတူ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်မှုသည် ၅၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင် ခဲ့ပါသည်။ ထို့ကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ထက် တိုးတက်သည်ကို တွေ့ရှိရပါသည်။

သားငါးထွက်ပစ္စည်းများအား နိုင်ငံခြားတင်ပို့နိုင်မှု တန်ဘိုးမှာ တိရစ္ဆာန်ထွက်ပစ္စည်း အနေဖြင့် အမေရိကန်ဒေါ်လာ ၃.၁၃ သန်း၊ ရေထွက်ပစ္စည်းများအနေဖြင့် အမေရိကန် ဒေါ်လာ ၂၄၁.၄၂၃ သန်း တင်ပို့နိုင်ခဲ့ပါသည်။ ဖက်စပ်ကုမ္ပဏီများ၊ ပုဂ္ဂလိကကုမ္ပဏီများမှ တင်ပို့နေသော ရေထွက်ပစ္စည်းများကို ပြည်ပမတင်ပို့မီ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ စနစ်တကျ စစ်ဆေး ပေးလျက်ရှိရာတွင် ရေထွက်ပစ္စည်းများဖြစ်သည့် ရေချိုပုစွန်၊ ရေချိုငါး၊ ရေငန်ပုစွန်၊ ရေငန်ငါး၊ ကဏန်း၊ ကျောက်ငါး၊ ကျောက်ပုစွန်၊ ငါးရှဉ့်နှင့် အခြား စုစုပေါင်း ၆၉,၄၉၀.၀၂ တန်ကိုအရည်အသွေး စစ်ဆေးပေးခဲ့ပါသည်။

ကာကွယ်ဆေးအမျိုးမျိုး ထိုးနှံခြင်းတွင် ကြိမ်ရေ ၁၀.၀၅၂ သန်း၊ ကုသပေးခြင်းတွင် ကောင်ရေ ၂.၀၃၂ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ နွားမျိုးကောင်းမျိုးသန့် ပြန့်ပွားရေးအတွက် မေထုန်မဲ့သားစပ်မှုတွင် ကြိမ်ရေ ၁၃,၄၄၀၊ စနစ်တကျသဘာဝသားစပ်မှုတွင် ကြိမ်ရေ ၇၆,၈၃၃ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နွားမျိုးကောင်းမျိုးသန့်ပြန့်ပွားရေးအတွက် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်တို့မှ မျိုးရည်ချောင်း အဆ ၂၈.၅၃၇ သန်းအား ထုတ်လုပ်ခဲ့ပါသည်။ မျိုးရည်ခဲချောင်းများ ထိန်းသိမ်း ထားသိုနိုင်ရန်အတွက် နိုက်ထရိုဂျင် အရည်လီတာ ၁၆.၆၇၃ သန်း ထုတ်လုပ်နိုင်ခဲ့ပါသည်။

ကျေးလက်အသက်မွေးဝမ်းကြောင်းဖွံ့ဖြိုးရေးနှင့် မိသားစုဝင်ငွေ တိုးပွားစေရန် အတွက် မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာပေါင်း ၂,၁၀၇ ရွာ၊ ငွေကျပ် ၆၃.၂၁ ဘီလီယံဖြင့် ဆောင်ရွက်ရန်ရည်မှန်းထားပြီး ပထမ(၆)လပတ်တွင် ကျေးရွာပေါင်း ၂,၀၀၀ ကို ငွေကျပ် ၆၀ ဘီလီယံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသားပေါက် ထုတ်လုပ်မှုတွင် ကောင်ရေ ၄,၉၀၄.၆ သိန်း ထုတ်လုပ်၍ ငါးမျိုးကောင်ရေ ၄,၀၂၂.၂ သိန်း ဖြန့်ဖြူးရောင်းချပေးခြင်း၊ သဘာဝမြစ်ချောင်း အင်းအိုင်များအတွင်းသို့ ငါးမျိုးကောင်ရေ ၈၈၂.၄ သိန်း မျိုးစိုက်ထည့်ပေးခြင်းတို့ကို ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။

အထွက်နှုန်းကောင်း တိရစ္ဆာန်မျိုးများရရှိရန် လိုအပ်နေသေးခြင်း၊ သားငါးထွက်ပစ္စည်း များသည် အရည်အသွေးကောင်းသော စံချိန်စံနှုန်းမှီထွက်ကုန်များဖြစ်ရန် လိုအပ်နေခြင်းတို့ သည် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် စိန်ခေါ်မှုများဖြစ်သကဲ့သို့ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်

ပစ္စည်းများရောင်းချရန်အတွက် အားထားရသည့် ခိုင်မာသောဈေးကွက်မရှိခြင်းသည် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါသည်။ ထို့ကြောင့် ယုံကြည်အားထားနိုင်သည့် အလားအလာကောင်းသော ပြည်တွင်း/ပြည်ပဈေးကွက်ရရှိရေး ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ ပြည်တွင်းမှ တိုးတက်ထုတ်လုပ်လာနိုင်သော်လည်း နယ်စပ်မှဝင်လာသော သားငါးထွက်ပစ္စည်းများထက် ကုန်ကျစရိတ်များလျက်ရှိနေခြင်းကြောင့် ပြည်တွင်းဈေးကွက်အားလည်း ခက်ခက်ခဲခဲထိုးဖောက်နေရသည့် အခြေအနေတွင်ရှိနေပါသည်။ နယ်စပ်မှဝင်လာသည့် ဈေးနှုန်းသက်သာပြီး အရည်အသွေးညံ့သည့် သားငါးထွက်ပစ္စည်းများအား နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ပြည်တွင်းသို့ တင်သွင်းခွင့်မပြုရန်နှင့် မိမိတို့၏ထွက်ကုန်များအား ပြည်ပသို့တင်ပို့နိုင်ရေးအတွက် သတ်မှတ်ချက်အရည်အသွေးနှင့် စစ်ဆေးသည့်ဓာတ်ခွဲခန်းများ၊ တိရစ္ဆာန်စောင့်ကြည့်ထိန်းချုပ်ရေးစခန်းများ၊ FOB Check Point များမှ အရည်အချင်းမီ စစ်ဆေးပေးနိုင်မည်ဆိုပါက မိမိတို့၏ သားငါးထွက်ပစ္စည်းများအနေဖြင့် ပြည်တွင်းပြည်ပ ဈေးကွက်များတွင် အောင်မြင်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် အရည်အသွေးစစ်ဆေးပေးသော ဓာတ်ခွဲခန်းများ၊ တိရစ္ဆာန်စောင့်ကြည့်ထိန်းချုပ်ရေးစခန်းများ၊ FOB Check Point များ ထပ်မံတည်ဆောက်ရန်နှင့် ရှိပြီးသားဓာတ်ခွဲခန်းများအား အဆင့်မြှင့်တင်ပေးနိုင်မည်ဆိုပါက ပြည်သူများအား အစားအစာ ဘေးကင်းလုံခြုံမှုကိုပါ အထောက်အကူပြုမည်ဖြစ်ပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် သားငါးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ (၃-၆)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ချင်းပြည်နယ်အနေဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၅၂.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ်နှင့် နှိုင်းယှဉ်ပါက ၈.၄ ရာခိုင်နှုန်း တိုးတက်ပါသည်။ အဓိကမွေးမြူရေးဖြစ်သည့် နွားနောက်မွေးမြူရေးလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုများ၊ မွေးမြူရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ရရှိစေရန်အတွက် ချေးငွေများပံ့ပိုးကူညီခြင်း၊ တစ်နိုင်တစ်ပိုင်ဟင်းစားမွေးမြူခြင်းမှ စီးပွားဖြစ်မွေးမြူရေးသို့ ပြောင်းလဲဆောင်ရွက်လာခြင်းတို့ကြောင့် ကျွဲနို့နွားနို့နှင့် ကျွဲနွားထွက်ပစ္စည်းများ ထုတ်လုပ်မှု၊ အသားထုတ်လုပ်မှုနှင့် ဥထုတ်လုပ်မှုများ တိုးတက်လာခြင်းတို့ကြောင့်ဖြစ်ပါသည်။ နွားနောက်မွေးမြူရေးလုပ်ငန်းအား ပိုမိုဆောင်ရွက်လာနိုင်ပါက ချင်းပြည်နယ် သားငါးကဏ္ဍ ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အနေဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၄၀ရာခိုင်နှုန်းနီးပါးသာ အကောင်အထည်ဖော်နိုင်သော်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်နှင့် နှိုင်းယှဉ်လျှင် တိုးတက်မှုရှိသည်ကိုတွေ့ရပါသည်။ ဤကာလတွင် ငါး၊ ပုစွန်ထုတ်လုပ်မှုသည်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ထက် ၂ ရာခိုင်နှုန်းခန့်သာ တိုးတက်မှုရှိသော်လည်း ပုဂ္ဂလိကပိုင်အခန်းမှ တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်မှုများ တိုးတက်လျက်ရှိပါသည်။ လာမည့်ပွင့်လင်းရာသီတွင် ငါး၊ပုစွန်ထုတ်လုပ်မှုများလည်း ပိုမိုလာမည်ဖြစ်သဖြင့် ရည်မှန်းချက် ပြည့်မီအောင် အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါ သည်။

ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်များအနေဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၄၀ ရာခိုင်နှုန်းအထက် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ထက်လည်း တိုးတက်အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ အထူးသဖြင့် ယခုရာသီတွင် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်မှုသည် ရေထွက်ပစ္စည်းထုတ်လုပ်မှုထက် ပိုမိုထုတ်လုပ်လျက်ရှိပါသည်။ လာမည့်ပွင့်လင်းရာသီတွင် ငါး၊ ပုစွန် ထုတ်လုပ်မှုများလည်း ပိုမိုလာမည်ဖြစ်သဖြင့် ရည်မှန်းချက်ပြည့်မီအောင် အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါ သည်။


**သစ်တောကဏ္ဍ**။ ပြည်သူတစ်ရပ်လုံး၏ လူနေမှုအဆင့်အတန်း မြှင့်တင်ရေးအတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များကို ထည့်သွင်းပေါင်းစပ်ခြင်းအားဖြင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှု၊ ဟန်ချက်ညီမှုတို့ကိုဖြစ်ပေါ်စေပြီး နိုင်ငံ့စီးပွား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သစ်တောကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၉၁,၈၅၁.၅ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၂၃.၀ ရာခိုင်နှုန်း လျော့နည်းရန် ရည်မှန်းထားပါသည်။


**၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၇) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ( ၃-၈) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သစ်တောကဏ္ဍ၏ ပထမ(၆)လပတ် ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁၉,၆၂၈.၁ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၂၁.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၅၉.၇ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းစဉ်ကို ပံ့ပိုးအားဖြည့်သည့်အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်

အခန်းမှ သစ်ထုတ်လုပ်မှုကို (၁) နှစ် ရပ်ဆိုင်းခဲ့ပါသည်။ ယခုနှစ်ထုတ်လုပ်မှုသည် ယခင်နှစ်မှ လက်ကျန်သစ်များကိုသာ ထုတ်လုပ်ခဲ့ခြင်းကြောင့် လျော့နည်းရခြင်း ဖြစ်ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ် (ဧပြီလမှစက်တင်ဘာလ) တွင် နိုင်ငံပိုင် အခန်းမှ ကျွန်း ၁,၂၄၁ ကုဗတန်၊ သစ်မာ ၉,၈၇၃ ကုဗတန်၊ ကိုင်းဖျားကိုင်းနား ၈၉ ကုဗတန် ထုတ်လုပ်နိုင်ခဲ့ပြီး အခြားသစ်တောထွက်ပစ္စည်းများဖြစ်သည့် တိုင်၊ မျှော၊ ထင်း၊ မီးသွေး၊ ဝါး၊ ကြိမ် အစရှိသည်တို့ကို ထုတ်လုပ်နိုင်ခဲ့ပါသည်။

**သစ်တောသယံဇာတထိန်းသိမ်းရေး**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတအရင်းအမြစ်များ ရေရှည် ထုတ်ယူသုံးစွဲနိုင်ရေးကို ရည်မှန်း၍ သဘာဝတောထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ပဝတ္တိမျိုးဆက်ခြင်း(စိုက်ခင်းတည်ထောင်ခြင်း) ၇,၆၀၀ ဧက၊ ပေါင်းသင်ရှင်းလင်းခြင်း ၂၀,၇၆၉ ဧက၊ ကြိုးဝိုင်းတိုးချဲ့ဖွဲ့စည်းခြင်း ၁၀၃ စတုရန်းမိုင်နှင့် သဘာဝတောတန်ဖိုးမြှင့် စိုက်ပျိုးခြင်း ၉,၅၄၀ ဧကတို့ကို ရာသီအလိုက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် သစ်တောသယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းလုပ်ငန်းများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

**သစ်တောစိုက်ခင်းများတည်ထောင်ရေး**

စိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းများကို စီးပွားရေးစိုက်ခင်း ၅,၇၀၀ ဧက၊ ဒီရေတော စိုက်ခင်း ၁,၀၀၀ ဧကနှင့် ရေဝေရေလဲစိုက်ခင်း ၉၀၀ ဧက တို့ကို တည်ထောင် စိုက်ပျိုးနိုင်ခဲ့ပြီး၊ မိုးရာသီလူထုပျိုးပင် ဖြန့်ဝေခြင်းလုပ်ငန်းတွင် ပျိုးပင်ပေါင်း ၁၁.၅ သန်းကို ဖြန့်ဝေနိုင်ခဲ့ပါသည်။ ထို့အပြင် ပုဂ္ဂလိကကျွန်းစိုက်ခင်း ၃,၅၇၃ ဧကနှင့် ပုဂ္ဂလိကသစ်မာစိုက်ခင်း ၁၀,၂၁၅ ဧက တို့ကို လည်း စိုက်ပျိုးတည်ထောင် ခွင့်ပြုနိုင်ခဲ့ပါသည်။

**အပူပိုင်းဒေသ စိမ်းလန်းစိုပြေရေး**

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စိုက်ခင်းတည်ထောင်ခြင်း ၄,၉၀၀ ဧက၊ သဘာဝတောကျန် များ ထိန်းသိမ်းကာကွယ်ခြင်း ၃၇,၀၀၀ ဧက၊ ထင်းအစားအခြားလောင်စာ တိုးမြှင့်အသုံးချရေး ဆောင်ရွက်ခြင်းတွင် စွမ်းအားမြှင့်မီးဖိုဖြန့်ဖြူးခြင်း ၁၀,၅၃၀ လုံး၊ လောင်စာတုံး သုံးစွဲခြင်း ၁,၆၆၉,၈၈၀ တုံးနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်း သုံးစွဲခြင်း ၇၀,၇၄၂တန်တို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ရေရရှိရေးလုပ်ငန်းတွင် ရေကန်ငယ် ၁၇ ကန်၊ မြေအောက်ရေတွင်း ၂ တွင်း၊ နှန်းတားဆည်ငယ် ၁၂၂ ခု နှင့် မိုးရေစုကန် ၃ ကန် တို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေး**

နိုင်ငံတော်အစိုးရက ဖွဲ့စည်းခဲ့သော အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၊ ဆက်စပ် ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိပါသည်။


ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ မူဘောင် (မူကြမ်း)အား တတိယအကြိမ်ရေးဆွဲခဲ့ပြီး၊ အပြီးသတ်ရေးဆွဲနိုင်ရေးအတွက် လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ဒုတိယအကြိမ် မြန်မာနိုင်ငံ ဆိုင်ရာ အမျိုးသားအဆင့်ဆက်သွယ်မှုအစီရင်ခံစာ ရေးဆွဲပြုစုရေးစီမံကိန်းလုပ်ငန်းများ စတင် ဆောင်ရွက်ခြင်း၊ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်း အစီအစဉ် အပြီးသတ် (မူကြမ်း) ရေးဆွဲခြင်း၊ မြန်မာနိုင်ငံ၏ အစိမ်းရောင်စီးပွားရေးဆိုင်ရာ မူဝါဒနှင့် မဟာဗျူဟာမူဘောင်ရေးဆွဲခြင်း၊ အမျိုးသားအဆင့်နှင့် မြို့တော်အဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာ ရေးဆွဲခြင်းလုပ်ငန်းများကို ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၊ ဌာန ဆိုင်ရာများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အဆိုပြုတင်ပြလာသည့် လုပ်ငန်း စီမံကိန်းများနှင့်ပတ်သက်၍ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း (EIA)၊ ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း (IEE)၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု (EMP) ဆိုင်ရာ အစီရင်ခံစာများအား စိစစ် ပြန်ကြားခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး အစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်မှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် သစ်တောကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၃-၉)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**
**စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**
**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သစ်တောကဏ္ဍအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ တိုင်းဒေသကြီး/ပြည်နယ် အားလုံးနီးပါးတွင် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက အကောင်အထည်ဖော်မှု လျော့နည်းခဲ့ပါ သည်။

သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သစ်တောသယံဇာတ ရေရှည်တည်တံ့စေရန် ရည်ရွယ်ပြီးသစ်တောများ ပြန်လည်ပြုစုထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ရာတွင်လည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ကြီးကြပ်ဆောင်ရွက်လျက် ရှိပါသည်။ ထို့အပြင် နိုင်ငံတော်အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း သစ်ထုတ်လုပ်မှုကို ရပ်ဆိုင်းထားခဲ့ပြီး၊ တရားမဝင်သစ်ထုတ်လုပ်မှုများအပေါ် အရေးယူဆောင်ရွက်မှုများကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးတွင် တရားမဝင်ဖမ်းဆီးသစ်များ လျော့နည်းလာသည်ကို တွေ့ရှိရပါသည်။

**စွမ်းအင်ကဏ္ဍ**။ ခေတ်မီနိုင်ငံတော်ထူထောင်ရန်နှင့်လူမှုစီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စွမ်းအင်လိုအပ်ချက်မှာ မရှိမဖြစ်လိုအပ်ပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စွမ်းအင်လိုအပ်ချက် တိုးမြင့်ဆောင်ရွက်နိုင်မှသာ ဆက်စပ်သည့် အခြေခံအဆောက်အအုံများလည်း တိုးတက်လာမည်ဖြစ်ပါသည်။ သို့မှသာ နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုဘဝဖွံ့ဖြိုး တိုးတက်စေရန်အတွက် စွမ်းအင်ကဏ္ဍသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စွမ်းအင်ကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၄,၉၁၄,၄၈၆.၃ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၁၈.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**


ပုံ(၃-၁၀) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၁၁) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

စွမ်းအင်ကဏ္ဍ၏ ပထမ (၆) လပတ် ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁,၃၆၂,၀၄၄.၃ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၂၇.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၁၁.၀ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

လျော့နည်းရခြင်းမှာ ရေနံတွင်းများသည် သက်တမ်းကြာမြင့်သော တွင်းဟောင်းများဖြစ်သဖြင့် အထွက်နှုန်းများကျဆင်းခြင်း၊ မိုးတွင်းကာလ ရေနံစိမ်းထွက်ရှိမှု နည်းပါးခြင်း၊ မြေယိုင်

ခြင်း၊ မြေသားများကောက်ခြင်းနှင့် ရဲတံခွန်၊ ရတနာ၊ ရွှေသဘာဝဓာတ်ငွေ့ ရေနံမြေတို့မှ လျော့နည်းထွက်ရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

ဘူမိရူပဗေဒ ကွင်းဆင်းလေ့လာရေးအဖွဲ့များသည် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြ ဒေသတွင် ဆိုက်စမစ်လိုင်း ကီလိုမီတာ ၃၂၀.၁၅ နှင့် မကွေးတိုင်းဒေသကြီး ကျောက်ခွက် ဒေသတွင် ကီလိုမီတာ ၁၁၁.၇၂၅ ကို တိုင်းတာပြီးစီးခဲ့ပါသည်။

ကုန်းပိုင်းနှင့်ကမ်းလွန်လုပ်ကွက်များတွင် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ချုပ်ဆို၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ ကုန်းပိုင်းလုပ်ကွက် ၃၀ ကွက်တွင် တာဝန်ခံကုမ္ပဏီ ၂၀ ခုနှင့် အကျိုးတူပူးပေါင်းကုမ္ပဏီ ၁၄ ခု၊ စုစုပေါင်းကုမ္ပဏီ ၃၄ ခု၊ ကမ်းလွန်လုပ်ကွက် ၃၈ ကွက်တွင် တာဝန်ခံကုမ္ပဏီ ၂၁ ခုနှင့် အကျိုးတူပူးပေါင်းကုမ္ပဏီ ၁၂ ခု၊ စုစုပေါင်း ကုမ္ပဏီ ၃၃ ခုတို့မှ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် ထိုင်းနိုင်ငံ PTT ကုမ္ပဏီသို့ ရတနာသဘာဝဓာတ်ငွေ့ရေနံမြေ၊ ရဲတံခွန် သဘာဝဓာတ်ငွေ့ရေနံမြေနှင့် ဇောတိကသဘာဝဓာတ်ငွေ့ရေနံမြေတို့မှ ကုဗပေ ၁၉၃,၀၄၈.၆၄၀၅ သန်း ရောင်းချခဲ့ပါသည်။

ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ကုဗပေ ၆၇,၃၀၄.၆၆၃၃ သန်း ရောင်းချခဲ့ပါသည်။

ရတနာသဘာဝဓာတ်ငွေ့မြေ၊ ဇောတိကသဘာဝဓာတ်ငွေ့ရေနံမြေနှင့် ရွှေသဘာဝဓာတ်ငွေ့ ရေနံမြေတို့မှ ပြည်တွင်းသုံးစွဲမှုအတွက် ကုဗပေ ၅၅,၆၈၃.၃၁၀၆ သန်း ပို့လွှတ်ခဲ့ပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စွမ်းအင်ကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

**ပုံ (၃-၁၂)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ


စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှအပ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ထုတ်လုပ်မှုများ လျော့နည်းခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်နှင့် ရွှေပြည်သာရေနံမှော်တို့၏ ရေနံတွင်းများမှရေနံစိမ်းများ ပိုမိုထွက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီးတွင် ဘူးသွင်းသဘာဝဓာတ်ငွေ့များ ပိုမိုထုတ်လုပ်နိုင်ခြင်းတို့ကြောင့် တိုးတက်ခဲ့ရခြင်းဖြစ်ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၉၄၄,၆၅၀.၆ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၁၁.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။


**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၁၃) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၁၄)တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ ပထမ(၆)လပတ်ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၃၅၂,၁၈၃.၇ သန်း ရရှိခဲ့သဖြင့် နှစ်စဉ်စီမံကိန်းရည်မှန်းချက်အပေါ် ၃၇.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၁၃.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် စက်မှုတွင်းထွက်ကုန်ကြမ်း ထုတ်လုပ်မှုများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံပိုင်သတ္တုတွင်းလုပ်ကွက် (၁၉) ကွက်၊ ပုဂ္ဂလိကပိုင် ဓာတ်သတ္တုလုပ်ကွက် (၂၂၈) ကွက်တို့ကို ထပ်မံ၍စာချုပ်ချုပ်ဆို ဆောင်ရွက်ခဲ့ပါသည်။ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများကို လုပ်ကွက် (၁၈,၃၉၇) ကွက်မှ ထုတ်လုပ်ခဲ့ပါသည်။

ခဲမဖြူအဖြိုက်နက်တူးဖော်ရေးကို ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး၊ ရွှေသတ္တုတူးဖော်ရေးကို ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ခနောက်စိမ်းသတ္တုရိုင်း

ကို ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မီးသွေးကို မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်စိမ်းကို ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကျောက်မျက်ရတနာကို ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့ရှိ လုပ်ကွက်များမှ ထုတ်လုပ်ခဲ့ပါသည်။

မြေပေါ်/မြေအောက်ရှိ သဘာဝသယံဇာတဓာတ်သတ္တု အရင်းအမြစ်များကို ဖော်ထုတ်ရာတွင် အခြေခံကျသော ဒေသန္တရဘူမိဗေဒမြေပုံ ရေးဆွဲရေးလုပ်ငန်းများ၊ ဓာတ်သတ္တုရှာဖွေစမ်းသပ်တိုင်းတာရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ (၃-၁၅)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဓာတ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ကုန်အထိ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်မှုသည် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်တွင် သံသတ္တုသန့်စင် ပိုမိုထုတ်လုပ်နိုင်ခဲ့ပြီး ဧပြီလမှ မေလအတွင်း ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။ မိုးတွင်းကာလလုပ်ငန်းယာယီရပ်နားသည့် လုပ်ကွက်များရှိသော်လည်း ကျန်လုပ်ကွက်များမှာ ပုံမှန်ထုတ်လုပ်လျက်ရှိပါသည်။ ခဲနှင့်ရောရာသတ္တုရိုင်း ထုတ်လုပ်မှုတွင် သတ္တုတွင်း ပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ကယားပြည်နယ်တွင် ခဲမဖြူ၊ အဖြိုက်နက်၊ ရှီးလိုက်ရောရာ သတ္တုတူးဖော်ထုတ်လုပ်သည့် မော်ချီးသတ္တုတွင်းဧရိယာအတွင်း သတ္တုလုပ်ကွက်များ သုံးလခန့် ယာယီရပ်ဆိုင်းထားပြီး ပြန်လည်ဖွင့်လှစ်ရာတွင် သဘာဝဘေးအန္တရာယ်ကြောင့် သတ္တုလုပ်သားများ ပြန်လည်ဝင်ရောက်မှုနည်းပါးခြင်း၊ မိုးတွင်းကာလတွင် အချို့လုပ်ကွက်များ ရပ်နားထားခြင်းတို့ ဖြစ်ပေါ်ခဲ့သောကြောင့် စီမံကိန်းလျာထားချက်အပေါ် အကောင်အထည်ဖော်မှုနည်းနေခြင်းဖြစ်ပါသည်။

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျောပြင်တောင်နှင့် မိကရင်တောင်တို့တွင် ညီညွတ်သော ဘိလပ်မြေ ကုမ္ပဏီလီမိတက်မှ အသစ်တည်ဆောက်မည့် ကုမ္ပဏီပိုင် ဘိလပ်မြေစက်ရုံအတွက် ပုဂ္ဂလိက ထုံးကျောက်ထုတ်လုပ်မှုများ ယခင်နှစ်ထက် ပိုမိုခဲ့ပါသည်။ သံတိုင်တောင်နှင့် အကလိပ်တောင်ဒေသတွင် ၂၀၁၆ ခုနှစ်၊ ဖွန်လမှစတင်၍ မြေစေး စတင်ထုတ်လုပ်နိုင်ခဲ့ပြီး ခနောက်စိမ်းသတ္တုသန့်စင် ထုတ်လုပ်သည့် သဖြူကုမ္ပဏီသည် ဆင့်တက်ပြုပြင်မှုအတွက် လိုအပ်သောစက်ပစ္စည်းများ စုဆောင်းနေရပြီး မိုးရွာသွန်းမှုများ၍ လုပ်ကွက်များ ပြန်လည် ပြုပြင်ခြင်းကိုဆောင်ရွက်နေသဖြင့် အကောင်အထည်ဖော်မှု နည်းနေခြင်းဖြစ် ပါသည်။

ချင်းပြည်နယ်တွင် ယခင်နှစ်က သဘာဝဘေးကြောင့်ပျက်စီးသွားသော လမ်း၊ တံတား၊ အဆောက်အဦ ဆောက်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သောကျောက်စရစ်နှင့် လမ်းခင်း ကျောက် ထုတ်လုပ်မှုများ ပိုမိုခဲ့ပါ သည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြေးနီနှင့်ရောရာသတ္တုရိုင်းကို ပိုမိုထုတ်လုပ်နိုင်ခဲ့ခြင်း၊ တကောင်းတောင်ဒေသ ဖယ်ရိုနီကယ် ထုတ်လုပ်ရေးစီမံကိန်းမှ Electric Furnace (၂) ခုလုံး စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ခဲ့ပြီး ဧပြီလမှမေလအတွင်း ကျောက်စိမ်းထုတ်လုပ်မှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်းနှင့် မြန်မာဝမ်ပေါင် ကော့ပါးမိုင်းနင်းကုမ္ပဏီလီမိတက်တို့၏ အကျိုးတူလုပ်ကွက်အသစ်မှ ကြေးနီသတ္တုစင်ထုတ်လုပ်မှုကို ၂၀၁၆ ခုနှစ် မေလတွင် စတင်ထုတ်လုပ်ခြင်းတို့ကြောင့် ယခင်နှစ်အလားတူကာလထက် တိုးတက်ခြင်းဖြစ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး ခဲမဖြူသတ္တုသန့်စင် ထုတ်လုပ်မှုတွင် ထားဝယ်မြို့နယ်ရှိ ဟိန္ဒား သတ္တုတွင်းသည် Jig ပြုပြင်နေရခြင်း၊ စက်ယန္တရားများ လုံလောက်မှုမရှိခြင်းနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်း၊ တနင်္သာရီမြို့နယ်ရှိ သိန္ဓောသတ္တု

တွင်းသည် လုပ်ငန်းသုံးရေ လုံလောက်မှုမရှိသဖြင့် အပြည့်အဝမထုတ်လုပ်နိုင်ခြင်းနှင့် အသေးစား လုပ်ကွက်အချို့ ပြန်လည်အပ်နှံခဲ့ခြင်းတို့ ဖြစ်ပေါ်ခဲ့ပါသည်။ အဖြိုက်နက်သတ္တုသန့်စင် ထုတ်လုပ်မှုတွင် အဖြိုက်နက်သတ္တုပါဝင်မှုများသော သတ္တုရိုင်းများ တူးဖော်မရရှိခဲ့ပါ။ ခဲမဖြူ၊ အဖြိုက်နက် ရောရာထုတ်လုပ်သည့် ကံပေါက်သတ္တုတွင်းသည် သတ္တုမြေစာ စုဆောင်းနေရခြင်းနှင့် ကလုံးတာ သတ္တုတွင်း၊ ဟာမြင်းကြီး သတ္တုတွင်းတို့မှ ထုတ်လုပ်မှုမရှိခြင်းတို့ကြောင့် အကောင်အထည် ဖော်မှု နည်းခဲ့ပါသည်။ သို့ရာတွင် ၂၄နာရီသတ္တု တူးဖော်ရေးကုမ္ပဏီ၏ ထုံးကျောက်ထုတ်လုပ်မှု၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်းအောက်ရှိ မြန်မာရူဘီကုမ္ပဏီ၏ ဂေါဒန် ကျောက်ထုတ်လုပ်မှုများ တိုးတက်ခဲ့သဖြင့် တိုးတက်ခြင်းဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးတွင် ပုဂ္ဂလိကကျောက်အမျိုးမျိုးထုတ်လုပ်မှုများ၌ သဲနှင့်ကျောက်စရစ် ထုတ်လုပ်မှုများ လျော့နည်းခဲ့ပါသည်။

မကွေးတိုင်းဒေသကြီးတွင် အမှတ်(၁)သတ္တုတွင်း လုပ်ငန်းအောက်ရှိ ပုဂ္ဂလိကပိုင် ကျောက်မီးသွေး ပိုမိုထုတ်လုပ်နိုင်သည့်အပြင် ကျောက်မာ၊ မြစ်ကျောက်စရစ်များ ပိုမိုထုတ်လုပ် နိုင်ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးတွင် ခဲနှင့်ရောရာသတ္တုရိုင်း လုပ်ကွက်အချို့သည် သတ္တုတွင်း ပြုပြင်ခြင်းနှင့် လုပ်သားအင်အားလျော့နည်းခြင်း၊ ခနောက်စိမ်းသတ္တု သန့်စင်ထုတ်လုပ်သည့် မြတ်သူဇာကုမ္ပဏီသည် ဆင့်တက်ပြုပြင်မှုအတွက် စက်ပစ္စည်းများ စုဆောင်းနေရပြီး မိုးရွာသွန်း မှုများသဖြင့် လုပ်ကွက်များပြန်လည်ပြုပြင်နေခြင်း၊ ဘရိုက်တီးကျောက်မှုန့်သည် ပြည်တွင်း၊ ပြည်ပဝယ်လိုအားမရှိခြင်း၊ ရွှေစင်အကြီးစားထုတ်လုပ်မှု၌ အဓိကလုပ်ကွက်များတွင် ရွှေပါဝင် နှုန်းနည်းလာခြင်း၊ ရွှေစင်အသေးစား ထုတ်လုပ်မှုတွင် လုပ်ကွက်အများစုမှာ သက်တမ်းတိုး လျှောက်ထားဆဲဖြစ်ခြင်း၊ ရွှေထွက်ရှိမှုနည်း၍ လုပ်ငန်းအချို့ ပြန်လည်အပ်နှံခြင်းတို့ကြောင့် ထုတ်လုပ်မှုလျော့နည်းခဲ့ပြီး စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်မှု နည်းရခြင်း ဖြစ်ပါသည်။

မွန်ပြည်နယ်တွင် အမှတ်(၁)သတ္တုတွင်း လုပ်ငန်းအောက်ရှိ ကုမ္ပဏီများမှ ထုံးကျောက် ထုတ်လုပ်မှုနှင့် ရွှံ့စေးဖြူတို့ကို တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့သော်လည်း ခနောက်စိမ်းသတ္တုရိုင်း လုပ်ကွက်အချို့သည် နယ်မြေလုံခြုံမှုအရ ရပ်နားထားရခြင်းနှင့် ပြန်လည်ပြုပြင်နေခြင်းတို ဆောင်ရွက်လျက်ရှိပါသည်။

ရခိုင်ပြည်နယ်တွင် မာဘယ်လ်ကျောက် (အလှဆင်) ထုတ်လုပ်မှု၌ MYANMAR SIMCO SONG DA Joint Stock Co,.Ltd ၏ တောင်ကုတ်မြို့နယ်၊ နေပူတောင်ဒေသ လုပ်ကွက်မှ အပေါ်ပိုင်းကျောက်များမှာ ယခင်စက်မှုဝန်ကြီးဌာနမှ အလှဆင်ကျောက် ထုတ်ခဲ့စဉ် က ယမ်းအသုံးပြုခဲ့သောကြောင့် ကျောက်အနာများပါဝင်နေသဖြင့် ပေ (၃၀)မှ ပေ (၅၀)အောက်

အထိရောက်အောင် အနာမပါသည့်ကျောက်များကိုတူးဖော်ရခြင်း၊ ဒိုလိုမိုက်ကို ဝယ်လိုအားပေါ်မူတည်၍ ထုတ်လုပ်ခြင်းတို့ကြောင့် လျာထားချက်အပေါ် အကောင်အထည်ဖော်မှုနည်းပြီး ထုတ်လုပ်မှု အနည်းငယ်လျော့နည်းခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် အမှတ် (၂) သတ္တုတွင်းလုပ်ငန်းအောက်ရှိ နိုင်ငံပိုင် ခဲမဖြူသတ္တုသန့်စင်စက်ရုံ (သန်လျင်) ၌ 5 Tons မီးဖိုကြီးပြင်ဆင်ခြင်း၊ စက်မှုနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ပြင်ဆင်ခြင်းနှင့် ကုန်ကြမ်းပစ္စည်းများ စုဆောင်းခြင်းစသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် လျာထားချက်အပေါ် အကောင်အထည်ဖော်မှုနည်းခြင်းဖြစ်ပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်းရှိ နိုင်ငံပိုင် အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်)၏ သံသတ္တုရိုင်းအမယ်သစ်ထုတ်လုပ်မှုပါဝင်လာခြင်း၊ သွပ်နှင့်ရောရာသတ္တုရိုင်း ပိုမိုထုတ်လုပ်ခြင်း၊ ထုံးကျောက်ကို လုပ်ကွက်သစ်များမှ ထုတ်လုပ်နိုင်ခြင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်ရှိ စံလောင်း (အကြီးစား)၊ တန့်ယန်းမြို့နယ်ရှိ ထွန်းကြွယ်ပေါ(အကြီးစား/အသေးစား)၊ သိန္နီမြို့နယ်ရှိ အလင်းသစ်ခုနှစ်ကုမ္ပဏီများ၏ လုပ်ကွက်များမှ ကျောက်မီးသွေးများ၊ မန်ကောင်းဒေသမှ ဂေါဒန်ကျောက်များကို တိုးမြှင့်ထုတ်လုပ် နိုင်ခြင်းတို့ကြောင့် ထုတ်လုပ်မှုပိုမိုခဲ့ပါသည်။


ရောဝတီတိုင်းဒေသကြီးတွင် နိုင်ငံပိုင် ထုံးကျောက်နှင့် ပုဂ္ဂလိက ကျောက်အမျိုးမျိုးတို့ကို ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။

နေပြည်တော်ကောင်စီနယ်မြေတွင် နိုင်ငံပိုင်အခန်း၌ အကျဉ်းဦးစီးဌာနမှ ကျောက်မာ ထုတ်လုပ်မှုနှင့်ပုဂ္ဂလိကကျောက်အမျိုးမျိုး၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းအောက်ရှိ မက်စ်မြန်မာ ကုမ္ပဏီမှ ထုံးကျောက်များ ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။


**စက်မှုလက်မှုကဏ္ဍ။** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၇,၉၃၀,၁၄၄.၀ သန်း အကောင် အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၁၀.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**
**ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၁၆) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၁၇) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

စက်မှုလက်မှုကဏ္ဍ၏ ပထမ(၆)လပတ် ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၅,၀၉၅,၃၃၀.၉ သန်း ရရှိခဲ့သဖြင့် **စီမံကိန်းရည်မှန်းချက်အပေါ်** ၂၈.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၇.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍတွင် ဆန်၊ စားသုံးဆီ၊ ချုပ်ပြီးအထည်၊ ဘိလပ်မြေ ထုတ်လုပ်မှုများမှာ ယခင်နှစ်အလားတူကာလထက် ပိုမိုတိုးတက်ခဲ့ပါသည်။ နိုင်ငံပိုင်အခန်းတွင် အဓိကအားဖြင့် စက်မှုဝန်ကြီးဌာနအောက်ရှိ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းတို့၏ ထုတ်လုပ်မှုများမှာ ယခင်နှစ် အလားတူကာလထက် တိုးတက်ခဲ့ပါသည်။ နိုင်ငံပိုင်စက်ရုံများအနေဖြင့် ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသော အရည်အသွေးပြည့်ဝသည့် ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေး၊ စက်ရုံများကို စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် အဆင့်မြှင့်တင်နိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ပါသည်။

**အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး**

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အစီအစဉ်များအဖြစ် ရန်ကုန်၊ တောင်ကြီး၊ ပုသိမ်၊ မိတ္ထီလာ၊ မန္တလေး၊ ထားဝယ်၊ ဟားခါး၊ ဖါးကုန်း၊ မော်လမြိုင်၊ တပ်ကုန်း၊ ပျဉ်းမနား၊ ပုပ္ပသီရိ၊ ဒက္ခိဏသီရိ၊ လယ်ဝေးတို့တွင် ဆွေးနွေးပွဲများပြုလုပ်ပေးခဲ့ပါသည်။ ပင်းတယတွင် လက်ဘက်ခြောက်ထုတ်လုပ်မှု၊ သံဖြူဇရပ်၊ စစ်တွေ၊ ရန်ကုန်တို့တွင် ဆားထုတ်လုပ်မှု စသည့်နည်းပညာ ပံ့ပိုးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ မန္တလေးနှင့် မိုးကုတ်တို့တွင် ကော်ဖီစိုက်ပျိုးမှုနှင့် ထုတ်လုပ်မှု၊ မကွေးတိုင်းဒေသကြီး မြို့နယ် (၁၀) ခုတွင် ဆပ်ပြာထုတ်လုပ်မှု စသည့်နည်းပညာများ လွှဲပြောင်းပေးခြင်း၊ ပဲခူး၊ မန္တလေးနှင့် ရန်ကုန်တို့တွင် Foundry & Forging၊ ရန်ကုန်တွင် ချည်ထည်ဆေးဆိုးခြင်း၊ သရက်သီးမှ Juice၊ Bar ၊ Candy ထုတ်လုပ်မှု စသည့်နည်းပညာဖြန့်ဝေခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

SME Potential Cluster များအားပံ့ပိုးပေးခြင်း အစီအစဉ်များအဖြစ် မိတ္ထီလာတွင် ယက္ကန်းလုပ်ငန်းအစုအဖွဲ့အား Marketing Training ပြုလုပ်ပေးခြင်း၊ တောင်ကြီးတွင် လက်ဘက်ခြောက်လုပ်ငန်းအစုအဖွဲ့အား အရည်အသွေးမီ လက်ဖက်ခြောက်နည်းပညာ ပံ့ပိုးပေးခြင်းနှင့် ပင်းတယတွင် လက်ဘက်ခြောက်လုပ်ငန်းအစုအဖွဲ့အား ထင်းအစား နေရောင်ခြည်သုံးနိုင်ရန် ပံ့ပိုးပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်စာရင်းများအရ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စက်မှုလက်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၃-၁၈)**

**၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့မှာ လယ်ယာထွက်သီးနှံ ကြိတ်ခွဲထုတ်လုပ်မှုတွင် ယခင်နှစ်အလားတူကာလထက် ပိုမိုတိုးတက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်ကုန်အထိ အကြီးစားလုပ်ငန်း ၆,၂၄၉ ခု၊ အလတ်စားလုပ်ငန်း ၉,၅၀၃ ခု၊ အငယ်စားလုပ်ငန်း ၃၈,၃၆၀ ခု၊ စုစုပေါင်းလုပ်ငန်း ၅၄,၁၁၂ ခုတို့မှာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့တွင် မှတ်ပုံတင်ထားရှိပြီး ဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်မှုဇုန်အသီးသီးတွင် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အကြီးစားလုပ်ငန်း ၂,၆၄၃ ခု၊ အလတ်စားလုပ်ငန်း ၂,၁၁၉ ခု၊ အငယ်စားလုပ်ငန်း ၁,၉၈၄ ခု၊ စုစုပေါင်းလုပ်ငန်း

၆,၇၄၆ ခုတို့မှာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၏ထုတ်လုပ်မှုများမှာ ယခင်နှစ်အလားတူကာလထက် ပိုမိုတိုးတက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ တည်ဆောက်ပြီး စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ခွင့်ပြုပြီး မြေကွက်များတွင် စက်ရုံများ စနစ်တကျ ပေါ်ထွန်းလာရေး၊ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်စေရေးတို့ကို တာဝန်ရှိအဖွဲ့အစည်းများမှ စနစ်တကျ ကြပ်မတ်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။ ထို့ပြင် စက်မှုဇုန်များအတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး အပါအဝင် အဓိကကျသည့် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများရရှိရေး ဆောင်ရွက်ပေးရန်နှင့် ထုတ်ကုန်များအတွက် ဈေးကွက်ရရှိရေး တို့ကိုလည်း ကူညီပံ့ပိုးပေးရန် လိုအပ်မည်ဖြစ်ပါသည်။ ဒေသအသီးသီးတွင် ထပ်မံတည်ဆောက်ရန် လျာထားသည့် စက်မှုဇုန်များ စနစ်တကျ ပေါ်ထွန်းလာစေရေးအတွက် အဓိကကျသည့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းတည်ဆောက်ပေးနိုင်ရေးကို တစ်ပြိုင်တည်း ဖော်ဆောင်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

စက်မှုလက်မှုကဏ္ဍ၏ ပုဂ္ဂလိကပိုင်အခန်း ထုတ်လုပ်မှုတွင် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှာ အများဆုံးပါဝင်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံအလုပ်ရုံများအနက် စားသောက်ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဝတ်ဆင်ရေးပစ္စည်းထုတ်လုပ်မှုနှင့် လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုတို့မှာ အများဆုံးဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် စားသောက်ကုန်ပစ္စည်းထုတ်လုပ်မှု၊ အထွေထွေစက်ရုံအလုပ်ရုံ၊ သစ်အခြေခံ နေထိုင်ရေးဆိုင်ရာ စက်ရုံအလုပ်ရုံနှင့် အထည်အလိပ်နှင့်သက်ဆိုင်သည့် ဝတ်ဆင်ရေးဆိုင်ရာလုပ်ငန်းတို့မှာ အများဆုံးဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီးတွင် စားသောက်ကုန်ပစ္စည်းထုတ်လုပ်မှု၊ အထွေထွေစက်ရုံအလုပ်ရုံ၊ အထည်အလိပ်နှင့်သက်ဆိုင်သည့် ဝတ်ဆင်ရေးဆိုင်ရာလုပ်ငန်း၊ နေထိုင်ရေးဆိုင်ရာ စက်ရုံအလုပ်ရုံတို့မှာ အများဆုံးဖြစ်ပါသည်။ မကွေးတိုင်းဒေသကြီးတွင် စားသောက်ကုန်ပစ္စည်းထုတ်လုပ်မှု၊ အထွေထွေစက်ရုံအလုပ်ရုံ၊ နေထိုင်ရေးဆိုင်ရာ စက်ရုံ အလုပ်ရုံ၊ အထည်အလိပ်နှင့်သက်ဆိုင်သည့် ဝတ်ဆင်ရေးဆိုင်ရာလုပ်ငန်းတို့မှာ အများဆုံး ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စားသောက်ကုန်ဆိုင်ရာ ဆန်စက်လုပ်ငန်း၊ အထွေထွေစက်ရုံအလုပ်ရုံ၊ နေထိုင်ရေးဆိုင်ရာ စက်ရုံအလုပ်ရုံတို့မှာ အများဆုံး ဖြစ်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စက်မှုလက်မှုရပ်ကွက်များ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရန်အတွက် နည်းပညာ၊ အရင်းအနှီးစသည့် ထောက်ပံ့မှုများကို တာဝန်ရှိအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဒေသအာဏာပိုင်များမှ ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးရန် လိုအပ်မည် ဖြစ်ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို မြို့ကြီးများသာမက ကျေးလက်ဒေသများအထိ ဖြန့်ဖြူးပေးနိုင်ရန်နှင့် စီးပွားရေးအသွင်ဆောင်သော လျှပ်စစ်လုပ်ငန်းများ ဖြစ်ပေါ်နိုင်ရန်အတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁,၁၀၇,၈၁၃.၈ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၆.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**


ပုံ(၃-၁၉) အကောင်အထည်ဖေါ်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၂၀) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လျှပ်စစ်ဓာတ်အားကဏ္ဍ၏ ပထမ(၆)လပတ် ထုတ်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၅၆၆,၄၀၅.၆ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၅၁.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၈.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် မြို့အားလုံး မီးလင်းပြီး ဖြစ်ပါသည်။ ကျေးရွာ အလိုက် မီးလင်း မှုတွင် နိုင်ငံပိုင်ဓာတ်အားလိုင်းဖြင့် ၁၀,၄၃၅ ရွာ မီးပေးနိုင်ခဲ့ပြီး အခြား ဒီဇယ်မီးစက်၊ အသေးစားရေအား၊ ဆိုလာ၊ ဇီဝဓာတ်ငွေ့(Bio gas/ Bio mass)၊ လေအား စသည်တို့နှင့် ၂၁,၁၈၂ ရွာ စုစုပေါင်း ၃၁,၆၁၇ ရွာ မီးလင်းခဲ့ပြီး နိုင်ငံအတွင်း ကျေးရွာအလိုက်

မီးလင်းမှုမှာ ၄၉.၅ ရာခိုင်နှုန်းရှိပါသည်။ ပထမ (၆) လပတ်တွင် ၁,၂၈၇ ရွာ ထပ်မံ မီးလင်းရန် ဆောင်ရွက်ခဲ့ပါသည်။

ယခင်နှစ်ကအသစ်ဖွင့်လှစ်ခဲ့သော ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့ကြီး ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၊ မန္တလေးတိုင်းဒေသကြီးတွင် မြင်းခြံ (V-Power) သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၊ ရန်ကုန်တိုင်းဒေသကြီးတွင် သီလဝါသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံများ တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးလျက်ရှိခြင်း နိုင်ငံပိုင်လျှပ်စစ်မီးကို ကျေးရွာများ အထိ တိုးချဲ့ဓာတ်အားပေးနိုင်ခြင်း၊ ဓာတ်အားလိုင်းအသစ်များသွယ်တန်းပြီး ဓာတ်အားခွဲရုံများ အဆင့်မြှင့်တင်၍ နိုင်ငံပိုင်လျှပ်စစ်ဓာတ်အား ပိုမိုရရှိသုံးစွဲနိုင်ခဲ့ခြင်း၊ ပုဂ္ဂလိကပိုင် အသေးစား ရေအား၊ စပါးခွံလောင်စာ၊ ဒီဇယ်အား၊ နေရောင်ခြည်သုံး လျှပ်စစ်ထုတ်လုပ်သုံးစွဲမှုများ ပိုမိုလာခဲ့ခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အားကဏ္ဍ တိုးတက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အထိ နိုင်ငံပိုင်အခန်း၌ အကြီးစားရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၆ ရုံ (JVနှင့် BOT (၄) ရုံ အပါအဝင်) အသေးစားရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၃၂ ရုံ၊ ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ ၁ ရုံ၊ သဘာဝဓာတ်ငွေ့ဓာတ်အားပေးစက်ရုံ ၁၁ ရုံ၊ ဒီဇယ်ဓာတ်အားပေးစက်များနှင့် ပုဂ္ဂလိကပိုင် သဘာဝဓာတ်ငွေ့နှင့် ရေနွေးငွေ့အား ဓာတ်အားပေးစက်ရုံ ၁၁ ရုံ(ငှားရမ်း (၄) ရုံအပါအဝင်) တို့၌ စုစုပေါင်း ၅,၃၉၇ မဂ္ဂါဝပ် တပ်ဆင်ထားပြီး ကီလိုဝပ်နာရီ ၇,၇၆၂.၇ သန်း သုံးစွဲနိုင်ခဲ့ပါသည်။ ဓာတ်အားဖြန့်ဖြူးမှုအတွက် လျှပ်စစ်ဓာတ်အားလိုင်း ၃,၈၇၄ မိုင် ထပ်မံတိုးချဲ့နိုင်ခဲ့သဖြင့် ၅၅,၂၁၃ မိုင် အထိ သွယ်တန်းနိုင်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ် ဆောင်ရွက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများ ဖြစ်သော အလယ်ပေါင်းလောင်း ၊ ရွှေလီ(၃) ၊ အထက်နမ့်ထွမ်၊ ဒီးဒုတ်၊ အထက်ရဲရွာ၊ သူဌေး၊ အထက်ကျိုင်းတောင်း၊ အထက်ဘီလူးချောင်း ပြီးစီးပြီး ကျန်အပိုင်းများ ဆက်လက်တည်ဆောက် လျက်ရှိပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ကုန်အထိ တိုင်းဒေသကြီး/ပြည်နယ်အလိုက် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၃-၂၁)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဓာတ်မြစ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ (ဒေသဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာရုံးများ)

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ရှမ်းပြည်နယ်မှအပ ကျန်တိုင်းဒေသကြီး/ပြည်နယ်များတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှု ပိုမိုခဲ့ပါသည်။ ရှမ်းပြည်နယ် ကျိုင်းတုံခရိုင်မှ ပုဂ္ဂလိက ရေအားလျှပ်စစ်စက်ရုံနှင့် မိုင်းဆတ်ခရိုင်မှ မယ်ပန်ရေအားလျှပ်စစ်စက်ရုံများတွင် ရေစုကန်မှရေမလုံလောက်၍ လျှပ်စစ်မီးပုံမှန်မရရှိနိုင်ခြင်းတို့ကြောင့် လျော့နည်းရခြင်း ဖြစ်ပါသည်။

၅၀၀ ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်းကို ဆက်လက်တည်ဆောက်လျက်ရှိသည့် အပြင် ၂၃၀ ကေဗွီမဟာဓာတ်အားလိုင်း စီမံကိန်း (၆) ခုအနက် (၁)ခု၊ ၆၆ ကေဗွီဓာတ်အား လိုင်းစီမံကိန်း (၂၁) ခုအနက် (၆) ခုပြီးစီး၍ ကျန်အပိုင်းများအား ဆက်လက်တည်ဆောက်လျက် ရှိပါသည်။

ပင်မဓာတ်အားခွဲရုံများဖြစ်သော ၂၃၀ ကေဗွီ ပင်မရုံ (၄) ရုံ (ကလေး၊ မြဝတီ၊ ဂန့်ဂေါနှင့် ကျိုက်လတ်)၊ ၁၃၂ ကေဗွီ ပင်မရုံ (၁) ရုံ (ဗန်းမော်)၊ ၆၆ ကေဗွီ ပင်မရုံ (၂၀) ရုံ (မြစ်ကြီးနား(၂)၊ ဘော်လခဲ၊ ဖလမ်း၊ မြစ်ကြီးနား(၁)၊ ရှားတော၊ ဖားဆောင်း၊ တာမိုးညဲ၊ မအီနှင့် ကျောက်ဖြူ (SEZ) တို့ပြီးစီးပြီး မင်းတပ်၊ မင်းပြား၊ ဆော၊ ကျေးသီး၊ မင်းကင်း၊ ကော့ကရိတ်၊ ဂွ၊ မဒဲ၊ ဖားကန့်၊ မိုင်းရှူးနှင့် ပေါက်) တို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။


လျှပ်စစ်ဓာတ်အားကဏ္ဍအနေဖြင့် လျှပ်စစ်ဓာတ်အားတိုးတက် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး၊ ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျှော့ချရေး တို့အတွက် လုပ်ငန်းအစီအစဉ်များကို စီးပွားရေးမူဝါဒများနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** နိုင်ငံအတွင်းရှိလမ်းများကို နိုင်ငံတကာအဆင့်မီ လမ်းမကြီးများ အဖြစ် ပေါ်ပေါက်လာစေရေး၊ ပြည်သူတို့၏ အိမ်ရာလိုအပ်ချက်များပေါ်တွင် အခြေခံပြီးဟန်ချက် ညီသော မြို့ပြကွန်ယက်စနစ် ပေါ်ပေါက်နိုင်ရေးအတွက် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကို စနစ်တကျဆောင်ရွက်လျက်ရှိပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍ၏ ဆောက်လုပ်မှု တန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၅,၃၃၀,၁၉၃.၁ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၁၄.၃ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**
**ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၂၂) အကောင်အထည်ဖေါ်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၂၃) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဆောက်လုပ်မှုကဏ္ဍ၏ ပထမ (၆) လပတ်တွင် ဆောက်လုပ်မှုတန်ဖိုးသည် **နှစ်အလိုက် ဈေးနှုန်းများအရ** ကျပ် ၁,၃၂၄,၂၉၈.၀ သန်း ရရှိခဲ့သဖြင့် **စီမံကိန်းရည်မှန်းချက်အပေါ်** ၂၄.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၃.၀ ရာခိုင်နှုန်း လျော့နည်း ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ဆောက်လုပ်မှုကဏ္ဍ၏ နိုင်ငံပိုင်အခန်း အကောင်အထည်ဖော်နိုင်မှုများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) လမ်းများတိုးချဲ့ခြင်း၊ အသစ်ပြုပြင်ခြင်းကို ဆောင်ရွက်လျက်ရှိရာ ဆောက်လုပ် ရေးဝန်ကြီးဌာန၏ လမ်းဦးစီးဌာနအနေဖြင့် ပထမ (၆) လပတ်အတွင်း

တိုင်းဒေသကြီး/ပြည်နယ်များနှင့် ချိတ်ဆက်လျက်ရှိသည့် လမ်းများကို ဖောက်လုပ်ခြင်းနှင့် လမ်းတိုးတက်ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ရာတွင် ကချင်ပြည်နယ်တွင် လမ်းပေါင်း (၄) ခု၊ ကယားပြည်နယ်တွင် လမ်းပေါင်း (၂) ခု၊ ကရင်ပြည်နယ်တွင် လမ်းပေါင်း (၆)ခု၊ ချင်းပြည်နယ်တွင် လမ်းပေါင်း (၃)ခု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် လမ်းပေါင်း (၈)ခု၊ တနင်္သာရီတိုင်းဒေသကြီးတွင် လမ်းပေါင်း (၂)ခု၊ ပဲခူးတိုင်းဒေသကြီးတွင် လမ်းပေါင်း (၂)ခု၊ မကွေးတိုင်းဒေသကြီးတွင် လမ်း (၁)ခု၊ မန္တလေးတိုင်းဒေသကြီးတွင် လမ်းပေါင်း (၃)ခု၊ မွန်ပြည်နယ်တွင် လမ်းပေါင်း (၇) ခု၊ ရခိုင်ပြည်နယ်တွင် လမ်းပေါင်း (၆)ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် လမ်းပေါင်း (၄)ခု၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် လမ်းပေါင်း (၃)ခု၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လမ်းပေါင်း (၅)ခု၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် လမ်း (၁) ခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် လမ်းပေါင်း (၁၀)ခုနှင့် နေပြည်တော်ကောင်စီနယ်မြေတွင် တပ်ကုန်းမှ ရန်ကုန်-မန္တလေးအမြန်လမ်းသို့ ဆက်သွယ်သော လမ်းအပါအဝင်လမ်းများအား ဆောင်ရွက်ခဲ့ပါသည်။

(ခ) နယ်စပ်ရေးရာဝန်ကြီးဌာနမှ နယ်စပ်ဒေသဖွံ့ဖြိုးရေးလမ်းများ ဖောက်လုပ်ရာတွင် ပထမ(၆)လပတ်အတွင်း ကတ္တရာလမ်း ၁၆၉ မိုင်၊ ကျောက်လမ်း ၈၂၄ မိုင်နှင့် မြေလမ်း ၁,၁၆၈ မိုင် ဆောင်ရွက်ခဲ့ပါသည်၊ ကယားပြည်နယ်တွင် ကျောက်လမ်း (၂၇) ခု၊ မြေလမ်း (၁၅) ခု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မြေလမ်း(၈)ခု၊ တနင်္သာရီတိုင်းဒေသကြီးတွင် ကျောက်လမ်း(၁)ခု၊ ရခိုင်ပြည်နယ်တွင် ကတ္တရာလမ်း (၆) ခု၊ ကျောက်လမ်း (၃၈) ခုနှင့် မြေလမ်း (၂၉) ခု၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ကျောက်လမ်း (၂) ခု၊ မြေလမ်း(၁)ခု၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် မြေလမ်း (၁) ခု နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ကျောက်လမ်း(၁)ခု အသီးသီးဖြစ်ပါသည်။

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်လမ်း၊ တံတားများတည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်းကို ပထမ (၆) လပတ်ကာလအတွင်း တင်ဒါများခေါ်၍ စာချုပ်များ ချုပ်ဆိုဆောင်ရွက်လျက်ရှိပါသည်။

(ဃ) တံတားများတည်ဆောက်မှုအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တံတားဦးစီးဌာနမှ ပထမ(၆)လပတ်တွင် ပဲခူးတိုင်းဒေသကြီးတွင် မုန်းချောင်းတံတား၊ မန္တလေးတိုင်းဒေသကြီးတွင် ဒုဋ္ဌဝတီတံတားတို့ တည်ဆောက်ပြီးစီးခဲ့ပါသည်။

(င) ထို့အပြင် တံတားဦးစီးဌာနမှ ပထမ(၆)လပတ်အတွင်း ပေ ၁၈၀မှ ပေ ၅၀၀ ထိ တံတားများဖြစ်သော ကချင်ပြည်နယ်တွင် တံတား (၂) စင်း၊ ကရင်ပြည်နယ်တွင် တံတား (၃) စင်း၊ ရှမ်းပြည်နယ်တွင် တံတား (၁) စင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် တံတား (၃) စင်း၊ ပေ ၅၀၁မှ ပေ ၁,၀၀၀ ထိ တံတားများဖြစ်သော ကချင်ပြည်နယ်တွင် တံတား (၁) စင်း၊ ကရင်ပြည်နယ်တွင် တံတား (၁) စင်း၊ ရခိုင်ပြည်နယ်တွင် တံတား (၁) စင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် တံတား (၁) စင်းနှင့် ပေ ၁,၀၀၀ အထက် တံတားများဖြစ်သော ကချင်ပြည်နယ်တွင် တံတား (၁) စင်း၊ ကရင်ပြည်နယ်တွင်တံတား (၁) စင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် တံတား (၁) စင်း၊ မကွေးတိုင်းဒေသကြီးတွင် တံတား (၁) စင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် တံတား (၁) စင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် တံတား (၂) စင်း အပါအဝင် တံတားများအား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

(စ) ဆောက်လုပ်ရေးဝန်ကြီးဌာန၏ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်အတွင်း မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကယားပြည်နယ် ဖားဆောင်းမြို့နှင့်မယ်စဲ့မြို့၊ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၊ မကွေးတိုင်းဒေသကြီးဂန့်ဂေါမြို့၊ ရန်ကုန်တိုင်းဒေသကြီးကော့မှူးမြို့နှင့် ကွမ်းခြံကုန်းမြို့တို့တွင်လည်းကောင်း၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း ပြန်လည်ဆန်းစစ်ခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နှင့် ကရင်ပြည်နယ် ဘားအံမြို့တို့တွင်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ပထမ(၆)လပတ်တွင် အိမ်ရာစီမံကိန်း (၁၂) ခုဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၌ တန်ဖိုးနည်းအိမ်ရာစီမံကိန်း (၄) ခု၊ တန်ဖိုးသင့်အိမ်ရာစီမံကိန်း (၂) ခုနှင့် Villa (၂) ခု၊ ဧရာဝတီတိုင်းဒေသကြီး၌ တန်ဖိုးနည်းအိမ်ရာစီမံကိန်း(၁)ခု၊ မန္တလေးတိုင်းဒေသကြီးတွင် တန်ဖိုးနည်းအိမ်ရာစီမံကိန်း (၁) ခု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် တန်ဖိုးသင့်အိမ်ရာစီမံကိန်း (၁) ခု မကွေးတိုင်းဒေသကြီးတွင် တန်ဖိုးသင့်အိမ်ရာစီမံကိန်း (၁) ခုတို့ကို လည့်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ပထမ(၆)လပတ်တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၁၉၃၀ ပြည့်နှစ် မြေအောက်ရေကြီးကြပ်မှုအက်ဥပဒေကို ပြန်လည်ပြင်ဆင် ရေးဆွဲလျက်ရှိပါသည်။ ထို့အပြင် အမျိုးသားအိမ်ရာဖွံ့ဖြိုးရေးဥပဒေ(မူကြမ်း)နှင့် မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး

စီမံကိန်းဥပဒေ(မူကြမ်း) တို့ကိုလည်း ရေးဆွဲလျက်ရှိပါသည်။ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုလွှတ်တော်မှ ဥပဒေ အမှတ်(၂၄/၂၀၁၆)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆောက်လုပ်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၃-၂၄)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိစီမံကိန်းဦးစီးရုံးများ

ဆောက်လုပ်မှုကဏ္ဍအနေဖြင့် ပထမ (၆) လပတ်အတွင်း မိုးတွင်းကာလဖြစ်သဖြင့် တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တည်ဆောက်နိုင်မှုနည်းပါးခြင်း၊ နိုင်ငံပိုင် အခန်းမှ တည်ဆောက်ရေးလုပ်ငန်းများတွင်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက် လျက်ရှိခြင်းတို့ကြောင့် တိုင်းဒေသကြီး/ပြည်နယ်များ၌ အကောင်အထည်ဖော်နိုင်မှု လျော့နည်း ခဲ့ပါသည်။


ကျန်ရှိသည့် ဒုတိယ (၆) လပတ် ပွင့်လင်းရာသီတွင် တည်ဆောက်ရေး လုပ်ငန်းများအား အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရေးတွင် တွန်းအားပေးဆောင်ရွက်ရန် လိုအပ်ပါသည်။

**ပို့ဆောင်ရေးကဏ္ဍ**။ ကုန်စည်ပို့ဆောင်မှုနှင့် ခရီးသွားလာမှု လွယ်ကူလျင်မြန်စေရေးအတွက် ကုန်းလမ်း၊ မီးရထား၊ ရေကြောင်းနှင့် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများသည် အဓိက အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ ပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ပိုမိုတိုးတက်စေရေးအတွက် ပြည်တွင်း၊ ပြည်ပပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊ ကျယ်ပြန့်လာသည့် ပုဂ္ဂလိကပို့ဆောင်ရေးလုပ်ငန်းများကို အများပြည်သူ အကျိုးပြုစေရေးအတွက်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြီးကြပ်ခြင်း များ ဆောင်ရွက်လျက်ရှိပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍ၏ ဝန်ဆောင်မှု တန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၉,၀၂၇,၃၈၃.၆ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၇.၇ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်း ထားပါသည်။

**၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**
**ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၂၅)အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၂၆)တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပို့ဆောင်ရေးကဏ္ဍ၏ ပထမ (၆) လပတ် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၃,၈၀၈,၅၉၇.၁ သန်းရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၄၂.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၆.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်အတွင်း နိုင်ငံပိုင်အခန်းမှ ခရီးသည်ပို့ဆောင်မှုနှင့် ကုန်စည်ပို့ဆောင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကုန်းလမ်းပို့ဆောင်ရေးမှ ခရီးသည်ဦးရေ ၆.၄ သန်း၊ ခရီးသည်မိုင် ၂၁၈.၈ သန်း၊ ကုန်တန်ချိန်၀.၅ သန်း၊ ကုန်တန်မိုင် ၈၄.၀ သန်းပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

(ခ) မြန်မာ့မီးရထားမှ ခရီးသည်ဦးရေ ၂၀.၃ သန်း၊ ခရီးသည်မိုင် ၉၉၄.၁ သန်း၊ ကုန်တန်ချိန် ၁.၉ သန်း၊ ကုန်တန်မိုင် ၂၁၀.၄ သန်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

(ဂ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှခရီးသည်ဦးရေ ၅.၃ သန်း၊ ခရီးသည်မိုင် ၂၂.၈ သန်း၊ ကုန်တန်ချိန် ၁.၅ သန်း၊ ကုန်တန်မိုင် ၆၅.၅ သန်းပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

(ဃ) မြန်မာအမျိုးသားလေကြောင်းမှ ပြည်တွင်းခရီးသည်ဦးရေ ၀.၃၁ သန်း၊ ပြည်တွင်းခရီးသည်မိုင် ၉၁.၆ သန်း၊ ပြည်ပခရီးသည်ဦးရေ ၀.၀၉ သန်း၊ ပြည်ပခရီးသည်မိုင် ၇၅.၂ သန်း၊ ပြည်တွင်းကုန်တန်ချိန် ၀.၀၀၁ သန်း၊ ပြည်တွင်းကုန်တန်မိုင် ၀.၁၉ သန်း၊ ပြည်ပကုန်တန်ချိန် ၀.၀၀၀၁ သန်း၊ ပြည်ပကုန်တန်မိုင် ၀.၀၇ သန်း ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

ရေအရင်းအမြစ် နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ်အတွင်း ချင်းတွင်း၀-မုံရွာရေလမ်းပိုင်း ကောင်းမွန်ရေးလုပ်ငန်း၊ ဗိုလ်မြတ်ထွန်းတံတား ရေလမ်းကောင်းမွန်ရေးလုပ်ငန်း၊ ရေအရည်အသွေးစစ်ဆေးရေးလုပ်ငန်း၊ သဲနုန်းသယ်ယူပို့ချမှု တိုင်းတာခြင်းလုပ်ငန်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်သည့် ဧရာဝတီ မြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းတို့ ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ် ကာလ အတွင်း ဝင်ရောက်ဆိုက်ကပ်ဆောင်ရွက်သည့် သင်္ဘောစီးရေ ၁,၁၈၁ စီးနှင့် ကုန်သေတ္တာအဝင် ၂၄၀,၁၀၈ လုံး (၄,၀၃၃,၃၈၈ မက်ထရစ်တန်)၊ ကုန်သေတ္တာအထွက် ၂၇၉,၀၉၈လုံး (၁,၉၄၇,၆၃၆ မက်ထရစ် တန်) ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ကာလ အတွင်း ရေယာဉ် ၂ စီး တည်ဆောက်နိုင်ခဲ့ပြီး ၇ စီး ပြင်ဆင်နိုင်ခဲ့ပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ပန်းဆိုးတန်း-ဒလ၊ ဝါးတန်း-ဒလ၊ မန္တလေး-ညောင်ဦး(မြန်)၊ မန္တလေး-ဗန်းမော်(ထူးမြန်)၊ ခရီးလမ်းတို့တွင် ပြည်တွင်းရေကြောင်းပိုင် သင်္ဘောများဖြင့် ကမ္ဘာလှည့်ခရီးသည် ၁၇,၉၅၃ ဦးကို ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

မြန်မာအမျိုးသား လေကြောင်းသည် BOEING လေယာဉ် ၃ စီး၊ ATR-72 လေယာဉ် ၅ စီး၊ B-1900 (D) လေယာဉ် ၂ စီး၊ EMBRAER လေယာဉ် ၂ စီး၊ CARAVAN လေယာဉ် ၄

စီးဖြင့် ပုံမှန်ခရီးစဉ် ၂,၄၈၂ ခေါက်၊ စင်းလုံးငှားခရီးစဉ် ခေါက်ရေ ၈၀၊ ပေါင်း ၂,၅၆၂ ခေါက် ပျံသန်း ပို့ဆောင် ပေးနိုင်ခဲ့ပါသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မိုးလေဝသစခန်း ၆၄ခု၊ ဇလဗေဒစခန်း ၃၀၊ မိုးလေဝသနှင့်ဇလဗေဒ(မိုး)စခန်း ၄၂ ခု၊ မိုးလေဝသနှင့် ဇလဗေဒ(ဇလ) စခန်း ၄၂ ခု၊ စိုက်ပျိုးရေးမိုးလေဝသစခန်း ၁၈ ခု၊ မြေငလျင်တိုင်းထွာရေးစခန်း ၁၇ ခု၊ လေကြောင်း မိုးလေဝသစခန်း ၁၀ ခုတို့က တိုင်းထွာချက်များ ဆောင်ရွက်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ၈-၇-၂၀၁၆ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းခဲ့၍ ကုန်းလမ်းနှင့်ရေလမ်းမှ ကုန်စည်နှင့် ခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။ ရန်ကုန် ဘတ်စ်ကားအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် လမ်းကြောင်း (၁) ပြည်လမ်းတွင် ယာဉ်စီးရေ ၂၅ စီး၊ လမ်းကြောင်း (၂) ကမ္ဘာအေးဘုရားလမ်းတွင် ယာဉ်စီးရေ ၂၀ ဖြင့် ပြေးဆွဲလျက်ရှိရာမှ ပြည်သူများအားပေးစီးနင်းမှုကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆)လပတ်အတွင်း အမှတ် (၃) လမ်းမ၊ မြောက်ဥက္ကလာ၊ ကမ္ဘာအေး၊ တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းစိန်လမ်းတို့ကို ယာဉ်စီးရေ ၂၀ ဖြင့် တိုးချဲ့ပြေးဆွဲလျက် ရှိပါသည်။ ကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားအပြည့်အဝပိုင်သော ကုမ္ပဏီများသို့ အစုရှယ်ယာများ ဆက်လက်ရောင်းချမည်ဖြစ်ပြီး အမျိုးအစားကောင်းမွန်သော မော်ဒယ်မြင့်အဲယားကွန်း ဘတ်စ်ကားစီးရေ ၁၀၀ ဝယ်ယူရန် တင်ဒါခေါ်ယူလျက်ရှိပါသည်။

မြန်မာ့မီးရထား၏ လမ်းပိုင်းအသီးသီး၌ နေ့စဉ်ပျမ်းမျှ အမြန်ရထား ၄၀ စင်း၊ စာပို့ ရထား ၆၄ စင်း၊ လူစီးကုန်တင်ရထား ၆၄ စင်း၊ ခရီးတိုရထား ၂၈ စင်း၊ မြို့ပတ်ရထား ၂၁၅ စင်း၊ စုစုပေါင်းလူစီးရထား ၄၁၁ စင်းနှင့် ကုန်ရထား ၂၁ စင်းတို့ ပြေးဆွဲလျက်ရှိပြီး၊ ပျမ်းမျှအချိန် မှန်ကန်မှုမှာ အမြန်ရထား ၇၂ ရာခိုင်နှုန်း၊ စာပို့ရထား ၈၉ ရာခိုင်နှုန်း၊ လူစီးကုန်တင်ရထား ၇၇ ရာခိုင်နှုန်းနှင့် မြို့ပတ်နှင့် ဆင်ခြေဖုံးရထား ၈၉ ရာခိုင်နှုန်းဖြစ်ပါသည်။

၁-၅-၂၀၁၆ ရက်နေ့မှစ၍ လက်ပံတန်း-ပြည်-လက်ပံတန်း၊ ပဲခူး-ညောင်ခါးရှည်-ပဲခူး ခရီးစဉ်တွင် RBE တွဲဆိုင်းများဖြင့် အစားထိုးပြေးဆွဲခဲ့ပါသည်။ ၁၅-၅-၂၀၁၆ ရက်နေ့မှစ၍ ရန်ကုန်-အင်းစိန်-ရန်ကုန် ခရီးစဉ်တွင် RBE တွဲဆိုင်း ၂ ဆိုင်း၊ ရန်ကုန် - ရွာသာကြီး - ရန်ကုန် နှင့် ရန်ကုန် - တိုးကြောင်ကလေး -အရှေ့ပိုင်းတက္ကသိုလ် - ရန်ကုန် ခရီးစဉ်တွင် RBE တွဲဆိုင်း ၁ ဆိုင်းစီဖြင့် အစားထိုးပြေးဆွဲခဲ့ပါသည်။၁-၆-၂၀၁၆ ရက်နေ့တွင် ရန်ကုန်-ပဲခူး-ရန်ကုန် ခရီးစဉ်၊ ၁-၇-၂၀၁၆ ရက်နေ့တွင် မန္တလေး-ကောလင်း-မန္တလေး၊ ၂၁-၇-၂၀၁၆ ရက်နေ့တွင် အင်းစိန်-တိုက်ကြီး-အင်းစိန်ခရီးစဉ်၊ ၂၇-၇-၂၀၁၆ ရက်နေ့တွင် မြို့ဟောင်း-ရွှေဘို-မြို့ဟောင်းခရီးစဉ်

များတွင် တွဲဆိုင်း ၁ ဆိုင်းစီဖြင့် အစားထိုးပြေးဆွဲပေးခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ် ကာလအတွင်း စီးပွားရေးအရတွက်ခြေမကိုက်သည့် လူစီးရထား ၁၆ စင်းကို ခရီးစဉ်ရပ်ဆိုင်းခြင်း၊ ၁၄ စင်းကို ခရီးစဉ်ပြောင်းလဲပြေးဆွဲခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ခရီးသည်နည်းပါးမှုနှင့် ကုန်ကျစရိတ်မကာမိခြင်းကြောင့် ရန်ကုန်မြို့ ကမ်းနားလမ်းတွင် ပြေးဆွဲလျက်ရှိသည့် လျှပ်စစ်ရထား (Tram) ကို (၁-၇-၂၀၁၆) ရက်နေ့မှစ၍ ဖျက်သိမ်းခဲ့ပါသည်။

မြစ်ငယ်တံတားသစ်ကို ၁၄-၈-၂၀၁၆ ရက်နေ့တွင် ပြီးစီးဖွင့်လှစ်နိုင်ခဲ့ပြီး အစုန်လမ်းအဖြစ် အသုံးပြုနိုင်ခဲ့သဖြင့် ရထားအချိန်ကြန့်ကြာမှု၊ မတော်တဆမှု လျော့နည်းလာမည် ဖြစ်ပါသည်။

ရန်ကုန် - မန္တလေး၊ မန္တလေး -မြစ်ကြီးနား၊ ရန်ကုန် - ပြည်၊ ပဲခူး - မုတ္တမ - မော်လမြိုင် - ရေး-ထားဝယ်နှင့် ရန်ကုန် မြို့ပတ်ရထားလမ်းပိုင်းများတွင် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ စက်ခေါင်းများနှင့်တွဲများပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

အချက်ပြနှင့် ဆက်သွယ်ရေးစနစ်များ ကောင်းမွန်စေရေးအတွက် ရန်ကုန်မှ ပွင့်တန်ဆာဘူတာအထိ ဘူတာအားလုံးတွင် Operating Control Center စနစ်တပ်ဆင်၍ လမ်းပိုင်းတစ်လျှောက်ဘူတာများတွင် Train Mornitoring System (TMS) တပ်ဆင်ခြင်း၊ ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း အချက်ပြပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း (Cable ချခြင်း)၊ မိုးညှင်း-မြစ်ကြီးနားလမ်းပိုင်းတွင် VHF(Very High Frequency)/ UHF(Ultra High Frequency) စနစ်များပြောင်းလဲတပ်ဆင်ခြင်း၊ Repeater များအသစ်ပြန်လည် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပို့ဆောင်ရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ (၃-၂၇)**

**၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊တိုင်းဒေသကြီးနှင့်ပြည်နယ်စီမံကိန်းဦးစီးရုံးများ

ကချင်ပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ စီမံကိန်းရည်မှန်းချက်အပေါ် ၃၇.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၆.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ပြည်နယ်အတွင်း ပုဂ္ဂလိက လေကြောင်းလိုင်း ၂ လိုင်း တိုးချဲ့ပြေးဆွဲလျက်ရှိပြီး ပုဂ္ဂလိကပိုင်အနေဖြင့် ပြည်နယ်အတွင်း မော်တော်ယာဉ်လိုင်း ၄၅ လိုင်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ မော်တော်ယာဉ်လိုင်း ၅၅ လိုင်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ၂ သင်း ပြေးဆွဲဆောင်ရွက်လျက် ရှိပါသည်။

ကယားပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ စီမံကိန်းရည်မှန်းချက်အပေါ် ၄၁.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၅.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်အခန်းမှ (ရန်ကုန်-လွိုင်ကော်) ပြေးဆွဲသော (စွမ်း:Group) ယာဉ်လိုင်းနှင့် မျိုးဆက်သစ်ယာဉ်လိုင်း ၂ လိုင်း၊ Air KBZ လေကြောင်းလိုင်း ၁ လိုင်း တစ်ပတ်လျှင် ၃ ကြိမ်တိုးချဲ၍ ပြေးဆွဲနေခြင်းကြောင့်ဖြစ်ပါသည်။

ကရင်ပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ စီမံကိန်းရည်မှန်းချက်အပေါ် ၃၈.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၅.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ နယ်မြေငြိမ်းချမ်းလာခြင်းကြောင့် ခရီးသည်နှင့် ကုန်စည်များ ပိုမိုသယ်ယူပို့ဆောင်လာနိုင်ပါသည်။ ပြည်နယ်တွင်းယာဉ်လိုင်း ၁၉ လိုင်း၊ အခြားပြည်နယ်/တိုင်း ဒေသကြီးများသို့ ယာဉ်လိုင်း ၂၉ လိုင်း၊ အခြား ပြည်နယ်/တိုင်းဒေသကြီးများမှ ပြည်နယ်တွင်းသို့ ယာဉ်လိုင်း ၄၆ လိုင်း ပြေးဆွဲလျက်ရှိပါသည်။ ပုဂ္ဂလိကအငှားယာဉ် ၁,၀၉၁ စီးကို အသစ် မှတ်ပုံတင်ပေးနိုင်ခဲ့၍ ကားစီးရေများ ပိုမိုတိုးလာခြင်း၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာခြင်းတို့ကြောင့်ဖြစ်ပါသည်။

ချင်းပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ စီမံကိန်းရည်မှန်းချက်အပေါ် ၂၂.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၆.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်ခရီးသည်တင်နှင့် ကုန်တင်ယာဉ်များ အသစ်တိုးချဲ့ လာပြီး ပုံမှန်ပြေးဆွဲနိုင်ခြင်းတို့ကြောင့် တိုးတက်လာပါသည်။ ဖလမ်းလေဆိပ် လေယာဉ်ပြေး လမ်းသစ် မြေကြီးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ စီမံကိန်းရည်မှန်းချက်အပေါ် ၄၄.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၉.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင် ကားအသစ်စီးရေများ တိုးတက် လာခြင်း၊ အသင်းအဖွဲ့ပေါင်း ၆၁ သင်းမှ ယာဉ်စီးရေများ တိုးချဲ့ပြေးဆွဲခြင်း၊ ရွှေတောင်ရိုး (မုံရွာ-တောင်ကြီး)၊ ဂျိမ်းဖောရွှေမြေ (မုံရွာ-မြစ်ကြီးနား)၊ ရန်အောင်ပတ္တမြား (မုံရွာ-မြစ်ကြီးနား)၊ အောင်ကမ္ဘာ (မုံရွာ-မကွေး-ရွှေစက်တော်)၊ ရွှေကချင်(မုံရွာ-မြစ်ကြီးနား-တနိုင်း) စသည့်ခရီးသည်နှင့် ကုန်တင်ဝန်ဆောင်မှုလိုင်းများ တိုးချဲ့ပြေးဆွဲလျက်ရှိခြင်း၊ ကုန်တင်ယာဉ် ပေါင်း ၁,၀၀၈ စီး၊ ခရီးသည်တင်အမြန်ရေယာဉ် အသင်းပေါင်း ၈ သင်းက ရေယာဉ် ၁၅၆ စီး တို့ဖြင့် တိုးချဲ့ပြေးဆွဲလျက်ရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ စီမံကိန်းရည်မှန်းချက်အပေါ် ၃၄.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၃.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိက မော်တော်ယာဉ်ဖြင့် ထားဝယ်-ရန်ကုန်၊ ထားဝယ်-မြိတ်-ကော့သောင်၊ ထားဝယ်-ရေး-မော်လမြိုင်မြို့များသို့ ခရီးသည် နှင့် ကုန်စည်များပို့ဆောင်မှု၊ ရထားစီးခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု တိုးတက်လာသော်လည်း လေကြောင်းနှင့် ရေကြောင်းပို့ဆောင်မှုပမာဏ လျော့နည်းခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ စီမံကိန်းရည်မှန်းချက်အပေါ် ၄၅.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး ပုံမှန်

ဈေးနှုန်းများအရ ၅.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ခရီးသည်တင်မော်တော်ယာဉ်နှင့် ကုန်တင်မော်တော်ယာဉ်စီးရေများတိုးလာခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာသဖြင့် သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီနှင့် ဆိုင်ကယ်များဖြင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများတွင်ကျယ်စွာ ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ စီမံကိန်းရည်မှန်းချက်အပေါ် ၄၂.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး ပုံမှန်ဈေးနှုန်း များအရ ၅.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ သရက်-မကွေး၊ ပခုက္ကူ-ရန်ကုန် မော်တော်ယာဉ် လိုင်းစီးရေများတိုးလာခြင်း၊ ပခုက္ကူမှ မုံရွာ-မန္တလေး-နေပြည်တော်-မင်းတပ် ခရီးစဉ်တိုးချဲ့ ပြေးဆွဲခြင်း၊ ပခုက္ကူ-ရန်ကုန် ခရီးစဉ် နေ့ပိုင်းတိုးချဲ့ပြေးဆွဲခြင်း၊ ခရီးတိုသွားလာမှုတွင် သုံးဘီး ဆိုင်ကယ်များနှင့် ထော်လာဂျီများ တိုးချဲ့ပြေးဆွဲလာခြင်းတို့ကြောင့် ဖြစ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ စီမံကိန်းရည်မှန်းချက်အပေါ် ၄၁.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး ပုံမှန်ဈေးနှုန်း များအရ ၈.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင် ပို့ဆောင်ရေးတွင် ကုန်တင်ယာဉ် (ဝန်ပေါ့)ကားများ၊ ထော်လာဂျီနှင့် သုံးဘီးဆိုင်ကယ်များ တိုးတက်လာပြီး၊ ထော်လာဂျီနှင့် သုံးဘီးဆိုင်ကယ်များဖြင့် ကုန်ကြမ်းသယ်ယူပို့ဆောင်ခြင်း၊ လိုင်းပေါင်းစုံ မြို့တွင်း ဘတ်စ်ကားများ ခေတ်မီယာဉ်များဖြင့် ပြောင်းလဲပြေးဆွဲပေးနိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

မွန်ပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ စီမံကိန်းရည်မှန်းချက်အပေါ် ၅၁.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၅.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာသည်နှင့် အမျိုး ပြည်တွင်းပြည်ပ ခရီးသွားလာမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်း၊ အဆင့်မြင့် မော်တော်ယာဉ်များဖြင့် လိုင်းအသစ်တိုးချဲ့ပြေးဆွဲပေးခြင်း၊ ကုန်စည်ပို့ဆောင်မှုများ တိုးတက်လာခြင်း၊ မွန်ပြည်နယ်အတွင်း အပန်းဖြေစခန်းနှင့် ဘုရားဖူးခရီးသည် ပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်လာခြင်း တို့ကြောင့်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ စီမံကိန်းရည်မှန်းချက်အပေါ် ၄၂.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၂.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ တောင်ကုတ်-ပြည်-ရန်ကုန်၊ကျောက်ဖြူ-ရန်ကုန်၊ စစ်တွေ-မင်းဘူး-ရန်ကုန်-မန္တလေး၊ ဂွ-ငါးသိုင်းချောင်းလမ်းမှ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့များသို့ အဆင့်မြင့်ကားလိုင်းများဖြင့် တိုးချဲ့ပြေးဆွဲခြင်း၊ Air Bagan, Air Mandalay, Manyadanarpon, Air-KBZ နှင့် FMI တို့က ခရီးသည်

ရရှိမှုအပေါ်မူတည်၍ ပြေးဆွဲလျက်ရှိခြင်း၊ ရိုးမဂုဏ်ဆောင် သမဝါယမ သယ်ယူပို့ဆောင်ရေး လုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက်လျက်ရှိခြင်း တို့ကြောင့်ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ စီမံကိန်းရည်မှန်းချက်အပေါ် ၄၀.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၆.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ တိုင်းဒေသကြီးတွင် မြန်မာ့မီးရထားက RBE တွဲဆိုင်းများဖြင့် အစားထိုးပြေးဆွဲပေးခြင်း၊ အငှားယာဉ်၊ လိုင်းပေါင်းစုံဘတ်စ်ကားများ၊ ကြိုပို့လုပ်ငန်းကားများ၊ လုပ်ငန်းသုံးကားကုန်တင် (၅) တန်အောက်နှင့် ၅ တန်အထက်ကားစီးရေ တိုးလာခြင်းတို့ကြောင့် ဖြစ်ပါသည်။

ရှမ်းပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ စီမံကိန်းရည်မှန်းချက်အပေါ် ၄၄.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၄.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ဒို့ညီနောင်လိုင်းမှ တောင်ကြီး-ပြည် ခရီးစဉ်သစ်၊ ရောင်နီဦး လိုင်းမှ တောင်ကြီး-ကျောက်မဲခရီးစဉ်သစ်၊ Five Star လိုင်းသစ်မှ နမ့်စန်-လားရှိုး၊နမ့်စန်-ကျိုင်းတုံ၊ ရွှေတောင်သူလိုင်းသစ်မှ ကျေးသီး-တောင်ကြီး၊ ကျေးသီး-လားရှိုး၊ ခုံးဆိုင်းမိန်း လိုင်းသစ်မှ မိုင်းကိုင်-တောင်ကြီး၊ မိုးပျံလိုင်းသစ်မှ မိုင်းတုံ-တောင်ကြီးခရီးစဉ်များ တိုးချဲ့ ပြေးဆွဲလာခြင်း၊ မိုင်းဆတ်-မိုင်းတုံ-တာချီလိတ် ယာဉ်လိုင်း (၂) လိုင်းတိုးလာခြင်း၊ တာချီလိတ်-တောင်ကြီး ယာဉ်လိုင်း ၂ လိုင်း တိုးလာခြင်း၊ မဲခေါင်မြစ်ကူး မြန်မာ လာအိုချစ်ကြည်ရေးတံတား ပြီးစီး၍ အိမ်နီးချင်းနိုင်ငံများမှ လာရောက်လည်ပတ်သူများနှင့် ပြည်တွင်းခရီးသွားများ တိုးတက် များပြားလာခြင်းတို့ကြောင့် ဖြစ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ စီမံကိန်းရည်မှန်းချက်အပေါ် ၃၉.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၇.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့တိုးတက်ရခြင်းမှာ ခရီးသည်တင်နှင့် ကုန်တင်မော်တော်ယာဉ်၊ သုံးဘီး၊ ထော်လာဂျီ၊ ဆိုင်ကယ်ကယ်ရီ၊ ကုန်တင်ရေယာဉ်စီးရေတိုးတက်လာခြင်း၊ ခေါက်ရေနှင့် တစ်ခေါက်တစ်စီး ဝင်ငွေတိုးတက်လာခြင်း၊ မြို့နယ်ချင်းဆက်၊ ကျေးရွာချင်းဆက်လမ်းများ ပိုမိုကောင်းမွန်လာသဖြင့် သယ်ယူပို့ဆောင်မှု ပိုမိုများပြားလာခြင်း တို့ကြောင့်ဖြစ်ပါသည်။

နေပြည်တော်ကောင်စီနယ်မြေ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် နှစ်အလိုက်ဈေးနှုန်းများအရ စီမံကိန်းရည်မှန်းချက်အပေါ် ၄၄.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၆.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ နေပြည်တော်နှင့် အခြားဒေသများသို့ ခရီးသည်များနှင့် ကုန်စည်ပို့ဆောင်မှုအတွက် ယာဉ်လိုင်း ၇၅ လိုင်းမှ ဝန်ဆောင်မှုပေးလျက် ရှိပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ တယ်လီဖုန်းသိပ်သည်းဆ Teledensity နှင့် အင်တာနက်သုံးစွဲနိုင်မှုများ တိုးတက်စေရေးအပြင် မြန်နှုန်းမြင့် အင်တာနက်များ ပိုမိုသုံးစွဲလာနိုင်အောင် ဆောင်ရွက်ရန်နှင့် တယ်လီဖုန်းဝန်ဆောင်မှု အရည်အသွေးများ မြင့်မားရေးကို ဆက်လက်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂,၁၃၁,၆၈၂.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၈.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ်**

**ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**


ပုံ(၃-၂၈)အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၂၉)တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ဆက်သွယ်ရေးကဏ္ဍ၏ ပထမ(၆)လပတ် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ**ကျပ် ၇၉၈,၇၁၆.၇ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၃၇.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၁၀.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆက်သွယ်ရေးကဏ္ဍ၏ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပြည်ပအော်ပရေတာများမှ ပထမ (၆) လပတ်တွင် မိုဘိုင်းတယ်လီဖုန်းဆင်းကဒ် စုစုပေါင်း

၈,၉၈၀,၀၁၇ ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး တယ်လီဖုန်းခေါ်ဆိုမှုနှင့် အင်တာနက်သုံးစွဲမှုများလည်း တိုးတက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်ဆောင်ရွက်မှုကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Support for Telecommunicatios Sector Reform Project ကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

(ခ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်နိုင်စေရေးအတွက် စာတိုက် ၁,၃၈၁ ရုံး နှင့် ကြေးနန်းရုံး ၅၃၂ ရုံး၊ တယ်လီဖုန်းအိတ်ချိန်း ၄၈၂ ရုံး ဖွင့်လှစ်ဆောင်ရွက်လျက် ရှိပါသည်။

(ဂ) ၂၀၁၆ ဘဏ္ဍာနှစ် စက်တင်ဘာလကုန်အထိ ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်ပြီးစီးမှုအနေဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ၃,၃၀၈ ခု၊ အော်ရီဒူးမြန်မာလီမိတက်က ၄,၃၃၇ ခုနှင့် တယ်လီနောမြန်မာလီမိတက်က ၄,၇၇၀ ခု၊ စုစုပေါင်းတာဝါတိုင် ၁၂,၄၁၅ ခု တည်ဆောက်ပြီးဖြစ်ပါသည်။

(ဃ) ကျေးလက်ဒေသနေ ပြည်သူများအား မိုဘိုင်းတယ်လီဖုန်းများ တိုးတက်သုံးစွဲနိုင်စေရန် GSM/UMTS မိုဘိုင်းတယ်လီဖုန်း တိုးချဲ့ရေးစီမံကိန်း ပထမနှစ်လိုင်း (၄) သန်းတိုးချဲ့ တပ်ဆင်ရေး စီမံကိန်းတွင် မိုဘိုင်းစခန်းပေါင်း ၁,၄၁၃ ဖြင့် မြို့ပြ၊ ကျေးလက်ဒေသများတွင် တည်ဆောက်တပ်ဆင်ပေးလျက် ရှိပြီး မိုဘိုင်းကွန်ရက် ဖြန့်ကျက်နိုင်မှုမှာ တစ်နိုင်ငံလုံးအနေဖြင့် လူနေဧရိယာ၏ ၈၀ ရာခိုင်နှုန်း ဖြန့်ကျက်နိုင်ပြီ ဖြစ်ပါသည်။

(င) စာတိုက်လုပ်ငန်းအားပြည်တွင်း/ ပြည်ပရှိ ပုဂ္ဂလိကပူးပေါင်းပါဝင် ဆောင်ရွက်နိုင်စေရန် (Public, Private, Partnership.PPP) အသွင်ဖြင့်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပါဝင်စေခြင်း၊ သတင်းအချက်အလက်နည်းပညာ အသုံးချစာတိုက်လုပ်ငန်းဖြစ်ပေါ်လာစေရေး၊ ပြည်သူများအား ခေတ်မီထပ်တိုးစာတိုက်ဝန်ဆောင်မှုလုပ်ငန်းများ (Value Added Services) အားဝန်ဆောင်မှုပေးခြင်း၊ E-commerce ဝန်ဆောင်မှုလုပ်ငန်းအဖြစ် Zawgyi Mart ကဲ့သို့ Online Shopping Company များနှင့် ချိတ်ဆက်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

(စ) ချောစာလက်ခံ/ပေးဝေမှုလုပ်ငန်း၊ ချောထုပ်လက်ခံ/ပေးဝေမှုလုပ်ငန်း၊ ငွေပို့လွှာလုပ်ငန်း၊ တံဆိပ်ခေါင်းရောင်းချမှု လုပ်ငန်းများ၊ စာတိုက်စခန်းရုံးများ တိုးချဲ့ဖွင့်လှစ်ခြင်းလုပ်ငန်း၊ ပြည်တွင်းအမြန်ချောပို့လုပ်ငန်း၊ ပြည်တွင်းငွေပို့လွှာလုပ်ငန်း၊ နေ့ချင်းရောက်စာဝေလုပ်ငန်းတို့ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆက်သွယ်ရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၃-၃၀)**

**၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းလုပ်ငန်းများကို အရည်အသွေးပြည့်မီစွာ သုံးစွဲနိုင်ရေးနှင့် တစ်နိုင်ငံလုံး ဆက်သွယ်ရေးကွန်ယက် ဖြန့်ကြက်မှုပိုမိုကျယ်ပြန့်တိုးတက်မြင့်မားစေရေးကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ တာဝါတိုင်များ တိုးချဲ့တည်ဆောက်ခြင်းအနေဖြင့် ကချင်ပြည်နယ်တွင် ၅၆ ခု၊ ကယားပြည်နယ်တွင် ၂၇ ခု၊ ကရင်ပြည်နယ်တွင် ၆၄ ခု၊ ချင်းပြည်နယ်တွင် ၁၇ ခု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၁၆ ခု၊ တနင်္သာရီတိုင်း ဒေသကြီးတွင် ၇၇ ခု၊ ပဲခူးတိုင်းဒေသကြီးတွင် ၁၄၇ ခု၊ မကွေးတိုင်းဒေသကြီး

တွင် ၈၉ ခု၊ မန္တလေးတိုင်းဒေသကြီးတွင် ၃၂၀ ခု၊ မွန်ပြည်နယ်တွင် ၉၉ ခု၊ ရခိုင်ပြည်နယ်တွင် ၈၁ ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၆၈၈ ခု၊ ရှမ်းပြည်နယ်တွင် ၂၂၇ ခုနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၉၃ ခု၊ နေပြည်တော်ကောင်စီနယ်မြေတွင် ၇၀ ခု တိုးချဲ့တည်ဆောက်ခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍအနေဖြင့်စျေးနှုန်းချိုသာသော မိုဘိုင်းဆက်သွယ်ရေးနှင့်အင်တာနက် ဝန်ဆောင်မှုများကို ပြည်သူများက စိတ်ကြိုက်ရွေးချယ်သုံးစွဲနိုင်ပြီး ဖြစ်ပါသည်။ သို့သော်လည်း မြန်နှုန်းမြင့် ဆက်သွယ်ရေးစနစ်များ ပိုမိုသုံးစွဲနိုင်ရေးအပြင် တယ်လီဖုန်းဝန်ဆောင်မှု အရည်အသွေးများ မြင့်မားရေးကိုပါ ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။


**ငွေရေးကြေးရေးကဏ္ဍ။** ပြည်သူများသို့ ပိုမိုထိရောက်လွယ်ကူလျင်မြန်သောငွေရေးကြေးရေး ဝန်ဆောင်မှုများ ပေးနိုင်ရေးအတွက် ဘဏ်နှင့် အခြားသောငွေရေးကြေးရေး အဖွဲ့အစည်းများ၏ လုပ်ငန်းများအား အဆင့်မြှင့်တင်ဆောင်ရွက်ရေး၊ ခေတ်နှင့်လျော်ညီသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် ဖြစ်ပေါ်ရေးနှင့် ရှင်းလင်းလွယ်ကူသော အကောက်ခွန်လုပ်ထုံးလုပ်နည်းများဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် ရသင့်ရထိုက်သော အခွန်ရငွေများ ပြည့်ဝစွာရရှိစေရေး စသော မူဝါဒများချမှတ်၍ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍ၏ ဝန်ဆောင်မှု တန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၆၃,၁၅၉.၆ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၈.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။


**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ်**

**ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၃၁)အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၃၂)တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်စာရင်းများအရ **နှစ်အလိုက်ဈေးနှုန်း** ဖြင့် ကျပ် ၉၆,၆၁၅.၃ သန်း ရရှိခဲ့၍ **စီမံကိန်းရည်မှန်းချက်၏** ၅၉.၂ ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်း** အရ ၃၂.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍအနေဖြင့် စီးပွားရေးလုပ်ငန်းများ အဆင်ပြေလွယ်ကူချောမွေ့စွာ လည်ပတ်စီးဆင်းနိုင်ရန် ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ပေးလျက် ရှိပါသည်။ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများမှ သမဝါယမ

လုပ်ငန်းများ၊ ပုဂ္ဂလိကအိမ်ထောင်စုများ၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေး လုပ်ငန်းကြီးများသို့ ချေးငွေများ ထုတ်ချေးပေးလျက်ရှိပါသည်။ ချေးငွေအမျိုးအစားများအနေဖြင့် နှစ်ချင်းဆပ်ချေးငွေ၊ နှစ်တို/လတ်ချေးငွေနှင့် နှစ်ရှည်ချေးငွေများဖြင့် ပုဂ္ဂလိကအိမ်ထောင်စုများ၊ စီးပွားရေးလုပ်ငန်း ဆောင်ရွက်လိုသည့် အသေးစားလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းကြီးများအထိ လိုအပ်သည့် အရင်းအနှီးများ ထုတ်ချေး ပေးလျက်ရှိပါသည်။

ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုများ တိုးတက်လာသည်နှင့် အမျှ ဘဏ်များ၏ချေးငွေအပေါ် အတိုးရငွေ၊ ငွေလဲလှယ်ခြင်းမှရငွေ၊ ကော်မရှင်နှင့် ဆောင်ရွက်ခရငွေ၊ ရင်းနှီးမြှုပ်နှံမှုအပေါ် အတိုးရငွေများ တိုးတက်ရရှိခဲ့ပါသည်။ ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများကို ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများထံသို့ စနစ်တကျရောက်ရှိစေရေးအတွက် On-site Examination(ကွင်းဆင်းကြီးကြပ်စစ်ဆေးခြင်း) နည်းလမ်းဖြင့်လည်း ဘဏ်အရွယ်အစားပေါ် မူတည်၍ ဆုံးရှုံးနိုင်မှုအခြေခံကြီးကြပ်စစ်ဆေးခြင်း၊ ဖွင့်လှစ်ပြီးဖြစ်သော နိုင်ငံခြားဘဏ်ခွဲများအား ကွင်းဆင်းကြီးကြပ်ခြင်းနှင့် ကျန်နိုင်ငံခြားဘဏ်ခွဲများအတွက် ဖွင့်လှစ်ခွင့်ပြုနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းစသည်ဖြင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအား ကြီးကြပ်ဆောင်ရွက်လျက် ရှိပါသည်။

နိုင်ငံခြားငွေဖြင့်ဆက်စပ်၍ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်သည် နိုင်ငံခြားငွေစာရင်းဌာနတွင် ပုဂ္ဂလိကဘဏ်နှင့်ကုမ္ပဏီများ၊ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများ၏ ငွေသားပေးသွင်းခြင်း၊ ချက်လက်မှတ်ဖြင့် ငွေသားထုတ်ပေးခြင်း၊ ငွေပေးအမိန့်လွှာထုတ်ပေးခြင်း စသည်တို့အတွက် Electronic Queuing System-အမှတ်စဉ်သုံး၍ ကောင်တာတွင် ပြီးပြတ်အောင်ဆောင်ရွက်ခြင်းဖြင့် ပိုမိုလျင်မြန်သော ဝန်ဆောင်မှုများ ပေးနိုင်ခဲ့ပါသည်။ ထို့ပြင် ကုန်သွယ်မှုချေးငွေလုပ်ငန်း (Trade Financing) ကို စည်းကမ်းချက်များ တိကျစွာသတ်မှတ်ထားရှိပြီး လုပ်ငန်းရှင်များအား စံနှုန်းဖြင့်လည်းကောင်း၊ ပျက်ကွက်မှုများအတွက် ဥပဒေကြောင်းအရ လုပ်ငန်းရှင်မှ တာဝန်ယူမှုဖြင့်လည်းကောင်း ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် တောင်သူလယ်သမားများအား သီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုအပ်သော ရင်းနှီးငွေကြေးကို အတိုးနှုန်းအနည်းငယ်ဖြင့် သီးနှံအမျိုးအစားအလိုက် လည်းကောင်း၊ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် စက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရန် ချေးငွေများကိုလည်းကောင်း နှစ်တိုချေးငွေများ ထုတ်ချေးပေးလျက်ရှိပါသည်။ ယခင်နှစ်များက စပါးသီးနှံအတွက် တစ်ဧကချေးငွေ ကျပ်တစ်သိန်းထုတ်ချေး

ပေးခဲ့ရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ တစ်ကေလျှင် ကျပ်တစ်သိန်းငါးသောင်းထိ ပိုမိုထုတ်ချေးပေးခဲ့ပြီး ယခုနှစ် မိုးရာသီချေးငွေတွင် အဓိကအားဖြင့် စပါး၊ မြေပဲ၊ နှမ်းသီးနှံတို့အတွက် တိုးချဲ့ထုတ်ချေးပေးနိုင်ခဲ့ပါသည်။

တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပုဂ္ဂလိကဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခွင့်ပြုခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်အတွင်း ဘဏ်ခွဲစုစုပေါင်း (၈၆) ခု ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ထို့ပြင် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပုဂ္ဂလိကအသေးစား ငွေရေးကြေးရေး လုပ်ငန်းများအားလုပ်ကိုင်ခွင့် လိုင်စင်များကို ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်အထိ INGO ၅ ဖွဲ့၊ NGO ၂၄ ဖွဲ့၊ ပြည်ပကုမ္ပဏီ ၂၄ ဖွဲ့၊ ပြည်တွင်းကုမ္ပဏီ ၁၀၉ ဖွဲ့၊ အစုစပ်ကုမ္ပဏီ ၄ ဖွဲ့၊ စုစုပေါင်း ၁၆၆ ဖွဲ့မှာ တိုင်းဒေသကြီး/ ပြည်နယ်များတွင် အသေးစားငွေစုငွေချေးလုပ်ငန်းများကို လုပ်ကိုင်လျက် ရှိပါသည်။

အဆိုပါ အသေးစားငွေရေးကြေးရေးလုပ်ငန်း အဖွဲ့အစည်းများမှ ဆင်းရဲနွမ်းပါးသူများ၏လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန်အတွက် ပုံမှန်ချေးငွေ (Business Loan)၊ ထပ်ဆောင်း ချေးငွေ၊ အသေးစားလုပ်ငန်းငယ် ချေးငွေ၊ ပညာရေးကျန်းမာရေး ချေးငွေနှင့်လယ်ယာသုံးစက်ပစ္စည်း ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးလျက်ရှိရာ အဆိုပါ ချေးငွေများမှ ရရှိလာသည့် ဝင်ငွေများမှာ သိသာစွာ တိုးတက်ခဲ့ပါသည်။

ပုဂ္ဂလိကအာမခံလုပ်ငန်းများ ဆက်လက်ဖွံ့ဖြိုးစေရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာ လုပ်ငန်းများအား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ရောမြန်မာအာမခံကုမ္ပဏီအား အမေရိကန်ဒေါ်လာဖြင့် အာမခံလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခြင်း၊ First National Insurance Co., Ltd အား မုံရွာမြို့နှင့် ပြည်မြို့တို့၌ ရုံးခွဲများဖွင့်လှစ်ခွင့်ပြုခြင်း၊ ပုဂ္ဂလိကအာမခံကုမ္ပဏီများ၏ အစိုးရငွေတိုက်စာချုပ်များ ဝယ်ယူခွင့်ရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း အစရှိသည်တို့ကိုဆောင်ရွက်နိုင်ခဲ့ပါသည်။ အာမခံလုပ်ငန်းများ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် ငွေရေးကြေးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူ ပြုနိုင်မည် ဖြစ်ပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ငွေရေးကြေးရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြ ဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ (၃-၃၃)**

**၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်စီမံကိန်းဦးစီးရုံးများ

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ငွေရေးကြေးရေးကဏ္ဍ၏ အကောင်အထည် ဖော်နိုင်မှု အခြေအနေတွင် မြန်မာ့အာမခံလုပ်ငန်းသည် ၂၀၁၆ ခုနှစ် ဩဂုတ်လ ၁ ရက်မှ စတင်၍ စက်တပ်ယာဉ်များ အားလုံးအတွက် သူတစ်ပါးထိခိုက်မှုအာမခံကြေးနှုန်းထားများ ပြင်ဆင်ခြင်း၊ နစ်နာကြေးများ တိုးမြှင့်ပေးချေခြင်း အစီအစဉ်ကို ဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် **ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်**တို့တွင် နိုင်ငံပိုင် မြန်မာ့အာမခံလုပ်ငန်း နှင့် မြန်မာ့စီးပွားရေးဘဏ် တို့၏ ရငွေများ မြင့်မားခဲ့ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး** အတွင်း၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ်ထိ ပုဂ္ဂလိက ဘဏ်ခွဲပေါင်း (၁၆) ခု တိုးချဲ့ဖွင့်လှစ်ခြင်း၊

ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ချေးငွေများမှ အတိုးရငွေများအပြင် ငွေလွှဲခနှင့် ဝန်ဆောင်ခ ရငွေများ များပြားခြင်း၊ ပုဂ္ဂလိကအာမခံလုပ်ငန်းများ ဖြစ်သော I.K.B.Z Insurance Global Co.,ltd နှင့် Grand Guardian Insurance Co.,ltd တို့မှ လုပ်ငန်းခွဲ ၂ ခု တိုးချဲ့ဖွင့်လှစ်ခြင်းနှင့် မှတ်ပုံတင်၍ အသေးစားငွေကြေးလုပ်ငန်း အဖွဲ့အစည်းများ ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများမှာ စုစုပေါင်း ၁၉ ဖွဲ့ထိ တိုးချဲ့ ဖွင့်လှစ်၍ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်လျက် ရှိခြင်းများကြောင့် ဖြစ်ပါသည်။

**ဧရာဝတီတိုင်းဒေသကြီး**တွင် အသေးစား ငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင် ရရှိထားသော ပုဂ္ဂလိက အဖွဲ့အစည်း ၃၅ ဖွဲ့မှ မြို့နယ် ၂၆ မြို့နယ်၊ ကျေးရွာပေါင်း ၃,၀၆၂ ရွာ တွင် ချေးငွေ ကျပ်သန်းပေါင်း ၁၀၉,၉၇၃.၈ သန်း အထိ ထုတ်ချေးပေးနိုင်ခဲ့ပြီး ၎င်းချေးငွေများ အပေါ်မှ အတိုးရငွေများသည် ပိုမိုရရှိခဲ့ပါသည်။ အလားတူပင် **မကွေးတိုင်းဒေသကြီး**အတွင်း မြို့နယ် ၁၄ မြို့နယ်တွင် Pact Global Microfinance Fund မှ အသေးစားငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်လျက် ငွေအရင်းအနှီး လိုအပ်မှုကို ဖြည့်ဆည်းပေးလျက်ရှိပါသည်။

**မန္တလေးတိုင်းဒေသကြီး**၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ် အတွင်း မြန်မာနိုင်ငံသားများ ဘဏ်ခွဲ(၁)ခု၊ မြန်မာအရှေ့တိုင်း ဘဏ်ခွဲ (၁) ခု၊ ကမ္ဘောဇဘဏ်ခွဲ (၃) ခု၊ သမဝါယမဘဏ်ခွဲ (၁) ခု၊ ဧရာဝတီဘဏ်ခွဲ(၁)ခု၊ မြန်မာ့ရှေ့ဆောင်ဘဏ်ခွဲ(၁)ခု၊ စုစုပေါင်း (၈) ခု တိုးချဲ့ဖွင့်လှစ်၍ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ငွေရေးကြေးရေး အဖွဲ့အစည်းများဖြစ်သော ပုဂ္ဂလိက အာမခံလုပ်ငန်းများလည်း တိုးချဲ့လုပ်ကိုင်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ပုဂ္ဂလိကအာမခံကုမ္ပဏီ ၂ ခုသာ ရှိရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် ပုဂ္ဂလိကအာမခံကုမ္ပဏီပေါင်း ၅ ခုထိ တိုးချဲ့ လုပ်ကိုင်လျက် ရှိသောကြောင့် ငွေရေးကြေးရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးများ တိုးတက်လာပါသည်။ ထို့အတူ **နေပြည်တော်ကောင်စီနယ်မြေ** တွင်လည်း ပုဂ္ဂလိကအာမခံလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက် ရှိပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**အတွင်း ပြည်တွင်းပုဂ္ဂလိကဘဏ်ခွဲများ၏ ဝင်ငွေများ မြင့်မားသည့်အပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ်တွင် နိုင်ငံခြားဘဏ်ခွဲများ၏ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိခြင်းများကြောင့် တိုးတက်ခဲ့ခြင်း ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်အတွင်း ရန်ကုန်တိုင်း ဒေသကြီး၌ မြန်မာနိုင်ငံသားများ ဘဏ်ခွဲ(၁)ခု၊ မြဝတီဘဏ်ခွဲ (၁) ခု၊ မြန်မာအရှေ့တိုင်းဘဏ်ခွဲ (၂) ခု၊ ကမ္ဘောဇဘဏ်ခွဲ (၁၄) ခု၊ ကမ္ဘာ့ရတနာဘဏ်ခွဲ (၄) ခု၊ သမဝါယမဘဏ်ခွဲ (၁) ခု၊ အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်ခွဲ (၂) ခု၊ ဧရာဝတီဘဏ်ခွဲ (၁၂) ခု၊ ယူနိုက်တက်အမရာဘဏ်ခွဲ (၈) ခု၊

မြန်မာ့ရှေ့ဆောင် ဘဏ်ခွဲ (၃) ခု၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေး ဘဏ်ခွဲ (၁)ခု၊ စုစုပေါင်း (၄၉) ဘဏ် တိုးချဲ့ဖွင့်လှစ်၍ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော သမဝါယမငွေစုငွေချေး အသင်းများသည် အသင်းသားများ၏ စုဆောင်းငွေများအပြင် China EXIM ဘဏ်မှ ချေးငွေရယူ၍ အသေးစား အရင်းအနှီးချေးငွေများ၊ လယ်ယာသုံး စက်ကိရိယာများ၊ လုပ်ငန်းသုံး စက်ကိရိယာများ၊ ရေလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူနိုင်ရန် အရစ်ကျချေးငွေ များထုတ်ချေး ပေးခဲ့ရာ ယခုနှစ်တွင်ထိုချေးငွေများကို အရစ်ကျပြန်လည် ပေးဆပ်ခြင်းနှင့် အတိုးရငွေများ ကောက်ခံရရှိခြင်းများကြောင့် **ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီ တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော် ကောင်စီနယ်မြေ** တို့တွင် သမဝါ ယမ ငွေစုငွေချေးအသင်းများ၏ ဝင်ငွေများလည်း သိသာစွာ တိုးတက်ခဲ့ပါသည်။


**လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ။** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂,၈၄၉,၉၃၄.၈ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၄.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**


ပုံ(၃-၃၄) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၃၅) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ ပထမ(၆)လပတ် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် သန်း ၁,၂၂၁,၂၈၉.၁ ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၄၂.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၄.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ် ကုန်အထိ လူမှုရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) ၂၀၁၆-၂၀၁၇ ပညာသင်နှစ် KG (သူငယ်တန်း) သင်ရိုးသစ်ဖြင့် ဆရာ၊ ဆရာမများ လေ့ကျင့်သင်တန်းပေးရေးစီမံကိန်း(Kintergarten Rollout Training) အရ ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍မြို့နယ်ပေါင်း ၃၂၈ မြို့နယ် တွင်သင်တန်းသား ၉၁,၈၅၇ ဦးတို့ကို လေ့ကျင့်သင်တန်းပေးခဲ့ပါသည်။

(ခ) လူတိုင်းအကျုံးဝင်ပညာရေးဖော်ဆောင်မှု၏ တစ်စိတ်တဒေသဖြစ်သည့် မြန်မာနိုင်ငံရှိ ကျောင်းပြင်ပရောက်ကလေးများ၏ အခြေအနေကို လေ့လာစိစစ် အကဲဖြတ်ခြင်း(Out-of-School children Initite-OOSCI) သုတေသနလုပ်ငန်းကို UNICEF နှင့်ပူးပေါင်း၍ ဦးစီးကော်မတီ၊ နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

(ဂ) အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။

(ဃ) စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂဒေသ၊ လဟယ်မြို့နယ်တွင် ဝက်သက်ရောဂါ အစုလိုက်ဖြစ်ပွားမှု၊ သေဆုံးမှု၊ နန်းယွန်းမြို့နယ်တွင် လူအချို့သေဆုံးမှုနှင့် ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

(င) ရောဂါကာကွယ် နှိမ်နင်းရေး လုပ်ငန်းများအနေဖြင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်း၊ သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ တီဘီရောဂါ ရှာဖွေကုသရေးလုပ်ငန်း၊ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံချက် လုပ်ငန်းများအား ဆောင်ရွက်ပေးခဲ့ပါ သည် ။

(စ) အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် ပူးပေါင်း၍ အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ နှင့် စပ်လျဉ်းသည့် စာချုပ်နှင့် အဓမ္မခိုင်းစေမှု ပပျောက်ရေးအတွက် တိုက်တွန်းချက်အမှတ် ၂၀၃ အား ပြည်သူ့လွှတ်တော်သို့ တင်ပြမှတ်တမ်း တင်ခဲ့ပါသည်။

(ဆ) လူကုန်ကူးမှု ကြိုတင်တားဆီး ကာကွယ်ရေး အသိပညာပေးမှု လုပ်ငန်းများ အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ၂၈၆,၉၇၆ ဦးအား အသိပညာပေးမှုများ ဆောင်ရွက်နိုင်ခဲ့ ပါသည်။

(ဇ) သက်ကြီးရွယ်အို အခွင့်အရေးများဆိုင်ရာ ဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေနှင့် ကလေးသူငယ်ဥပဒေတို့ကို အသစ်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး မသန်စွမ်းသူများ၏အခွင့်အရေးများနည်းဥပဒေကို အသစ်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

(ဈ) ဈျူကလီးယား ဘေးအန္တရာယ် ကင်းရှင်းရေးကို ရည်ရွယ်သည့် မြန်မာ့ ဈျူကလီးယား ဥပဒေ(မူကြမ်း) ကို ရေးဆွဲပြုစုလျက်ရှိပါသည်။

(ည) သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သော အသိပညာများကို တိုင်းဒေသကြီး/ ပြည်နယ်များတွင် (၁၉၁)ကြိမ် ပြုလုပ်ခဲ့ပြီး ပြည်သူလူထု ၄၈,၂၈၂ ဦးအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာများကို ဖြန့်ဝေနိုင်ခဲ့ပါသည်။

(ဋ) Denmark နိုင်ငံ University of Copenhagen နှင့် မန္တလေးတက္ကသိုလ် မနုဿဗေဒဌာနတို့ ပူးပေါင်း၍ ရှေးခေတ် လူသားမျိုးနွယ်များနှင့် မျက်မှောက်ခေတ် လူသားမျိုးနွယ်တို့၏ ဆက်နွယ်မှုအား ရှာဖွေဖော်ထုတ်ခြင်းဆိုင်ရာ သုတေသနကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်ကုန်အထိ စီမံခန့်ခွဲရေးဆိုင်ရာဖွံ့ဖြိုး တိုးတက်ရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှုအမျိုးသားအဆင့်မဟာဗျူဟာ (National Strategy for Development of Statistics - NSDS) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး၊ စာရင်းအင်းဥပဒေသစ်အား ပြဋ္ဌာန်းနိုင်ရန်အတွက် လိုအပ်သည်များအား ဆောင်ရွက်ခဲ့ပါသည်၊

(ခ) မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာနရုံး အဆောက်အဦ စာရင်းလွှဲပြောင်း လက်ခံစိစစ်ခြင်းနှင့် စိစစ်ပြီးမှတ်တမ်းများအား အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) သို့ လွှဲပြောင်းပေးခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

(ဂ) နည်းပညာနှင့်သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး နှီးနှောဖလှယ်ပွဲ (TVET Forum) ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာနတွင် ကျင်းပခဲ့ပါသည်။

(ဃ) ကျန်းမာရေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်လျက်ရှိသည့် ဥပဒေ(မူကြမ်း)များကို ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

(င) မြန်မာနိုင်ငံလူဝင်မှု ကြီးကြပ်ရေးဥပဒေ(မူကြမ်း) ပြင်ဆင်ရေးဆွဲပြီး၊ ဥပဒေ(မူကြမ်း) အား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်ကုန်အထိ စီးပွားရေးနှင့်ဆက်နွယ်ရာ စီမံခန့်ခွဲမှုတွင် အောက်ပါ တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့အကြား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲတွင် ဂျာမနီနိုင်ငံမှ မြန်မာနိုင်ငံ၏

ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ယူရိုငွေသန်း ၆၀ အထိ တိုးမြှင့်ထောက်ပံ့ရန်နှင့် စိုက်ပျိုးရေးကဏ္ဍ ထပ်မံတိုးချဲ့ရန် ကူညီထောက်ပံ့မည်ဖြစ်ကြောင်း အော်ဂဲနစ် သီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှု မြှင့်တင်ရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါ သည် ။

(ခ) အပြည်ပြည်ဆိုင်ရာအကြမ်းဖက်မှု၊ နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းနှင့် မူးယစ်ဆေးဝါးတရားမဝင် ကူးသန်းရောင်းဝယ်ခြင်းဆိုင်ရာ ဘင်းမ်စတက်ကွန်ဗင်းရှင်းအား မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည် ။

(ဂ) အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးမှုအတွက် ပြင်ဆင်ရေးဆွဲလျက်ရှိသော Green Economy Policy Framework (zero draft) နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍမှအကောင်အထည်ဖော် ကျင့်သုံးဆောင်ရွက်လျက်ရှိသော - မူဝါဒ၊ ရည်မှန်းချက်၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများ၊ နှစ်ရှည် နှစ်တိုစီမံကိန်း လုပ်ငန်းများနှင့် ပတ်သက်ပြီး ဆွေးနွေး ဆောင်ရွက်ခဲ့ပါသည် ။

(ဃ) စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD) ၏ Multi-dimentional Review of Myanmar Third Phase အစီရင်ခံစာ စာအုပ်အား ထုတ်ဝေခဲ့ပါသည် ။

(င) အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက် ရရှိစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair) များ ကျင်းပပြုလုပ်ခြင်း၊ သွားလာရန် ခက်ခဲသည့်ဒေသများသို့ Mobile Team ဖြင့် ကွင်းဆင်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

(စ) လုပ်သားအင်အားစစ်တမ်း နှစ်စဉ်ကောက်ယူနိုင်ရေးအတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ILO တို့တွေ့ဆုံဆွေးနွေး၍ ဆောင်ရွက်လျက်ရှိပါသည်။

(ဆ) ၁၉၄၈ ခုနှစ်၊ အလုပ်အကိုင်ဆိုင်ရာ စာရင်းစစ်တမ်းယူခြင်း အက်ဥပဒေ၊ ၁၉၅၁ ခုနှစ်၊ ရေနံမြေ(အလုပ်သမားနှင့် သက်သာချောင်ချိရေး) အက်ဥပဒေ၊ ၁၉၅၉ ခုနှစ်၊ အလုပ်ခန့်ထားမှု ကန့်သတ်ရေးအက်ဥပဒေတို့ကို ခေတ်နှင့် လျော်ညီစွာ ပြင်ဆင်ရေးဆွဲလျက်ရှိ ပါသည်။

(ဇ) ၂၀၁၄ ခုနှစ်၊ လူဦးရေ သန်းခေါင်စာရင်းမှ ရရှိသော အချက်အလက်များအား အသုံးပြု၍ လုပ်သား အင်အားစာတမ်း (အစီရင်ခံစာ) အတွက် လိုအပ်သောမြေပုံ

များကို ရေးဆွဲဆောင်ရွက်ခဲ့ပြီး၊ နေပြည်တော်ရှိထင်ရှားသည့် အမှတ်အသား နေရာများအား Global Positioning System (GPS)ကို အသုံးပြု၍ ကွင်းဆင်း ဆောင်ရွက်ခဲ့ပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ (၃-၃၆)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် **ပုံမှန်ဈေးနှုန်းများအရ** ယခင်နှစ် အလားတူကာလထက် ၄.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ခြင်းမှာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်များတွင် ပညာရေးဌာနအနေဖြင့် မူလတန်းအဆင့် ဆရာ/ဆရာမများအား လစ်လပ်နေရာများတွင် ဖြည့်သွင်းခန့်ထားခြင်း၊ တိုးချဲ့ခန့်ထားခြင်း၊ မူလတန်း၊ အလယ်တန်း နှင့် အထက်တန်းအဆင့် ဆရာဆရာမများအား ရာထူးတိုးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊ ကျန်းမာရေးကဏ္ဍတွင်လည်း ဆရာဝန်နှင့် သူနာပြု စသည့်ကျန်းမာရေးဝန်ထမ်းများအား တိုးချဲ့ခန့် ထားခြင်းတို့ကြောင့် ဖြစ်ပါသည်။

**ဟိုတယ်၊ စားသောက်ဆိုင်နှင့် ဝန်ဆောင်မှုကဏ္ဍ (ဟိုတယ်၊ ဟိုတယ်ဆောင်၊ ဝန်ဆောင်မှုလုပ်ငန်း)** မဟုတ်ပါ။

**ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ။** ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍသည် ပုဂ္ဂလိကပိုင်လုပ်ငန်းများ အများဆုံးပါဝင်သောကဏ္ဍဖြစ်ပါသည်။ ဝန်ဆောင်မှုလုပ်ငန်းများတွင် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှု၊ နေ့ကလေးထိန်းလုပ်ငန်း၊ ပုဂ္ဂလိကပိုင် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ အလှပြင်ဆိုင်၊ အားကစားစင်တာ၊ ဂိမ်းစင်တာ၊ Shopping Center ၊ နိုင်ငံခြားသည့်ကြိုစကားပြန်လုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်လုပ်ငန်းများ အပါအဝင် ပုဂ္ဂလိက ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂,၁၁၆,၈၀၀.၄ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၁၂.၃ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက် အပေါ်**

**ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**


ပုံ(၃-၃၇) အကောင်အထည်ဖော်နိုင်မှု

(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၃၈) တိုးတက်မှုနှုန်း

(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ

ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ ပထမ(၆)လပတ် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၉၉၃,၅၃၇.၂ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၄၆.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၉.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍတွင် ပါဝင်သော ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းမှ ဝင်ငွေများသည်လည်း တစ်နှစ်ထက် တစ်နှစ် ပိုမိုတိုးတက် ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုမှာ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ပထမ (၆) လပတ်တွင် ပြည်ပခရီးသည် ၁,၉၁၀,၅၅၅ ဦး လာရောက်ခဲ့ပြီး သုံးစွဲခဲ့သည့်နိုင်ငံခြားငွေ အမေရိကန် ဒေါ်လာ ၉၀၅.၉၅၅ သန်း ရရှိခဲ့ပါသည်။ ခရီးသွားလုပ်ငန်းမှ ဝင်ငွေများ တိုးတက် ရရှိခဲ့ပြီး ခရီးသွားလုပ်ငန်း နှင့် ဆက်စပ်လျက်ရှိသောလုပ်ငန်းများတိုးတက်ခဲ့ပြီး၊ အလုပ်အကိုင် အခွင့်အလမ်း များရရှိခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပေးခဲ့သော လိုင်စင်များမှာ-

ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ ( ၆ ) လ ပတ် ပြည်တွင်းပုဂ္ဂလိကပိုင် လုပ်ငန်း ဟိုတယ် ၄၁ လုံးနှင့် အခန်း ၁,၇၈၆ ခန်းအား လုပ်ငန်းလိုင်စင်များ ခွင့်ပြုထုတ်ပေးခဲ့ပါသည်။

ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်အနေဖြင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်ပထမ (၆) လပတ် မြန်မာနိုင်ငံ အတွင်း ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသည်များအား ပို့ဆောင်ပေးနိုင်ရန် အတွက် ပို့ဆောင်ရေးလုပ်ငန်းလိုင်စင် ၁,၁၃၆ ခု အား လုပ်ငန်း လိုင်စင်များခွင့်ပြု ထုတ်ပေးခဲ့ပါသည်။

ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် ပြည်တွင်းပုဂ္ဂလိကမှ လုပ်ကိုင်လျက်ရှိသော ခရီးလှည့်လည်ရေးကုမ္ပဏီ ၄၂၁ ခု အား လုပ်ငန်း လိုင်စင်များ ခွင့်ပြုထုတ်ပေးခဲ့ပါသည်။

ဧည့်လမ်းညွှန်လိုင်စင်အနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့် ခရီးသည်များသည် ၎င်းတို့၏ ဘာသာစကားဖြင့် ရှင်းလင်းပြောကြားခြင်းကို နှစ်သက်ကြ ပါသည်။ ယင်းသို့ရှင်းလင်းပြောကြားနိုင်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ် သက်ဆိုင်ရာ ဘာသာရပ် ဧည့်လမ်းညွှန် (ဒေသဆိုင်ရာဧည့်လမ်းညွှန်အပါအဝင်) ၆၃၀ ဦး အား လုပ်ငန်းလိုင်စင်များ ခွင့်ပြုထုတ်ပေးနိုင်ခဲ့ပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဌာနရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ (၃-၃၉)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဟိုတယ်ဇုန် များစွာရှိသည့်အနက် ရန်ကုန်၊ တောင်ကြီး၊ မန္တလေးနှင့် ပုဂံညောင်ဦးဇုန်များတွင် ကမ္ဘာလှည့်ခရီးသည်များအများဆုံး ဝင်ရောက်ခဲ့ပြီး လွိုင်ကော်နှင့် နေပြည်တော်ဇုန် တို့တွင် အနည်းဆုံးဝင်ရောက်ခဲ့ပါသည်။


ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရန်အတွက် အဆင့်အတန်းမီသော စားသောက်ဆိုင် လုပ်ငန်းများ၊ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေးမီရန်လိုအပ်ပါသည်။၎င်းအပြင် ထင်ရှားသည့်နေရာများသို့ လေယာဉ်ခရီးစဉ်များတိုက်ရိုက်ရောက်ရှိရေး ဆောင်ရွက်ရန်လိုအပ် ပါသည်။

**ကုန်သွယ်ရေးကဏ္ဍ။** နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ပြုပြင်ပြောင်းလဲမှုများနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေလွယ်ကူချောမွေ့စေရန် ကုန်သွယ်မှုလုပ်ငန်းအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ကုန်သွယ်ရေးကဏ္ဍ၏ ကုန်သွယ်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁၆,၁၂၀,၁၇၂.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၆.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**
**ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းအခြေအနေ**

ပုံ(၃-၄၀) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၄၁) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ကုန်သွယ်ရေးကဏ္ဍ၏ ပထမ(၆)လပတ် ကုန်သွယ်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၄,၆၆၈,၆၈၆.၈ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၂၉.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၄.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပြည်ပကုန်သွယ်မှု။** ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ယာယီစာရင်းများအရ ပြည်ပပို့ကုန်ကို အမေရိကန်ဒေါ်လာ ၅,၉၅၅.၀ သန်း၊ ပြည်ပ သွင်းကုန်အမေရိကန်ဒေါ်လာ ၇,၇၀၉.၂ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၁၃,၆၆၄.၂ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ပို့ကုန်များသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ယာယီစာရင်းများအရ လယ်ယာထွက်ကုန်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၁,၅၂၈.၀ သန်း (၂၅.၇%) ၊

ရေနံနှင့် သဘာဝဓာတ်ငွေ့ အမေရိကန်ဒေါ်လာ ၁,၅၀၄.၈ သန်း (၂၅.၃%)၊ စက်မှုကုန်ချော ပစ္စည်းများ အမေရိကန်ဒေါ်လာ ၉၇၁.၇ သန်း ( ၁၆.၃%)၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၂၈၂.၃ သန်း (၄.၇%)၊ ရေထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၂၄၁.၄ သန်း (၄.၀%)၊ သစ်တောထွက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၁၂၄.၁ သန်း (၂.၁%)၊ တိရစ္ဆာန်ထွက် ပစ္စည်းများ အမေရိကန်ဒေါ်လာ ၃.၁ သန်း (၀.၁%) နှင့် အခြားပစ္စည်းများ အမေရိကန်ဒေါ်လာ ၁၂၉၉.၆ သန်း(၂၁.၈%)၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၅,၉၅၅.၀ သန်း ပြည်ပသို့ တင်ပို့ နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ သွင်းကုန်များအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ယာယီစာရင်းများအရ ရင်းနှီးကုန်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၂,၄၁၁.၈ သန်း (၃၁.၃%)၊ လုပ်ငန်းတွင်းသုံး ကုန်ကြမ်းနှင့်အရန်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၂,၄၉၈.၉ သန်း (၃၂.၄%)၊ လူသုံးကုန်ပစ္စည်းအမေရိကန်ဒေါ်လာ ၂,၇၉၈.၅ သန်း(၃၆.၃%)၊စုစုပေါင်း အမေရိကန် ဒေါ်လာ ၇,၇၀၉.၂ သန်း တင်သွင်းခဲ့ပါသည်။

မြန်မာနိုင်ငံ၏ အများဆုံး ကုန်သွယ်ဘက်နိုင်ငံများအနေဖြင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှ စုစုပေါင်း ကုန်သွယ်မှုပမာဏ၏ ၃၇.၆ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံမှ ၁၅.၄ ရာခိုင်နှုန်း၊ စင်္ကာပူနိုင်ငံမှ ၁၁.၇ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံမှ ၈.၇ ရာခိုင်နှုန်းနှင့် ဂျပန်နိုင်ငံမှ ၇.၄ ရာခိုင်နှုန်း အသီးသီး ကုန်သွယ်နိုင်ခဲ့ပါသည်။

ပြည်ပပို့ကုန်အများဆုံး တင်ပို့သည့်နိုင်ငံများမှာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ အမေရိကန် ဒေါ်လာ ၂,၄၀၀.၂ သန်း၊ ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁,၁၃၀.၂ သန်း၊ အိန္ဒိယနိုင်ငံသို့ အမေရိကန် ဒေါ်လာ ၇၀၄.၉ သန်း၊ စင်္ကာပူနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃၆၄.၄ သန်းနှင့် ဂျပန် နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃၅၅.၈ သန်း ဖြစ်ပါသည်။ အများဆုံးတင်ပို့သော ကုန်စည်များမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ချုပ်ပြီးအထည်၊ မတ်ပဲ၊ ပဲတီစိမ်း၊ ကျောက်စိမ်းနှင့်ဆန်တို့ ဖြစ်ကြပါသည်။

ပြည်ပသွင်းကုန်အများဆုံး တင်သွင်းသည့်နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အမေရိကန် ဒေါ်လာ ၂,၇၃၈.၂ သန်း၊ စင်္ကာပူနိုင်ငံမှ အမေရိကန်ဒေါ်လာ ၁,၂၃၀.၈ သန်း၊ ထိုင်းနိုင်ငံမှ အမေရိကန်ဒေါ်လာ ၉၇၀.၆ သန်း၊ ဂျပန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၆၄၉.၀ သန်းနှင့် အိန္ဒိယနိုင်ငံမှ အမေရိကန်ဒေါ်လာ ၄၇၇.၅ သန်း ဖြစ်ပါသည်။ အများဆုံးတင်သွင်းသော ကုန်စည်များမှာ ရေနံထွက်ပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ စားသောက်ရေး ကုန်ကြမ်းပစ္စည်းများ၊ ဘတ်(စ်)ကားနှင့်ကုန်တင်ကားများ၊ သံနှင့် သံမဏိ ဆောက်လုပ်ရေးပစ္စည်း၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ ဖြစ်ကြပါသည်။

နိုင်ငံတကာကုန်သွယ်မှုတွင် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံများအားလုံး လိုက်နာဆောင်ရွက်ရသည့် သဘောတူညီချက်များတွင် မြန်မာနိုင်ငံအနေဖြင့် လိုက်ပါ ဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းခြင်း၊ အမိန့်များထုတ်ပြန်ခြင်း၊ ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးဆိုင်ရာ စီမံဆောင်ရွက်မှုများအား ထုတ်ပြန်ကြေညာခြင်း၊ အသိပေးခြင်းလုပ်ငန်းများကို ပွင့်လင်းမြင်သာမှုအား အထောက်အပံ့ဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါသည်။

ယှဉ်ပြိုင်မှုနည်းဥပဒေ(မူကြမ်း)ရေးဆွဲခြင်းနှင့် သွင်းကုန်ပမာဏ မြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးမှုဥပဒေ(မူကြမ်း)ရေးဆွဲရန် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ပါသည်။ ကုန်သွယ်မှုအချက်အလက်များ ဘဏ္ဍာတိုက် (National Trade Portal and Trade Repository Website) တည်ထောင်ရေးကို USAID ၏ကူညီထောက်ပံ့မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ National Trade Portal Website ကို ၂၀၁၆ ခုနှစ် မေလ(၂၆)ရက်နေ့တွင် တရားဝင်လွှင့်တင်ခဲ့ပြီးဖြစ်ပါသည်။ Single Window လိုက်ပါ အကောင်အထည် ဖော်ဆောင်မှုအနေဖြင့် အကောက်ခွန်ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Myanmar Automated Cargo Clearance System (MACCS) စနစ် နည်းပညာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ခြင်းတွင် စီမံခန့်ခွဲခြင်းဆိုင်ရာ ကူညီထောက်ပံ့မှု၊ စီမံကိန်းပြီးစီးမှုအခြေအနေနှင့် ကုန်သွယ်မှု သတင်းအချက်အလက် ကွန်ယက်ကနဦးရွေ့ပြောင်းစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများ ဆောင်ရွက်လျက် ရှိပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO) နှင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုနှင့် ဆက်နွယ်နေ သောလုပ်ငန်းများတွင်WTO မှ အကူအညီပေးသော EIF အစီအစဉ်အောက်ရှိ Tier 1 Project အတွက် "Training Programme on WTO Trade Remedy Measures-Emphasis on Practical Application" သင်တန်းကျင်းပခဲ့ပါသည်။ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဘက်စုံလေ့လာမှု Diagnostic Trade Integration Study (DTIS) လုပ်ငန်းစဉ်ကို ကုန်သွယ်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်အဖွဲ့တို့ပူးပေါင်း၍ DTIS ၏ Final Report အား Launching Ceremony for Diagnostic Trade Integration Study (DTIS) ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် Generalized Scheme of Preferences (GSP) အခွင့်အရေး လက်ခံရရှိသောနိုင်ငံဖြစ်သော်လည်း သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသော Sanitary and Phytosanitary (SPS) စံချိန်စံညွှန်းများ ကောင်းမွန်၍ ပို့ကုန်ပစ္စည်းများကို ဈေးကွက်အတွင်းသို့ ဝင်ရောက်လာစေရန် လိုအပ်ချက်များစွာ ရှိနေဆဲဖြစ်ပါသည်။ မြန်မာနိုင်ငံသည် GSP နှင့်ပတ်သက်

၍ အစီအစဉ် (၁၂)ခု အနက် အမေရိကန်နိုင်ငံမှအပ ကျန်နိုင်ငံများ၏ National GSP Scheme တွင် ပါဝင် ဆောင်ရွက် လျက်ရှိပါသည်။ GSP အစီအစဉ်အရ အကြမ်းဖျင်း အကောက်ခွန် ကင်းလွတ် ခွင့်ပြုသောပစ္စည်းများမှာ စက်မှုထွက်ကုန်၊ လယ်ယာ ထွက်ကုန်၊ လက်မှုအနုပညာ ပစ္စည်းများ ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အီးယူဈေးကွက်သို့ ငါး၊ပုစွန်စသည့် ရေထွက်ကုန်များ၊ ဆန်၊ပဲ နှင့် လယ်ယာထွက်ကုန်များ၊ ကြိမ်ထည်၊သစ်အချောထည်၊ အဝတ်အထည်၊ ဖိနပ်စသည့်တင်ပို့မှုများမှ အကောက်ခွန်ကင်းလွတ်မှုခံစားလျက်ရှိပါသည်။ အမေရိကန်နိုင်ငံ၏ GSP အခွင့်အရေး ပြန်လည် ရရှိနိုင်ရန် နိုင်ငံတော်အပိုင်းမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် များကို ကုန်သွယ်ရေးဦးစီးဌာန (နေပြည်တော်နှင့် ရန်ကုန်မြို့) နှင့် ကုန်သွယ်ရေးစခန်းများ ဖြစ်သော လွယ်ဂျယ်၊ မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ တမူး၊ ရိဒ်၊ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ မြိတ်၊ ထီးခီး၊ ကျိုင်းတုံနှင့် မောတောင်စသည့် ကုန်သွယ်ရေးစခန်းများတွင် လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြု ထုတ်ပေးလျက်ရှိပါသည်။

တင်ပို့ထုတ်လုပ်သူကိုယ်တိုင်မှတ်ပုံတင်စနစ် (Registered Exporter System-REX) သည် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် စတင်မည် ဖြစ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် လိုအပ်သော ပြင်ဆင်မှုများ ဆောင်ရွက်ဆဲဖြစ်သဖြင့် (၁-၁-၂၀၁၈)ရက်နေ့တွင် လိုက်ပါဆောင်ရွက်မည် ဖြစ်ကြောင်း ဥရောပကော်မရှင်သို့ အကြောင်းကြားပြီး ဖြစ်ပါသည်။


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကုန်သွယ်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြ ဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၃-၄၂)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်**

**စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်ကုန် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ဒေသတွင်းထုတ်လုပ်မှုကဏ္ဍများ၏ထုတ်လုပ်မှုနည်းနေခြင်းနှင့် ပြင်ပမှပုံမှန်ရောင်းဝယ်မှုများသာ ရှိသည့်အတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် စီမံကိန်းရည်မှန်းချက်အပေါ် ၃၀% ဝန်းကျင်ခန့်သာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် ကုန်သွယ်မှုမြှင့်တင်ရေးဗဟိုဌာနများကို ကယားပြည်နယ်၊ လွိုင်ကော်တွင် ကန္တရဝတီကုန်သွယ်မှုဗဟိုဌာန ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်တွင် မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန၊ ရခိုင်ပြည်နယ်တွင် သဇင်မြေ ကုန်သွယ်မှု ဗဟိုဌာန၊ တောင်ကြီးတွင် ကမ္ဘောဇ ကုန်သွယ်မှုဗဟိုဌာနတို့ကို ဖွင့်လှစ်နိုင်ခဲ့သဖြင့် စုစုပေါင်း (၁၁) ခု ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။ ပြည်တွင်းကုန်စည်ပြပွဲများ အနေဖြင့် ရန်ကုန်မြို့တွင် ကျင်းပ ပြုလုပ်ခဲ့သည့် ပြည်တွင်းကုန်စည်ပြပွဲ (၁၃) ပွဲနှင့် ပြည်ပနိုင်ငံများသို့ သွားရောက် ပြသခဲ့သည့်

ပြည်ပကုန်စည်ပြပွဲ (၁၀) ပွဲနှင့် ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တွင် ကျင်းပခဲ့သည့် ဒေသထွက်ကုန် ကုန်စည်ပြပွဲ (၄) ပွဲတို့ကို ကျင်းပနိုင်ခဲ့ပါသည်။

ကုန်စည်ပြပွဲများတွင် ပြည်ပသို့တင်ပို့ရန် အလားအလာရှိသည့် ပြည်တွင်းထွက်ကုန်ပစ္စည်းများကိုပြသ၍ ကုန်စည်ပြပွဲမှတစ်ဆင့် ထွက်ကုန်များ ဈေးကွက်ရရှိရေးနှင့် ကုန်သွယ်မှုအခွင့်အလမ်းများ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

**လုပ်ငန်းစီမံကိန်းများဆောင်ရွက်နိုင်မှုအခြေအနေ**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုတွင် ပြည်ထောင်စုဝန်ကြီးဌာန များအနက် လုပ်ငန်းစီမံကိန်းများ တာဝန်ယူဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုဝန်ကြီးဌာန (၆) ခုရှိရာ လုပ်ငန်းစီမံကိန်းများအတွက် ကျပ် ၉၈၄,၁၈၃.၀၅၆ သန်း လျာထားခဲ့ပါသည်။ ပထမ (၆) လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ၏ စုစုပေါင်းအသုံးစရိတ် ကျပ် ၂၅၂,၁၁၀.၇၈၄ သန်း သုံးစွဲနိုင်ခဲ့သောကြောင့် လျာထားချက်အပေါ် ၂၅.၆ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ပြီး ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်အတွင်း ဝန်ကြီးဌာနအလိုက် လုပ်ငန်းစီမံကိန်း ဆောင်ရွက်နိုင်မှုအခြေအနေကို ငွေကြေးထုတ်ယူသုံးစွဲမှုအလိုက် စိစစ်တင်ပြအပ်ပါသည်။

(က) **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေလုံး ငွေရင်း အသုံးစရိတ်အပေါ် ကျပ် ၅၈,၄၁၀.၉၈၈ သန်း၊ ၂၅.၇၀ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ကျပ် ၅၈,၂၃၈.၈၃၉ သန်းနှင့် ၃၁.၇၅ ရာခိုင်နှုန်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ကျပ် ၁၇၂.၁၄၉ သန်းနှင့် ၅.၈၇ ရာခိုင်နှုန်း အသီးသီး သုံးစွဲခဲ့ပြီး ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပထမ (၆)လပတ် အတွင်း၌ တပ်ရွာလျှပ်စစ် မြစ်ရေတင်လုပ်ငန်း ကေ (၁၆၅၄၈) နှင့် ဓမ္မသ လျှပ်စစ် မြစ်ရေတင် လုပ်ငန်း ကေ(၅,၀၀၀) စီမံကိန်းများမှာ ခွင့်ပြုငွေအပေါ် ရာနှုန်းပြည့် သုံးစွဲထားပြီး ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အသုံးစရိတ် လျာထားချက်၏ ၁၀၀ ရာခိုင်နှုန်း နှင့် ၅၀ ရာခိုင်နှုန်းကြား သုံးစွဲ ပြီး စီမံကိန်း (၁၄) ခု၊ ၅၀ ရာခိုင်နှုန်းနှင့် ၃၀ ရာခိုင်နှုန်းကြား သုံးစွဲပြီး စီမံကိန်း (၇) ခု၊ ၃၀ ရာခိုင်နှုန်း အောက်သာ သုံးစွဲ နိုင်သော စီမံကိန်း (၁၅ )ခု ရှိကြောင်း တွေ့ရှိရပါသည်။

အသုံးစရိတ်များ သုံးစွဲခြင်းမရှိသေးသည့် စီမံကိန်း (၁၇) ခု တွင် ဆည်မြောင်းနှင့်ရေ အသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ လုပ်ငန်းစီမံကိန်းများမှ စက်ကိရိယာများ ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်း လုပ်ငန်းများတွင် ကုမ္ပဏီများ၏ Guaranty မရရှိသေး၍ ဆောင်ရွက်နိုင်ခြင်း မရှိ သေးကြောင်း တွေ့ရှိရပါသည်။ စက်မှုလယ်ယာဦးစီးဌာန၏ စက်ကိရိယာများ ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်း လုပ်ငန်းများမှာ တင်ဒါစာချုပ်များ ချုပ်ဆိုပြီးဖြစ်ပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ မဟာမဲခေါင်ဒေသခွဲနိုင်ငံများအကြား အကောင်အထည်ဖော် ဆောင်ရွက်နေသောပင်မစိုက်ပျိုးရေး

ပံ့ပိုးမှုအစီအစဉ် အပိုင်း(၂)မှာ ထောက်ပံ့ငွေများ ဝင်ရောက်လာခြင်း မရှိသေး ကြောင်း တွေ့ရှိရပါသည်။

(ခ) **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်အတွင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေလုံးငွေရင်း အသုံးစရိတ်အပေါ် ကျပ် ၂၆,၉၇၇.၀၆၇ သန်း၊ ၁၁.၃၉ ရာခိုင်နှုန်းသုံးစွဲခဲ့ပြီး ဖြစ်ပါသည်။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျပ် ၇၇၀.၂၅၀ သန်းနှင့် ၄.၉၀ ရာခိုင်နှုန်း၊ မြန်မာ့မီးရထားမှ ကျပ် ၁၆,၅၃၅.၃၁၈ သန်းနှင့် ၁၃.၇၅ ရာခိုင်နှုန်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကျပ် ၇၇၇.၆၂၈ သန်းနှင့် ၅.၉၆ ရာခိုင်နှုန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကျပ် ၈,၈၉၂.၈၇၁ သန်းနှင့် ၁၀.၁၄ ရာခိုင်နှုန်းတို့အသီးသီး သုံးစွဲခဲ့ပြီး ဖြစ်ပါသည်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ပထမ(၆) လပတ်အတွင်း၌ ကွန်ကရစ်ဇလီဖား စက်ရုံများတည်ဆောက်ခြင်းနှင့် ခပေါင်းတံတားတည်ဆောက်ရေး စီမံကိန်းများမှာ ခွင့်ပြုငွေအပေါ် ရာနှုန်းပြည့် သုံးစွဲထားပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။ အသုံးစရိတ် လျာထားချက်၏ ၁၀၀ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်း ကြားသုံးစွဲပြီး စီမံကိန်း (၈) ခု၊ ၅၀ ရာခိုင်နှုန်း နှင့် ၃၀ ရာခိုင်နှုန်း ကြားသုံးစွဲပြီး စီမံကိန်း (၂) ခု၊ ၃၀ ရာခိုင်နှုန်းအောက်သာ သုံးစွဲနိုင်သော စီမံကိန်း (၁၀) ခု ရှိကြောင်းတွေ့ရှိရပါသည်။

အသုံးစရိတ်များ သုံးစွဲခြင်းမရှိသေးသည့် စီမံကိန်း (၈) ခုရှိရာတွင် မြန်မာ့မီးရထား၏ လုပ်ငန်းစီမံကိန်းများမှ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေး (ODA Loan) စီမံကိန်းသည် ODA Loan ဖြင့် ဆောင်ရွက်မည့်လုပ်ငန်း အချိန်ဇယား ပြောင်းလဲခဲ့သဖြင့် အစီအစဉ် နောက်ကျခဲ့ခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယချေးငွေဖြင့် သံလမ်းပြုပြင် ထိန်းသိမ်းရန် စက်ခေါင်းသစ် ဆောက်လုပ်ရေးစက်ရုံနှင့် စက်ယန္တရားနှင့် စက်ပစ္စည်းများ ဝယ်ယူခြင်း စီမံကိန်း အနေဖြင့် တင်ဒါခေါ်ယူဆဲကာလ ဖြစ်ခြင်းကြောင့်လည်းကောင်း၊ OCC လုပ်ငန်းအတွက် လမ်းလွှဲ/ကူးများဖြင့်ပြုပြင် တပ်ဆင်ခြင်း စီမံကိန်းသည် ခန့်မှန်းတွက်ချက်ဆဲကာလ ဖြစ်ခြင်းကြောင့်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချေးငွေဖြင့် စက်ခေါင်း(၆) ခေါင်း ဝယ်ယူမည့် စီမံကိန်းမှာ လုပ်ငန်းလိုအပ်ချက်အရ လူစီးတွဲ (၃၀) တွဲသို့ ပြောင်းလဲ ဝယ်ယူမည်ဖြစ်၍ လည်းကောင်း၊ ကိုရီးယားချေးငွေ (EDCF Loan)ဖြင့် ပထမအကြိမ် တွဲ (၁၀၀) ဝယ်ယူခြင်း စီမံကိန်းမှာ ကိုရီးယားနိုင်ငံ၏ Request for Proposal (RFP) ဆောင်ရွက်ဆဲကာလ ဖြစ်ခြင်းကြောင့်လည်းကောင်း လုပ်ငန်းစီမံကိန်း စတင်နိုင်ခြင်း မရှိသေးကြောင်း တွေ့ရှိရပါသည်။

သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ Myanmar Satellite Project သည် စက်တင်ဘာလတွင် တင်ဒါခေါ်ယူခဲ့၍ စာချုပ်ချုပ်ဆိုခဲ့ပြီး ပစ္စည်းတင်သွင်းပြီးပါက ငွေပေးချေမည်ဖြစ်ပါသည်။ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့် ဖိုင်ဘာဆက်ကြောင်း နှင့် မိုက္ကရိုဝေ့ဖ်ဆက်ကြောင်းများ တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်းအတွက် ကိုရီးယားသမ္မတနိုင်ငံ ချေးငွေဖြင့် Consultant Fee အချိန်မီ မပေးချေနိုင်သေးခြင်း၊ ဆက်သွယ်ရေးကွန်ယက်များ အဆင့်မြင့်တင်မှု စီမံကိန်းအတွက် Consultant Fee တချို့တဝက်သာပေးချေနိုင်ခြင်း၊ Sea-Me-We-5 ရေအောက်ကေဘယ်လ် စနစ်စီမံကိန်းအတွက် အချိုးကျထည့်ဝင်ကြေး ပေးသွင်းရန် ဘဏ်အခက်အခဲကြောင့် ပေးသွင်းနိုင်မှု မရှိသေးခြင်းတို့ကြောင့် သုံးစွဲနိုင်မှုများ နည်းနေ သေးခြင်းဖြစ်ပါသည်။

**(ဂ) သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်အတွင်း သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြု ငွေလုံးငွေရင်း အသုံးစရိတ်အပေါ် ကျပ် ၁,၀၈၂.၄၂၃ သန်း၊ ၁၈.၃၈ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီး ဖြစ်ပါသည်။ သစ်တောဦးစီးဌာနမှ ကျပ် ၁,၀၄၂.၀၇၄ သန်းနှင့် ၁၇.၈၉ ရာခိုင်နှုန်း၊ မြန်မာ့သစ်လုပ်ငန်းမှ ကျပ် ၄၀.၃၄၉ သန်းနှင့် ၆၂.၈၀ ရာခိုင်နှုန်းတို့ သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပထမ(၆)လပတ်အတွင်း သစ်တောဦးစီးဌာနမှ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ စီမံကိန်း (ITTO) မှာ ခွင့်ပြုငွေအပေါ် ရာနှုန်းပြည့် သုံးစွဲထားပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။ Sheffeld University နှင့်ပူးပေါင်းဆောင်ရွက်သည့် မြန်မာ့ဆင်သုတေသန လုပ်ငန်းစီမံကိန်းမှာ အသုံးစရိတ်လျာထားချက်၏ ၆၁.၂ ရာခိုင်နှုန်း သုံးစွဲခဲ့ကြောင်းနှင့် ကျန်စီမံကိန်း (၂) ခုမှ ၃၀ ရာခိုင်နှုန်းအောက်သာ သုံးစွဲပြီးဖြစ်ကြောင်းတွေ့ရှိရပါသည်။

သစ်တောဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ဒီရေတောများပြန်လည် ထူထောင်ရေးစီမံကိန်း (JICA) အနေဖြင့် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလကုန်အထိ သက်ဆိုင်ရာစီမံကိန်း အကောင်အထည်ဖော်သည့် အဖွဲ့များသို့ JICA မှ အရစ်ကျငွေပေးချေခြင်း မရှိသေးသောကြောင့် သုံးစွဲနိုင်ခြင်းမရှိသေးကြောင်းတွေ့ရှိရပါသည်။

(ဃ) **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်အတွင်း လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြု ငွေလုံးငွေရင်း အသုံးစရိတ်အပေါ် ကျပ် ၉၆,၆၂၅.၂၁၀ သန်း၊ ၄၁.၉၄ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ကျပ် ၁၃,၄၃၉.၀၈၅ သန်းနှင့် ၁၃.၈၆ ရာခိုင်နှုန်း၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ကျပ် ၈၃,၁၈၆.၁၂၅ သန်းနှင့် ၆၂.၃၃ ရာခိုင်နှုန်းတို့ သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပထမ(၆)လပတ်အတွင်း အသုံးစရိတ် ခွင့်ပြုငွေအပေါ် ရာနှုန်းပြည့်သုံးစွဲပြီး လုပ်ငန်းစီမံကိန်းပေါင်း (၁၇)ခု၊ လျာထားချက်၏ ၁၀၀ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်း ကြား သုံးစွဲပြီး စီမံကိန်း (၁၈) ခု၊ ၅၀ ရာခိုင်နှုန်းနှင့် ၃၀ ရာခိုင်နှုန်း ကြားသုံးစွဲပြီး စီမံကိန်း (၄) ခု၊ ၃၀ ရာခိုင်နှုန်းအောက်သာ သုံးစွဲနိုင်သော စီမံကိန်း (၁၂) ခုတို့ရှိကြောင်း တွေ့ရှိ ရပါသည်။

အသုံးစရိတ်များ သုံးစွဲခြင်းမရှိသေးသည့် စီမံကိန်း (၂၃) ခု ရှိရာတွင် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၊ လုပ်ငန်းစီမံကိန်းများမှ အထက်ဘီလူးချောင်း စီမံကိန်းသည် ဈေးငွေအသက်မဝင်သေးခြင်းကြောင့် ငွေမသုံးစွဲနိုင်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဟုန်းညို(၁) စီမံကိန်းသည် တိုင်းဒေသကြီးအစိုးရသို့ လွှဲပြောင်းပေးမည့် စီမံကိန်း ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ချင်းပြည်နယ်အတွင်း တည်ဆောက်မည့် ၆၆ ကေဗွီဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းသည် ချင်းပြည်နယ်အတွင်း မိုးများ၍ မြေပြိုမှုများရှိနေခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများကြောင့် လုပ်ငန်းစတင်နိုင်ခြင်း မရှိသေးကြောင်း တွေ့ရပါသည်။ အချို့စီမံကိန်းများမှာ ကုမ္ပဏီများမှ ပစ္စည်းပေးသွင်းနိုင်မှုမရှိသေးခြင်းနှင့် အချို့မှာ တင်ဒါခေါ်ယူဆဲဖြစ်၍ ငွေပေးချေ နိုင်မှုမရှိသေးခြင်း တို့ဖြစ်ပါသည်။

(င) **စက်မှုဝန်ကြီးဌာန**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ် အတွင်း စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းအနေဖြင့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေလုံးငွေရင်း အသုံးစရိတ် အပေါ် ကျပ် ၄၆,၁၈၃.၆၀၁ သန်း၊ ၂၇.၀၇ ရာခိုင်နှုန်း သုံးစွဲ ဆောင်ရွက်နိုင်ပြီး ဖြစ်ပါသည်။ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ) စီမံကိန်းသည် လျာထားချက်၏ ၂၁.၅၁ ရာခိုင်နှုန်းနှင့် အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းသည် ၄၇.၇၃ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီး ဖြစ်ပါသည်။

အမှတ်(၁)အကြီးစား စက်မှုလုပ်ငန်းမှ စက်ရုံ (၅) ရုံကို ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းနေခြင်းကြောင့် အကြီးစားဒီဇယ် အင်ဂျင်ထုတ်လုပ်မှုစီမံကိန်း (သာဂရ) စီမံကိန်းမှာ ငွေထုတ်ယူသုံးစွဲနိုင်ခြင်း မရှိသေးကြောင်း တွေ့ရှိရပါသည်။

(စ) **ဆောက်လုပ်ရေးဝန်ကြီးဌာန**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆)လပတ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၏ ခွင့်ပြုငွေလုံးငွေရင်းအသုံးစရိတ်အပေါ် ကျပ် ၂၂,၈၃၁.၄၉၅ သန်း၊ ၂၀.၁၈ ရာခိုင်နှုန်း သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ တံတားဦးစီးဌာနမှ ကျပ် ၂၂,၈၃၁.၄၉၅ သန်းနှင့် ၂၁.၁၀ ရာခိုင်နှုန်း သုံးစွဲပြီးဖြစ်ပါသည်။ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပထမ (၆) လပတ် အတွင်း၌ ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ တံတား အမှတ်၁/၂၁၈ ပွင့်ဖြူ တံတားနှင့် ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားအမှတ်(၂) (ထိုင်း-မြန်မာနယ်စပ်) တို့တွင် အသုံး စရိတ်ခွင့်ပြုငွေအပေါ် ရာနှုန်းပြည့် သုံးစွဲထားပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။ အသုံးစရိတ် လျာထားချက်၏ ၁၀၀ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်း ကြားသုံးစွဲပြီး စီမံကိန်း (၁၁) ခု၊ ၅၀ ရာခိုင်နှုန်းနှင့် ၃၀ ရာခိုင်နှုန်း ကြားသုံးစွဲပြီး စီမံကိန်း (၉) ခု၊ ၃၀ ရာခိုင်နှုန်းအောက်သာ သုံးစွဲနိုင် သော စီမံကိန်း (၁၇) ခု ရှိကြောင်း တွေ့ရှိရပါသည်။

အသုံးစရိတ်များ သုံးစွဲခြင်း မရှိသေးသည့် စီမံကိန်း (၁၇) ခုတွင် တံတားဦးစီးဌာနမှ ရွှေဘို-မြစ်ကြီးနား လမ်းပေါ်ရှိ တံတားအမှတ် (၁/၂၂၀) ပင်းဘောတံတား၊ ကျောက်ဆည်-ပြင်ဦးလွင်လမ်းပေါ်ရှိ ဒုဋ္ဌဝတီတံတား၊ ရန်ကုန်-ပြည်-မကွေးလမ်းပေါ်ရှိ တောင်သာချောင်း တံတား၊ ရောဝတီတံတား (အောင်လံ-သရက်)၊ ရွှာသစ်- စွပ်ပိုင်လမ်းပေါ်ရှိ သံလွင် မြစ်ကူး တံတားတို့၏ အသုံးစရိတ်များအား မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ အင်စွပ် (၄/၄၁) နှင့် ထိုင်း-မြန်မာချစ်ကြည်ရေး တံတားအမှတ်(၂) (ထိုင်း-မြန်မာနယ်စပ်) တို့ တည်ဆောက်ရန် ရန်ပုံငွေလွှဲပြောင်းသုံးစွဲမည်ဖြစ်ပါသည်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်းများနှင့် လုပ်ငန်း စီမံကိန်းသစ်များ အားလုံးအတွက် တည်ဆောက်ရေးကော်မတီ၏ ခွင့်ပြုချက် တောင်းခံရခြင်း နှင့် အသေးစိတ် တွက်ချက်မှုများ စစ်ဆေးပြီးမှ ငွေထုတ်ယူနိုင်မည်ဖြစ်သဖြင့် ပထမ (၆)လပတ် အတွင်း ငွေထုတ်ယူ သုံးစွဲနိုင်ခြင်း မရှိသေးကြောင်း တွေ့ရှိရပါသည်။

ပြည်ထောင်စုဝန်ကြီးဌာန (၆)ခုမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစီမံကိန်း များ၏ ဆောင်ရွက်နိုင်မှု အခြေအနေ အသေးစိတ်စာရင်းများကို ဇယားဖြင့် ဖော်ပြအပ်ပါသည်။

# ဇယား (၃-၁)

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# ပထမ (၆)လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | | စီမံကိန်းအမည် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | | | လုပ်ငန်းစီမံကိန်းစတင်သည့်နှစ် |
|---|---|---|---|---|---|---|---|
| | | | | လျာထားချက် (BE) | ( ဧပြီလမှ စက်တင်ဘာလ) | သုံးစွဲပြီးရာခိုင်နှုန်း | |
| ၁ | | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | | ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | | | | |
| | ၁ | | လုပ်ငန်းစီမံကိန်းများ | ၁၈၃၄၂၃.၄၄၂ | ၅၈၂၃၈.၈၃၉ | ၃၁.၇၅% | |
| | | ၁ | ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ | ၁၆၉၉၇၃.၇၉၀ | ၅၂၀၃၈.၄၈၅ | ၃၀.၆၂% | |
| | | ၁ | ဖြူးချောင်းရေလှောင်တမံ | ၂၅၀၀.၀၀၀ | ၁၄၈၈.၉၉၅ | ၅၉.၅၆% | ၂၀၀၀-၂၀၀၂ |
| | | ၂ | ဓောင်းတူ-စွန်ပိရေသွယ်မြောင်း | ၆၀၀.၀၀၀ | ၂၄၅.၄၀၀ | ၄၀.၉၀% | ၂၀၁၂-၂၀၁၃ |
| | | ၃ | ဒေါင်းမြူးရေလှောင်တမံ | ၅၀.၀၀၀ | | | ၂၀၀၇-၂၀၀၈ |
| | | ၄ | မြောက်ယမားတိုးချဲ့ရေသောက်စနစ်(လက်ဝဲ) | ၁၀၀၀.၀၀၀ | ၁၅၀.၀၀၀ | ၁၅.၀၀% | ၂၀၀၈-၂၀၀၉ |
| | | ၅ | ခပေါင်းရေလှောင်တမံစီမံကိန်း(+ရေလွှဲဆည်) | ၃၈၀၀.၀၀၀ | ၂၃၃၃.၀၀၀ | ၆၁.၃၉% | ၁၉၉၄-၁၉၉၅ |
| | | ၆ | ပေါင်းလောင်းရေလှောင်တမံစီမံကိန်း(+ရေလွှဲဆည်) | ၅၀၀၀.၀၀၀ | ၁၃၀၁.၅၉၁ | ၂၆.၀၃% | ၁၉၉၈-၁၉၉၉ |
| | | ၇ | မဒန်းရေလှောင်တမံ | ၁၀၀၀.၀၀၀ | ၅၀၀.၀၀၀ | ၅၀.၀၀% | ၂၀၀၄-၂၀၁၅ |
| | | ၈ | ရန်ကုန်မြို့တော်မိုင်(၃၀)စိမ်းလန်းစိုပြည်ရေး | ၄၀၀.၀၀၀ | ၂၂၅.၁၃၂ | ၅၆.၂၈% | ၂၀၀၃-၂၀၀၄ |
| | | ၉ | ပဂိုင်တာရေသွင်းတံခါး | ၃၀၀.၀၀၀ | | | ၂၀၀၆-၂၀၀၇ |
| | | ၁၀ | စစ်တောင်းမြစ်းဝှမ်းပြွန်တန်ဆာလွင်ပြင်နှင့်ပဲခူး သနပ်ပင်ကဝနစ်စဉ်ရေလွှမ်းမိုးမှုကာကွယ်ခြင်း | ၁၀၀၀.၀၀၀ | | | ၂၀၁၂-၂၀၁၃ |
| | | ၁၁ | ကျိုင်းခမ်းရေလှောင်တမံစီမံကိန်း | ၂၉၇၀၀.၀၀၀ | ၂၉၆၂.၆၁၈ | ၉.၉၈% | ၂၀၀၄-၂၀၁၅ |
| | | ၁၂ | မြစ်သာရေလှောင်တမံစီမံကိန်း | ၂၃၀၀၀.၀၀၀ | ၁၈၆၁၃.၈၁၂ | ၈၀.၉၃% | ၂၀၀၂-၂၀၀၃ |
| | | ၁၃ | အထက်ဖူးရှာရေလှောင်တမံစီမံကိန်း | ၀.၁၀၀ | | | ၂၀၀၆-၂၀၀၇ |
| | | ၁၄ | သုံးဆယ်ရေလှောင်တမံစီမံကိန်း | ၉၀၀.၀၀၀ | ၂.၃၁၈ | ၀.၂၆% | ၂၀၀၀-၂၀၀၁ |
| | | ၁၅ | ကညင်ရေလှောင်တမံစီမံကိန်း | ၄၆၀၀.၀၀၀ | ၁၂၇၃.၈၇၀ | ၂၇.၆၉% | ၂၀၀၂-၂၀၀၃ |
| | | ၁၆ | မုက္ခာရေလှောင်တမံ | ၃၀၀.၀၀၀ | ၁.၆၅၆ | ၀.၅၅% | ၂၀၁၀-၂၀၁၁ |
| | | ၁၇ | ရွှေးမြစ်နှင့်ပြာမလော့မြစ်ကြားရေငန်တားဆောင်ရွက်ပေးခြင်း | ၁၆၀၀.၀၀၀ | | | ၂၀၁၂-၂၀၁၃ |
| | | ၁၈ | ကျောက်ဖြူအထူးစီးပွားရေးဇုန်ရေရရှိရေးလုပ်ငန်း (သိုင်းချောင်းရေလှောင်တမံ) | ၁၂၀၀.၀၀၀ | ၁၁၃၈.၀၀၄ | ၉၄.၈၃% | ၂၀၁၄-၂၀၁၅ |
| | | ၁၉ | မြစ်မခမြစ်အနောက်ဘက်ကမ်းပတ်တာအတွင်းရေတံခါး ရေနုတ်မြောင်းတည်ဆောက်ခြင်း | ၉၃၀.၀၀၀ | | | ၂၀၁၂-၂၀၁၃ |
| | | ၂၀ | ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာန (နည်းပညာပူးပေါင်းဆောင်ရွက်မှုအစီအစဉ်) | ၄၀၀.၀၀၀ | ၃၈.၆၉၈ | ၉.၆၇% | နှစ်စဉ် |
| | | ၂၁ | မိတ္ထီလာမြောက်ကန်အတွင်းသဲနုန်းတူးဖော်ခြင်း | ၇၅၀.၀၀၀ | ၄၉၂.၉၁၇ | ၆၅.၇၂% | ၂၀၁၄-၂၀၁၅ |
| | | ၂၂ | ညောင်ရမ်းမင်းလှကန်သဲနုန်းတူးဖော်ခြင်း | ၁၀၀၀.၀၀၀ | ၈၇၃.၅၈၁ | ၈၇.၃၆% | ၂၀၁၄-၂၀၁၅ |
| | | ၂၃ | မင်္ဂလွန်းရေတံခါး | ၅၀.၀၀၀ | | | ၂၀၁၃-၂၀၁၄ |
| | | ၂၄ | လှည်းကူးမြို့နယ်လဂွမ်းပြင်ရေတံခါး(၆ ပေ x ၆ ပေ) (၈ )ပေါက် | ၅၀.၀၀၀ | | | ၂၀၁၄-၂၀၁၅ |
| | | ၂၅ | ကွမ်းခြံကုန်းမြို့နယ်တော်ကူးချောင်းရေတံခါး | ၅၀.၀၀၀ | | | ၂၀၁၄-၂၀၁၅ |
| | | ၂၆ | ဆောင်ရွက်ရန်စီမံကိန်းသစ်များအတွက်စူးစမ်းလေ့လာ တိုင်းတာခြင်းစူးစမ်း၊ဇလ၊ဘူမိမြေပြင်တိုင်းတာခြင်းလုပ်ငန်း | ၅၀၀.၀၀၀ | ၃၆၆.၈၀၁ | ၇၃.၃၆% | ၂၀၀၂-၂၀၀၃ |

ဇယား (၃-၁) အဆက်

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ပထမ (၆)လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | စီမံကိန်းအမည် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် လျာထားချက် (BE) | ( ဧပြီလမှ စက်တင်ဘာလ) | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၂၇ | အင်းလေးကန်ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သာယာလှပစိမ်းလန်းစိုပြည်ရေးလုပ်ငန်း | ၁၅၀၀.၀၀၀ | ၇၈၂.၀၁၇ | ၅၂.၁၃% | ၁၉၉၂-၁၉၉၃ |
| ၂၈ | မကွေးတိုင်း၊စစ်ကိုင်းတိုင်း၊မန္တလေးတိုင်း၊ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ဧရာဝတီတိုင်းနှင့်ရခိုင်ပြည်နယ်အတွင်းရှိ တာတမံများတောင့်တင်းခိုင်မာအောင်ပြန်လည်ပြုပြင်ခြင်း | ၅၀၀၀.၀၀၀ | ၁၉၄၄.၄၇၀ | ၃၈.၈၉% | ၂၀၀၄-၂၀၀၅ |
| ၂၉ | ဧရာဝတီတိုင်းနှင့်ရန်ကုန်တိုင်းအတွင်းရှိရေငန်တားတာများ အခိုင်အမာမွမ်းမံခြင်း | ၄၃၀၅.၅၀၀ | ၃၆၆.၁၀၂ | ၈.၅၀% | ၂၀၀၈-၂၀၀၉ |
| ၃၀ | ဧရာဝတီတိုင်း၊ရန်ကုန်တိုင်းနှင့်ပဲခူးတိုင်းဒေသကြီးများအတွင်း ရေကြီးနစ်မြုပ်မှုလျော့ပါးစေရေးအတွက်ဆောင်ရွက်သော လုပ်ငန်းများ | ၅၅၀၀.၀၀၀ | ၂၈၉၂.၆၇၆ | ၅၂.၅၉% | ၂၀၁၃-၂၀၁၄ |
| | (က) ပဲခူးတိုင်းဒေသကြီး | | | | |
| | (၁)ချောင်းမြောင်းတူးဖော်ခြင်းလုပ်ငန်း(၁၈၈)ခု | | | | |
| | (၂) ချောင်းမြောင်းတူးဖော်ခြင်းလုပ်ငန်း(၆၁) ခု | | | | |
| | (ခ)ဧရာဝတီတိုင်းဒေသကြီးချောင်းမြောင်းတူးဖော်ခြင်း လုပ်ငန်း(၁၇၁) ခု | | | | နှစ်စဉ် |
| ၃၁ | အရာတော်(၂) ဧက(၂၀၀၀၀) | ၅၂၀.၀၀၀ | ၂၁၈.၂၈၇ | ၄၁.၉၈% | ၂၀၀၂-၂၀၀၃ |
| | (က)မြို့ပြလုပ်ငန်းများဆောင်ရွက်ရန် | ၅၀၀.၀၀၀ | ၁၉၈.၂၈၇ | ၃၉.၆၆% | |
| | (ခ)Pump &Motorလိုင်းတပ်ဆင်ခြင်း 2 Line | ၂၀.၀၀၀ | ၂၀.၀၀၀ | ၁၀၀.၀၀% | |
| ၃၂ | တပ်ရွာလျှပ်စစ် မြစ်ရေတင်လုပ်ငန်းဧက(၁၆၅၄၈) Pipe Line LT Line တပ်ဆင်ခြင်းနှင့်စက်မှုပစ္စည်းများသယ်ပို့ခြင်း | ၉.၉၅၈ | ၉.၉၅၈ | ၁၀၀.၀၀% | ၁၉၉၅-၁၉၉၆ |
| ၃၃ | နံ့ပို့ ဧက(၈၀၀၀) | ၅၄၆.၅၃၄ | ၉၆.၃၄၆ | ၁၇.၆၃% | |
| | (၁)မြို့ပြလုပ်ငန်းဆောင်ရွက်ရန် | ၄၀၆.၇၀၀ | ၈၆.၇၅၆ | ၂၁.၃၃% | ၂၀၁၄-၂၀၁၅ |
| | (၂)O 30" x 1100' MS Pipe တပ်ဆင်ခြင်း 2 Line | ၂၀.၀၀၀ | | | |
| | (၃)11 KV HT Line သွယ်တန်းခြင်း | ၄.၀၀၀ | | | |
| | (၄)( 30' x 30' x 15') Control House RCC 1 No | ၈၅.၀၀၀ | | | |
| | (၅)စက်မှု/လျှပ်စစ် ပစ္စည်းများပြုပြင်ထိန်းသိမ်းရေး 2Nos အဆောက်အဦတည်ဆောက်ခြင်း | ၁၄.၂၃၄ | ၅.၄၄၀ | ၃၈.၂၂% | |
| | (၆)စက်မှု/လျှပ်စစ် ပစ္စည်းများသယ်ယူပို့ဆောင်ခြင်း 1 L/S | ၁၆.၆၀၀ | ၄.၁၅၀ | ၂၅.၀၀% | |
| ၃၄ | မြစ်ပေါက်(ဝမ်းပြည့်) ဧက (၄၅၀)မြေယာလျော်ကြေးချေရန် | ၂၃.၅၀၀ | | | ၁၉၉၅-၁၉၉၆ |
| ၃၅ | ထီးတော်မိုး ဧက (၁၇၅၀) (မြို့ပြလုပ်ငန်းများဆောင်ရွက်ရန်) | ၇၃၀.၁၁၈ | ၅၂၅.၃၅၂ | ၇၁.၈၆% | ၂၀၁၃-၂၀၁၄ |
| ၃၆ | ဆိပ်ဖြူအောက်ဆိပ် ဧက (၁၅၀၀)(မြို့ပြလုပ်ငန်းများဆောင်ရွက်ရန်) | ၃၀၀.၀၀၀ | ၄၉.၉၂၁ | ၁၆.၆၄% | ၂၀၀၆-၂၀၀၇ |
| ၃၇ | မွေသလျှပ်စစ် မြစ်ရေတင်လုပ်ငန်း ဧက (၅၀၀၀) | ၂၀.၀၀၀ | ၂၀.၀၀၀ | ၁၀၀.၀၀% | ၂၀၁၄-၂၀၁၅ |
| | (၁) 11/0.4KV.66/11KV,0.315 MVA ခွဲရုံ1 No တည်ဆောက်ခြင်း | ၈.၆၆၀ | ၈.၆၆၀ | ၁၀၀.၀၀% | |
| | (၂)11 KVဓါတ်အားလိုင်းသွယ်တန်းခြင်း 1 mile | ၃.၅၀၀ | ၃.၅၀၀ | ၁၀၀.၀၀% | |
| | (၃)Infrastructure ကြေးပေးသွင်းရန် 1 L/S | ၇.၈၄၀ | ၇.၈၄၀ | ၁၀၀.၀၀% | |
| ၃၈ | မိတ္ထီလာလွင်ပြင် ဧက(၃၀၀၀၀) | ၁၁၅၃.၁၁၃ | ၃၂၉.၃၉၄ | ၂၈.၅၇% | |
| | (၁)မြို့ပြလုပ်ငန်းဆောင်ရွက်ရန် | ၇၃၃.၃၉၃ | ၁၂၀.၈၉၄ | ၁၆.၄၈% | ၂၀၁၄-၂၀၁၅ |
| | (၂) 66 KV HT Line သွယ်တန်းခြင်း | ၈၉.၇၂၀ | | | |
| | (၃) ၂၃၀ / 66 KV.60 MVA ခွဲရုံ တည်ဆောက်ခြင်း | ၁၅၀.၀၀၀ | ၁၀၈.၅၀၀ | ၇၂.၃၃% | |
| | (၄)11 /3.3 KV ခွဲရုံ တည်ဆောက်ခြင်း | ၂၀.၀၀၀ | | | |
| | (၅)( 100' x 30' x 15') Control House တည်ဆောက်ခြင်း | ၈၀.၀၀၀ | ၇၆.၂၀၀ | ၉၅.၂၅% | |
| | (၆)စက်မှု/လျှပ်စစ် ပစ္စည်းများသယ်ယူပို့ဆောင်ခြင်း | ၈၀.၀၀၀ | ၂၃.၈၀၀ | ၂၉.၇၅% | |

ဇယား (၃-၁) အဆက်

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## ပထမ (၆)လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | စီမံကိန်းအမည် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် လျာထားချက် (BE) | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဧပြီလမှ စက်တင်ဘာလ) | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၃၉ | **နိုင်ငံခြားချေးငွေ/ထောက်ပံ့ငွေဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများ** | **၆၈၃၂၂.၅၁၄** | **၁၂၇၉၅.၅၆၀** | **၁၈.၇၃%** | |
| ၁ | အိန္ဒိယချေးငွေဖြင့်ဆောင်ရွက်သည့်မြန်မာနိုင်ငံဆည်မြောင်းဖွံ့ဖြိုးရေးစီမံကိန်းများ | ၂၂၂၈၄.၇၇၅ | | | |
| | ဆောင်ရွက်ဆဲဆည်ရေသောက်စနစ်တည်ဆောက်ခြင်း | | | | |
| | (၁)ရဲနွယ်ဆည်ရေသောက်စနစ် တည်ဆောက်ခြင်း | ၁၅၇၈၄.၇၇၅ | | | ၂၀၁၄-၂၀၁၅ |
| | (၂)ကွန်းချောင်းဆည်ရေသောက်စနစ် တည်ဆောက်ခြင်း | ၆၅၀၀.၀၀၀ | | | ၂၀၁၄-၂၀၁၅ |
| | **နိုင်ငံခြားချေးငွေဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများ** | | | | |
| ၂ | **ဂျပန် ODA ချေးငွေဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများ** | **၃၈၅၃၈.၂၂၂** | **၁၂၇၂၉.၅၆၀** | **၃၃.၀၃%** | |
| | (၁)တောင်နဝင်းတူးမြောင်းခေတ်မီပြန်လည်တူးဖော်ခြင်း | ၇၅၃၅.၈၄၄ | ၂၄၅၀.၈၈၉ | ၃၂.၅၂% | ၂၀၁၄-၂၀၁၅ |
| | (၂)မြောက်နဝင်းတူးမြောင်းခေတ်မီပြန်လည်တူးဖော်ခြင်း | ၅၆၅၄.၃၃၃ | ၂၂၃၃.၈၉၉ | ၃၉.၅၀% | ၂၀၁၄-၂၀၁၅ |
| | (၃)ဝဲကြီးဆည်ရေသောက်စနစ် | ၁၄၆၇၅.၅၂၆ | ၅၀၆၆.၆၅၆ | ၃၄.၅၂% | ၂၀၁၄-၂၀၁၅ |
| | (၄)တောင်ညိုဆည်ရေသောက်စနစ် | ၁၀၆၇၂.၅၁၉ | ၂၉၇၈.၁၂၄ | ၂၇.၉၀% | ၂၀၁၄-၂၀၁၅ |
| ၃ | **IFAD ချေးငွေဖြင့်ကျေးလက်ဒေသဆင်းရဲသားများ၏ဝင်ငွေတိုးတက်မြင့်မားရေးအတွက်ဘက်စုံလယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း** | **၇၄၉၉.၅၁၇** | **၆၆.၀၀၀** | **၀.၈၈%** | |
| | **-ပထမအဆင့်မြန်မာ့စိုက်ပျိုးရေးကဏ္ဍရှင်သန်နိုးကြားမှုမြှင့်တင်ခြင်းစီမံကိန်း** | | | | |
| | (၁)ပေါင်းလောင်းဆည်ရေသောက်စနစ်တွင် စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်း | ၃၇၄၉.၇၅၉ | ၆၆.၀၀၀ | ၁.၇၆% | ၂၀၁၄-၂၀၁၅ |
| | (၂)ချောင်းမငယ်ဆည်ရေသောက်စနစ်တွင် စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်း | ၃၇၄၉.၇၅၈ | ၆၆.၀၀၀ | ၁.၇၆% | ၂၀၁၄-၂၀၁၅ |
| | စက်ကရိယာများဝယ်ယူခြင်းနှင့်တပ်ဆင်ခြင်း | ၁၃၆၀.၄၅၂ | | | |
| ၂ | **လုပ်ငန်းစီမံကိန်းသစ်များ** | **၁၃၄၄၉.၆၅၂** | **၆၂၀၀.၃၅၄** | **၄၆.၁၀%** | |
| ၁ | ရခိုင်ပြည်နယ်၊စစ်တွေမြို့သောက်သုံးရေ ဖူလုံရေးအတွက်ကန်တော်ကြီးအားတိုးချဲ့ပြုပြင်ခြင်း | ၁၈၆၈.၃၀၂ | | | ၂၀၁၅-၂၀၁၆ |
| ၂ | နမ့်ကျန်ရေလှောင်တမံရေပိုလွှဲမြှင့်တင်ခြင်း | ၃၀၀.၀၀၀ | ၂၈၉.၅၈၆ | ၉၆.၅၃% | ၂၀၁၅-၂၀၁၆ |
| ၃ | သဘာဝဘေးအန္တရာယ်ကြောင့်ပျက်စီးဆုံးရှုံးသည့်ရေအားအဆောက်အအုံများအကြီးစားပြင်ဆင်ခြင်းလုပ်ငန်း | ၆၀၀၀.၀၀၀ | ၅၈၄၉.၉၆၈ | ၉၇.၅၀% | နှစ်စဉ် |
| ၄ | **နိုင်ငံခြားချေးငွေ ဆောင်ရွက်မည့်စီမံကိန်းများ** | **၅၂၈၁.၃၅၀** | **၆၀.၈၀၀** | **၁.၁၅%** | |
| ၁ | IFAD ထောက်အပံ့ငွေဖြင့်ကျေးလက်ဒေသဆင်းရဲသားများ၏ဝင်ငွေတိုးတက်မြင့်မားရေးအတွက်ဘက်စုံလယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း | ၁၄၁.၃၅၀ | ၆၀.၈၀၀ | ၄၃.၀၁% | ၂၀၁၄-၂၀၁၅ |
| | -ပထမအဆင့်မြန်မာ့စိုက်ပျိုးရေးကဏ္ဍရှင်သန်နိုးကြားမှုမြှင့်တင်ခြင်းစီမံကိန်း | ၁၄၁.၃၅၀ | ၆၀.၈၀၀ | ၄၃.၀၁% | ၂၀၁၄-၂၀၁၅ |
| | -စီမံကိန်းအထောက်အကူပြုသင်တန်းများနှင့်ကျွမ်းကျင်သူများပံ့ပိုးခြင်း | | | | |
| ၂ | ကမ္ဘာဘဏ်ချေးငွေဖြင့်ဆောင်ရွက်မည့်စီမံကိန်းစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုစီမံကိန်း | ၅၁၄၀.၀၀၀ | | | ၂၀၁၆-၂၀၁၇ |

ဇယား (၃-၁) အဆုံး

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## ပထမ (၆)လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | | စီမံကိန်းအမည် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | | | လုပ်ငန်းစီမံကိန်းစတင်သည့်နှစ် |
|---|---|---|---|---|---|---|---|
| | | | | လျာထားချက် (BE) | (ဧပြီလမှ စက်တင်ဘာလ) | သုံးစွဲပြီးရာနိုင်နှုန်း | |
| ၁ | | | ၂ | ၃ | ၄ | ၅ | ၆ |
| ၂ | | | **စက်မှုလယ်ယာဦးစီးဌာန** | | | | |
| | ၁ | | **လုပ်ငန်းစီမံကိန်းများ** | ၄၀၈၈၄.၅၅၀ | | | |
| | | ၁ | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | ၃၈၅၉၃.၃၈၂ | | | |
| | | | **ဆည်မြောင်းစနစ်ဖွံ့ဖြိုးရေးစီမံကိန်း(Development of Irrigation Schemes in Myanmar (EXIM Bank of India Loan)** | | | | |
| | | ၁ | စက်ကရိယာများဝယ်ယူခြင်းနှင့်တပ်ဆင်ခြင်း | ၃၈၅၉၃.၃၈၂ | | | |
| | | ၂ | **လုပ်ငန်းစီမံကိန်းသစ်** | ၂၂၉၁.၁၆၈ | | | |
| | | | လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုစီမံကိန်း **(Agriculture Development Support Project (World Bank Loan)** | | | | |
| | | ၁ | စက်ကရိယာများဝယ်ယူခြင်းနှင့်တပ်ဆင်ခြင်း | ၂၂၉၁.၁၆၈ | | | |
| ၃ | | | **စိုက်ပျိုးရေးဦးစီးဌာန** | | | | |
| | ၁ | | **လုပ်ငန်းစီမံကိန်းများ** | ၂၉၃၃.၄၇၁ | ၁၇၂.၁၄၉ | ၅.၈၇% | |
| | | ၁ | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | ၁၁၃၇.၆၁၁ | ၁၇၂.၁၄၉ | ၁၅.၁၃% | |
| | | | **စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ** | ၉၁၂.၃၅၀ | ၁၀၆.၃၉၄ | ၁၁.၆၆% | |
| | | ၁ | **ဆောက်လုပ်ရေးလုပ်ငန်း** | ၉၁၂.၃၅၀ | ၁၀၆.၃၉၄ | ၁၁.၆၆% | |
| | | | **မြန်မာ့စိုက်ပျိုးရေးကဏ္ဍရှင်သန်နိုးကြားမှုမြှင့်တင်ခြင်းစီမံကိန်း(ချေးငွေ)** | | | | |
| | | | **(က) အဆောက်အဦ** | ၇၄၅.၃၀၀ | | | |
| | | | (၁) စိုက်ပျိုးရေးအသိပညာပေးဗဟိုဌာနRC (၂၀)လုံးဆောက်လုပ်ခြင်း | ၇၄၅.၃၀၀ | | | |
| | | | **(ခ) အခြားတည်ဆောက်မှု** | ၁၆၇.၀၅၀ | | | |
| | | | (၁) စိုက်ပျိုးရေးအသိပညာပေးဗဟိုဌာနများ အတွက် လိုအပ်သော ဆက်စပ်လုပ်ငန်းများ (ရေတွင်းတူး၊ ရေစင်၊ ခြံစည်းရိုးစသည်များ) | ၁၁၅.၆၅၀ | | | |
| | | | (၂) အဆောက်အဦးပြင်ဆင်စရိတ် | ၂၅.၇၀၀ | | | |
| | | | (၃) KC များအတွက်လျှပ်စစ်မီးရရှိရေးနှင့် သွယ်တန်းခြင်း | ၂၅.၇၀၀ | | | |
| | | | စက်ကိရိယာများဝယ်ယူခြင်းနှင့်တပ်ဆင်ခြင်း | ၂၂၅.၂၆၁ | ၆၅.၇၅၅ | ၂၉.၁၉% | |
| | | ၂ | **လုပ်ငန်းစီမံကိန်းသစ်** | ၁၇၉၅.၈၆၀ | | | |
| | | ၁ | **စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ** | ၁၉၂.၇၅၀ | | | |
| | | | **(၁) အခြားတည်ဆောက်မှုလုပ်ငန်း** | | | | |
| | | | **မဟာမဲခေါင်ဒေသခွဲနိုင်ငံများအကြားအကောင်အထည်ဖော်ဆောင်ရွက်နေသောပင်မစိုက်ပျိုးရေးပံ့ပိုးမှုအစီအစဉ် အပိုင်း(၂) (အကူအညီရငွေ)** | | | | |
| | | | တဖက်ရပ်ဆည်များ(၁၀)လုံးအဆင့်မြှင့်တင်ခြင်း | ၁၉၂.၇၅၀ | | | |
| | | ၂ | **စက်ကိရိယာများဝယ်ယူခြင်းနှင့်တပ်ဆင်ခြင်း** | ၁၆၀၃.၁၁၀ | | | |
| | | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနစုစုပေါင်း** | ၂၂၇၂၄၁.၄၆၃ | ၅၈၄၁၀.၉၈၈ | ၂၅.၇၀% | |

# ဇယား (၃-၂)

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## ပထမ (၆)လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| စဉ် | | | | စီမံကိန်းအမည် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | ပြည်ထောင်စု ငွေလုံးငွေရင်း | ဧပြီလ မှ စက်တင်ဘာလ | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
| ၁ | | | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | | | **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ** | **၁၅၇၃၂.၀၀၀** | **၇၇၁.၂၅၀** | **၄.၉၀%** | |
| | | | | **ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန** | | | | |
| | ၁ | | | **လုပ်ငန်းစီမံကိန်းများ** | **၁၅၇၃၂.၀၀၀** | **၇၇၁.၂၅၀** | **၄.၉၀%** | |
| | | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | **၁၅၇၃၂.၀၀၀** | **၇၇၁.၂၅၀** | **၄.၉၀%** | |
| | | | ၁ | ရေဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲမှု စီမံကိန်း | ၁၅၇၃၂.၀၀၀ | ၇၇၁.၂၅၀ | ၄.၉၀% | ၂၀၁၅-၂၀၁၆ |
| ၂ | | | | **မြန်မာ့မီးရထား** | **၁၂၀၂၃၀.၃၈၄** | **၁၆၅၃၅.၃၁၈** | **၁၃.၇၅%** | |
| | | | - | **မြို့ပြအင်ဂျင်နီယာဌာန** | **၂၉၇၅၆.၄၈၂** | **၉၆၂၈.၄၂၇** | **၃၂.၃၆%** | |
| | ၁ | | | **လုပ်ငန်းစီမံကိန်းများ** | **၂၉၇၅၆.၄၈၂** | **၉၆၂၈.၄၂၇** | **၃၂.၃၆%** | |
| | | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | **၁၆၁၂၅.၄၃၂** | **၉၆၂၈.၄၂၇** | **၅၉.၇၁%** | |
| | | | ၁ | ကြံခင်း-ပခုက္ကူရထားလမ်းဖောက်လုပ်ရေးစီမံကိန်း | ၁၁၀၀.၀၀၀ | ၇၉၀.၉၇၅ | ၇၁.၉၁% | |
| | | | ၂ | နေပြည်တော်ဘူတာတည်ဆောက်ရေးစီမံကိန်း | ၁၇၇.၃၇၅ | ၃၀.၀၀၀ | ၁၆.၉၁% | |
| | | | ၃ | ကသာ-ဗန်းမော်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း | ၆၅၀.၀၀၀ | ၂၂၀.၀၇၂ | ၃၃.၈၆% | |
| | | | ၄ | ကွန်ကရစ်ဇလီဖားစက်ရုံများတည်ဆောက်ခြင်း | ၂.၈၉၆ | ၂.၈၉၆ | ၁၀၀.၀၀% | |
| | | | ၅ | ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း | ၃၄၅.၇၅၂ | ၂၀၉.၈၄၁ | ၆၀.၆၉% | |
| | | | ၆ | မင်းဘူ-အမ်း-စစ်တွေရထားလမ်းဖောက်လုပ်ရေး စီမံကိန်း | ၈၀၀.၀၀၀ | ၁၁၅.၄၉၈ | ၁၄.၄၄% | |
| | | | ၇ | ပုသိမ်-ရန်ကုန်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း | ၂၇၀၆.၃၀၀ | ၂၀၆၁.၇၂၀ | ၇၆.၁၈% | |
| | | | ၈ | ဟသ်ာတ-ညောင်တုန်းရထားလမ်းဖောက်လုပ်ရေး စီမံကိန်း | ၈၂၇.၀၄၈ | ၇၅၀.၁၃၈ | ၉၀.၇၀% | |
| | | | ၉ | မြစ်ငယ်တံတားတည်ဆောက်ရေးစီမံကိန်း | ၄၀၀.၀၀၀ | ၃၂၄.၀၉၈ | ၈၁.၀၂% | |
| | | | ၁၀ | ခပေါင်းတံတားတည်ဆောက်ရေးစီမံကိန်း | ၇၈.၃၃၇ | ၇၈.၃၃၇ | ၁၀၀.၀၀% | |
| | | | ၁၁ | အင်းစိန်ကားလမ်းကူးခုံးကျော်တံတား တည်ဆောက်ရေး စီမံကိန်း | ၂၁၅.၀၀၀ | ၁၅၀.၀၀၀ | ၆၉.၇၇% | |
| | | | ၁၂ | စီမံကိန်းများအတွက် မြေယာလျော်ကြေးပေးချေခြင်း | ၅၀၀.၀၀၀ | ၄၄၈.၆၄၁ | ၈၉.၇၃% | |
| | | | ၁၃ | တရုတ်ပြည်သူ့သမ္မတနိုင်ငံချေးငွေဖြင့် စက်ခေါင်းသစ် ဆောက်လုပ်ရေး စက်ရုံနှင့် လူစီးတွဲ၊ကုန်တွဲသစ်ဆောက်လုပ်ရေးစက်ရုံ တည်ဆောက်ခြင်း US$ (၉၄.၅၃)သန်း | ၇၃၉၂.၇၂၄ | ၄,၃၂၆.၂၁၁ | ၅၈.၅၂% | |
| | | | ၁၄ | ရွာသာကြီးဘူတာတည်ဆောက်ရေးစီမံကိန်း | ၈၀၀.၀၀၀ | ၁၀၀.၀၀၀ | ၁၂.၅၀% | |

ဇယား (၃-၂) အဆက်

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## ပထမ (၆)လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| စဉ် | | | | စီမံကိန်းအမည် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | ပြည်ထောင်စု ငွေလုံးငွေရင်း | ဧပြီလ မှ စက်တင်ဘာလ | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
| ၁ | | | | ၂ | ၃ | ၄ | ၅ | ၆ |
| | | | ၁၅ | မြစ်ငယ် ကုန်းတွင်းဆိပ် (Dry Port) တည်ဆောက်ရေးစီမံကိန်း | ၁၂၀.၀၀၀ | ၂၀.၀၀၀ | ၁၆.၆၇% | |
| | | | ၁၆ | လှည်းတန်း ခုံးကျော်တံတားတည်ဆောက်ရေး စီမံကိန်း | ၁၀.၀၀၀ | | | |
| | | ၂ | | **လုပ်ငန်းစီမံကိန်းသစ်များ** | **၁၃၆၃၁.၀၅၀** | | | |
| | | | ၁ | ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေး(ODA Loan) | ၁၀၆၄၄.၀၀၀ | | | |
| | | | ၂ | အိန္ဒိယချေးငွေဖြင့် သံလမ်းပြုပြင်ထိန်းသိမ်းရန် စက်ခေါင်းသစ်ဆောက်လုပ်ရေးစက်ရုံနှင့် စက်ယန္တရားနှင့် စက်ပစ္စည်းများဝယ်ယူခြင်း ( US $ 86.13 သန်း ) | ၂၈၈၇.၀၅၀ | | | |
| | | | ၃ | OCC လုပ်ငန်းအတွက် လမ်းလွှဲ/ကူးများဖြင့် ပြုပြင်တပ်ဆင်ခြင်း | ၁၀၀.၀၀၀ | | | |
| | | | – | **စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန** | **၉၀၄၇၄.၉၀၂** | **၆၉၀၆.၈၉၁** | **၇.၆၃%** | |
| | ၁ | | | **လုပ်ငန်းစီမံကိန်းများ** | **၉၀၄၇၄.၉၀၂** | **၆၉၀၆.၈၉၁** | **၇.၆၃%** | |
| | | ၂ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | **၉၀၄၇၄.၉၀၂** | **၆၉၀၆.၈၉၁** | **၇.၆၃%** | |
| | | | ၁ | တရုတ်ပြည်သူ့သမ္မတနိုင်ငံချေးငွေဖြင့် စက်ခေါင်းသစ် ဆောက်လုပ်ရေးစက်ရုံ နှင့် လူစီးတွဲ ၊ ကုန်တွဲသစ်ဆောက်လုပ်ရေး စက်ရုံတည်ဆောက်ခြင်း US$ (၉၄.၅၃)သန်း | ၃၇၇၇၃.၇၂၄ | ၂၆၃၀.၀၉၁ | ၆.၉၆% | |
| | | | ၂ | အိန္ဒိယချေးငွေဖြင့် ဒီဇယ်စက်ခေါင်းများ ၊ လူစီးတွဲများ နှင့် စက်ပစ္စည်းများဝယ်ယူခြင်း US$(၈၆.၃၁)သန်း | ၂၉၉၁၁.၅၁၈ | ၄၂၇၆.၈၀၀ | ၁၄.၃၀% | |
| | | | ၃ | တရုတ်ပြည်သူ့သမ္မတနိုင်ငံချေးငွေဖြင့် စက်ခေါင်း (၆)ခေါင်းဝယ်ယူခြင်း Yuan (၈၀)သန်း | ၃၈၃.၆၆၀ | | | |
| | | | ၄ | ကိုရီးယားချေးငွေ(EDCF Loan)ဖြင့် ပထမအကြိမ်တွဲ (၁၀၀) ဝယ်ယူခြင်း US$(၄၅.၀၀)သန်း | ၂၁၉၂၀.၀၀၀ | | | |
| | | | ၅ | ကိုရီးယားချေးငွေ(EDCF Loan)ဖြင့် ပထမအကြိမ်တွဲ (၁၀၀) ဝယ်ယူခြင်း US$(၄၅.၀၀)သန်း | ၄၈၆.၀၀၀ | | | |
| ၃ | | | | **ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန** | **၁၃၀၅၁.၈၁၀** | **၇၇၇.၆၂၈** | **၅.၉၆%** | |
| | ၁ | | | **မြန်မာ့ဆက်သွယ်ရေးကဏ္ဍပြုပြင်ပြောင်းလဲရေးစီမံကိန်း** | **၁၃၀၅၁.၈၁၀** | **၇၇၇.၆၂၈** | **၅.၉၆%** | |
| | | ၁ | | **Support For Telecommunication sector Reform Project** | **၁၃၀၅၁.၈၁၀** | **၇၇၇.၆၂၈** | **၅.၉၆%** | |
| | | | ၁ | စက်ပစ္စည်းနှင့် စက်တပ်ဆင်စရိတ် | ၁၀၃၅၁.၉၆၀ | ၆၉.၉၆၇ | ၀.၆၈% | |
| | | | ၂ | အခြားအသုံးစရိတ် | ၂၆၉၉.၈၅၀ | ၇၀၇.၆၆၁ | ၂၆.၂၁% | |

ဇယား (၃-၂) အဆုံး

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## ပထမ (၆)လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| စဉ် | | စီမံကိန်းအမည် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း | ဧပြီလ မှ စက်တင်ဘာလ | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| ၄ | | **သတင်း အချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန** | **၁၆၇.၂၈၀** | | | |
| | ၁ | Myanmar Satellite Project | ၁၆၇.၂၈၀ | | | |
| ၅ | | **မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း** | **၈၇၇၄၃.၄၁၃** | **၈၈၉၂.၈၇၁** | **၁၀.၁၄%** | |
| | ၁ | ဖိုင်ဘာဆက်ကြောင်းနှင့် မိုက္ကရိုဝေ့ဖ် ဆက်ကြောင်းများ တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်း(India, Korea ချေးငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်) | ၅၇၇၉၉.၈၂၉ | ၂.၀၅၀ | ၀.၀၀၄% | |
| | ၂ | Sea-Me-We-5 ရေအောက် ကေဘယ်လ် စနစ်စီမံကိန်း | ၂၅၈၀၀.၀၀၀ | ၈၂၃၆.၄၅၆ | ၃၁.၉၂% | |
| | ၃ | ဆက်သွယ်ရေးကွန်ယက်များ အဆင့်မြင့်တင်မှုစီမံကိန်း (Communication Networks Improvement Project) (JICA ODA Loan) | ၄၁၄၃.၅၈၄ | ၆၅၄.၃၆၅ | ၁၅.၇၉% | |
| | | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနစုစုပေါင်း | **၂၃၆၉၂၅.၈၈၇** | **၂၆၉၇၇.၀၆၇** | **၁၁.၃၉%** | |

## ဇယား (၃-၃)

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## ပထမ (၆)လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | စီမံကိန်းအမည် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် လျာထားချက် (BE) | ဧပြီလ မှ စက်တင်ဘာလ | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | **လုပ်ငန်းစီမံကိန်းများ(ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ)** | | | | |
| | ၁ | **သစ်တောဦးစီးဌာန** | **၅၈၂၅.၁၅၀** | **၁၀၄၂.၀၇၄** | **၁၇.၈၉%** | |
| | ၁ | စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်မှု ဘောင်အတွင်းမှ သစ်တောပြုန်းတီးခြင်းနှင့်သစ်တောအတန်းအစားကျဆင်းခြင်း မှကာဗွန်ထုတ်လုပ်မှုလျော့ချခြင်းလုပ်ငန်းများဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း(ITTO) | ၂၀.၃၁၅ | ၂၀.၃၁၅ | ၁၀၀.၀၀% | ၂၀၁၃-၂၀၁၄ |
| | ၂ | တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း( MGTC / TPC / ATL) | ၅၁၄.၀၀၀ | ၁၁၆.၃၉၂ | ၂၂.၆၄% | ၂၀၁၃-၂၀၁၄ |
| | ၃ | အာဆီယံကိုရီးယားသစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု ဒေသအဆင့်လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း ( KFS/AFoCo) တည်ထောင်ခြင်းစီမံကိန်း | ၃၅၂၅.၃၃၁ | ၉၀၄.၃၆၇ | ၂၅.၆၅% | ၂၀၁၄-၂၀၁၅ |
| | ၄ | ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေး၊ဒီရေတောများပြန်လည်ထူထောင်ရေးစီမံကိန်း( JICA ) | ၁၇၆၄.၅၀၄ | | | ၂၀၁၃-၂၀၁၄ |
| | ၂ | **မြန်မာ့သစ်လုပ်ငန်း** | **၆၄.၂၅၀** | **၄၀.၃၄၉** | **၆၂.၈၀%** | |
| | ၁ | Sheffeld University နှင့်ပူးပေါင်းဆောင်ရွက်သည့်မြန်မာ့ ဆင်သုတေသန လုပ်ငန်းစီမံကိန်း | ၆၄.၂၅၀ | ၄၀.၃၄၉ | ၆၂.၈၀% | ၁.၆.၂၀၁၆ |
| | | **စုစုပေါင်း** | **၅,၈၈၉.၄၀၀** | **၁,၀၈၂.၄၂၃** | **၁၈.၃၈%** | |

# ဇယား (၃-၄)

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## ပထမ (၆)လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | | | | စီမံကိန်းအမည် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | | | လုပ်ငန်းစီမံကိန်းစတင်သည့်နှစ် |
|---|---|---|---|---|---|---|---|---|
| | | | | | လျာထားချက် (BE) | (ဧပြီလမှ စက်တင်ဘာလ) | သုံးစွဲပြီးရာခိုင်နှုန်း | |
| ၁ | | | | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | | | | **ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန** | **၉၆,၉၃၁.၉၆၀** | **၁၃,၄၃၉.၀၈၅** | **၁၃.၈၆%** | |
| | ၁ | | | **လုပ်ငန်းစီမံကိန်းများ** | **၉၆,၉၃၁.၉၆၀** | **၁၃,၄၃၉.၀၈၅** | **၁၃.၈၆%** | |
| | | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | **၉၆,၈၇၁.၉၆၀** | **၁၃,၄၃၉.၀၈၅** | **၁၃.၈၇%** | |
| | | | ၁ | အထက်ပေါင်းလောင်း | ၁,၆၀၀.၀၀၀ | ၆၀.၄၅၂ | ၃.၈၄% | ၂၀၀၄-၂၀၀၅ |
| | | | ၂ | အလယ်ပေါင်းလောင်း | ၅၈၈.၆၆၀ | ၉.၄၉၅ | ၁.၆၀% | ၂၀၁၄-၂၀၁၅ |
| | | | ၃ | ရွှေလီ(၃) | ၇,၉၄၆.၇၂၈ | ၂၁၈၆.၁၄၉ | ၂၇.၅၀% | ၂၀၁၀-၂၀၁၁ |
| | | | ၄ | အထက်နမ့်ထွမ် | ၆,၆၀၁.၃၅၇ | ၉.၈၈၃ | ၀.၁၅% | ၂၀၁၄-၂၀၁၅ |
| | | | ၅ | ဒီးဒုတ် | ၁၅၀.၀၀၀ | ၀.၂၄၅ | ၀.၁၆% | ၂၀၁၅-၂၀၁၆ |
| | | | ၆ | အထက်ရဲရွာ | ၁၆,၇၉၇.၆၂၃ | ၆၆၆၆.၆၉၇ | ၃၉.၆၉% | ၂၀၁၀-၂၀၁၁ |
| | | | ၇ | သူ့ရွေး | ၄၆,၆၉၀.၃၉၃ | ၃၈၉၅.၃၅၆ | ၈.၃၄% | ၂၀၀၈-၂၀၀၉ |
| | | | ၈ | အထက်ကျိုင်းတောင်း | ၁၀၇၈၇.၄၀၇ | ၄၉၅.၂၉၉ | ၄.၅၉% | ၂၀၀၈-၂၀၀၉ |
| | | | ၉ | အထက်ဘီလူးချောင်း | ၃,၆၉၁.၅၃၀ | | | ၂၀၁၀-၂၀၁၁ |
| | | | ၁၀ | ကုန်သွယ်လုပ်ငန်းခွန် | ၂,၀၁၈.၂၆၂ | ၁၁၄.၅၀၉ | | |
| | | ၂ | | **လုပ်ငန်းစီမံကိန်းသစ်များ** | **၆၀.၀၀၀** | | | |
| | | | ၁ | ဟုန်းညို(၁) | ၆၀.၀၀၀ | | | |
| ၂ | | | | **လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန** | **၁၃၃၄၅၃.၂၉၉** | **၈၃၁၈၆.၁၂၅** | **၆၂.၃၃%** | |
| | ၁ | | | **လုပ်ငန်းစီမံကိန်းများ** | **၁၃၃၄၅၃.၂၉၉** | **၈၃၁၈၆.၁၂၅** | **၆၂.၃၃%** | |
| | | ၁ | | **ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ** | **၁၃၃၄၅၃.၂၉၉** | **၈၃၁၈၆.၁၂၅** | **၆၂.၃၃%** | |
| | | | ၁ | **ကော်မှုလက်မှုလုပ်ငန်းသစ်များအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်း** | **၃၂၈၆၃.၇၀၁** | **၃၀၆၃၉.၁၄၈** | **၉၃.၂၃%** | |
| | | | ၁ | **၆၆ကေဗွီ ဗန်းမော်-မြို့သစ်-ဒေါ့ဖုန်းယန်ဓာတ်အားလိုင်းစီမံကိန်း** | **၁၂.၇၀၀** | | | |
| | | | | -၆၆ကေဗွီ မြို့သစ် ဓာတ်အားခွဲရုံ | ၅.၆၀၀ | | | |
| | | | | - ၆၆ကေဗွီ ဒေါ့ဖုန်းယန် ဓာတ်အားခွဲရုံ | ၇.၁၀၀ | | | |
| | | | ၂ | **၆၆ကေဗွီ မိုးကောင်း-ဖားကန့်-တနိုင်း ဓာတ်အားလိုင်းစီမံကိန်း** | **၆၈၉.၆၅၈** | **၆၈၉.၆၅၈** | **၁၀၀.၀၀%** | |
| | | | | -66/11kV, 10 MVA ဖားကန့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း | ၁၃.၁၅၀ | ၁၃.၁၅၀ | | ၂၀၁၄ |
| | | | | -၆၆ကေဗွီ မိုးကောင်း-ဖားကန့်ဓာတ်အားလိုင်း (၅၅မိုင်)နှင့်ခွဲရုံများ (ပစ္စည်းဘိုး) | ၅၁၀.၁၃၄ | ၅၁၀.၁၃၄ | | ၂၀၁၄ |
| | | | | -၆၆ကေဗွီ ကာမိုင်း-တနိုင်း ဓာတ်အားလိုင်း(၇၅)မိုင် (ပစ္စည်းဘိုး) | ၁၆၆.၃၇၄ | ၁၆၆.၃၇၄ | | ၂၀၁၆-၁၇ |
| | | | ၃ | **၆၆ကေဗွီ လှိုင်ကော်-ရှားတော ဓာတ်အားလိုင်းစီမံကိန်း** | **၅၇၀.၄၀၇** | **၅၇၀.၄၀၇** | **၁၀၀.၀၀%** | |
| | | | | -66/11kV, 5MVA ရှားတော ဓာတ်အားခွဲရုံ | ၁၄.၁၆၈ | ၁၄.၁၆၈ | | ၂၀၁၄ |
| | | | | -လှိုင်ကော်-ရှားတော ၆၆ကေဗွီဓာတ်အားလိုင်း(၁၉.၇၉-မိုင်) | ၂၄.၀၀၀ | ၂၄.၀၀၀ | | ၂၀၁၄ |
| | | | | -၆၆ကေဗွီလှိုင်ကော်-ရှားတောဓာတ်အားလိုင်း(၁၉.၇၉)မိုင်နှင့်ခွဲရုံများ (ပစ္စည်းဘိုး) | ၅၃၂.၂၃၉ | ၅၃၂.၂၃၉ | | ၂၀၁၄ |
| | | | ၄ | **၆၆ကေဗွီ ဘော်လခဲ-ဖားဆောင်း ဓာတ်အားလိုင်းစီမံကိန်း** | **၆၈၈.၆၇၄** | **၆၁၀.၇၄၂** | **၈၈.၆၈%** | |
| | | | | -66/33kV,30MVA နှင့် 66/11 kV,5 MVA ဖားဆောင်းခွဲရုံ | ၇၇.၀၀၀ | ၁၈.၄၈၄ | | ၂၀၁၄ |
| | | | | -၆၆ကေဗွီ ဘော်လခဲ-ဖားဆောင်း ဓာတ်အားလိုင်း(၄၀-မိုင်) | ၁၂၆.၂၀၀ | ၁၀၆.၇၈၄ | | ၂၀၁၄ |
| | | | | -၆၆ကေဗွီ ဘော်လခဲ-ဖားဆောင်း ဓာတ်အားလိုင်း(၄၀)မိုင်နှင့်ခွဲရုံများ (ပစ္စည်းဘိုး) | ၄၈၅.၄၇၄ | ၄၈၅.၄၇၄ | | ၂၀၁၄ |
| | | | ၅ | **၆၆ကေဗွီ မြဝတီ-ကော့ကရိတ်ဓာတ်အားလိုင်းစီမံကိန်း** | **၂,၂၅၀.၀၁၆** | **၂၁၂၃.၈၂၄** | **၉၄.၃၉%** | |
| | | | | -66/11kV, 2x5MVA ကော့ကရိတ်ဓာတ်အားခွဲရုံ | ၁၃.၆၅၂ | ၁၃.၆၅၂ | | ၂၀၁၄ |
| | | | | -၆၆ကေဗွီ မြဝတီ-ကော့ကရိတ်ဓာတ်အားလိုင်း(၄၀)မိုင် | ၃၂၀.၄၄၃ | ၃၂၀.၀၇၅ | | ၂၀၁၄ |
| | | | | - ၆၆ကေဗွီ မြဝတီ-ကော့ကရိတ် ဓာတ်အားလိုင်း(၄၀)မိုင်နှင့်ခွဲရုံများ (ပစ္စည်းဘိုး) | ၁,၉၁၅.၉၂၁ | ၁၇၉၀.၀၉၇ | | ၂၀၁၄ |

**ဇယား (၃-၄) အဆက်**

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## ပထမ (၆)လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | စီမံကိန်းအမည် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | | | လုပ်ငန်းစီမံကိန်းစတင်သည့်နှစ် |
|---|---|---|---|---|---|
| | | လျာထားချက် (BE) | (ဧပြီလမှ စက်တင်ဘာလ) | သုံးစွဲပြီးရာခိုင်နှုန်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၆ | ၆၆ကေဗွီ ဟားခါး-ဖလမ်း-သိုင်းငင် ဓာတ်အားလိုင်းစီမံကိန်း | ၂,၀၇၉.၀၄၈ | ၂၀၄၉.၀၃၇ | ၉၈.၅၆% | |
| | -66/11 kV, 5 MVA ဖလမ်း ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း | ၁၀၀.၀၀၀ | ၆၉.၉၈၉ | | ၂၀၁၄ |
| | -66/11kV, 20MVA သိုင်းငင် (ကလေး)ဓာတ်အားခွဲရုံတည်ဆောက်ရေး | ၂၉.၂၇၄ | ၂၉.၂၇၄ | | ၂၀၁၄ |
| | -၆၆ကေဗွီ ဟားခါး-ဖလမ်း-သိုင်းငင်ဓာတ်အားလိုင်း(၅၀-မိုင်) | ၇၂၅.၅၀၈ | ၇၂၅.၅၀၈ | | ၂၀၁၄ |
| | -၆၆ကေဗွီဟားခါး-ဖလမ်း-သိုင်းငင်ဓာတ်အားလိုင်း(၅၀)မိုင်နှင့်ခွဲရုံများ(ပစ္စည်းဘိုး) | ၁,၂၂၄.၂၆၆ | ၁၂၂၄.၂၆၆ | | ၂၀၁၄ |
| ၇ | ချင်းပြည်နယ်အတွင်းတည်ဆောက်မည့် ၆၆ ကေဗွီဓာတ်အားလိုင်း၏ Retaining Wall များတည်ဆောက်ခြင်း | ၁၀၀.၀၀၀ | | | |
| ၈ | ၆၆ကေဗွီ ချောင်းကူး-ပေါက် ဓာတ်အားလိုင်းစီမံကိန်း | ၅၃၇.၉၆၅ | ၃၀၀.၁၁၄ | ၅၅.၉၇% | |
| | -ချောင်းကူး S/B နှင့် 66/11kV, 5MVA ပေါက်ခွဲရုံ | ၂၀၀.၀၀၀ | ၁၀.၀၀၀ | | ၂၀၁၄ |
| | -၆၆ကေဗွီချောင်းကူး-ပေါက်ဓာတ်အားလိုင်းတည်ဆောက်ရေးလုပ်ငန်းမြစ်ကျော် | ၁၄၀.၀၀၀ | ၉၃.၁၄၉ | | ၂၀၁၄ |
| | -၆၆ကေဗွီ ချောင်းကူး-ပေါက် ဓာတ်အားလိုင်း(၄)မိုင်နှင့်ခွဲရုံများ(ပစ္စည်းဘိုး) | ၁၉၇.၉၆၅၀၀ | ၁၉၇.၉၆၅ | | ၂၀၁၄ |
| ၉ | ၆၆ ကေဗွီ မြောက်ဦး-မင်းပြား ဓာတ်အားလိုင်းစီမံကိန်း | ၆၆၈.၃၉၄ | ၆၆၈.၃၉၃ | ၁၀၀.၀၀% | |
| | -66/11kV, 5 MVA မြောက်ဦး ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း | ၈.၈၅၇ | ၈.၈၅၇ | | ၂၀၁၄ |
| | -66/11kV, 5 MVA မင်းပြား ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း | ၅၁.၈၄၂ | ၅၁.၈၄၂ | | ၂၀၁၄ |
| | -၆၆ ကေဗွီ မြောက်ဦး-မင်းပြား ဓာတ်အားလိုင်း(၂၀-မိုင်) | ၄၀.၁၀၃ | ၄၀.၁၀၃ | | ၂၀၁၄ |
| | -၆၆ကေဗွီ မြောက်ဦး-မင်းပြား ဓာတ်အားလိုင်း(၂၀)မိုင်နှင့်ခွဲရုံများ(ပစ္စည်းဘိုး) | ၅၆၂.၅၉၂၀၀ | ၅၆၂.၅၉၁ | | ၂၀၁၄ |
| | -66/11kV, 5 MVA မင်းပြား ဓာတ်အားခွဲရုံ Electrical Installationလုပ်ငန်း | ၅.၀၀၀ | ၅.၀၀၀ | | ၂၀၁၄ |
| ၁၀ | ၆၆ကေဗွီ မိုင်းနောင်-မိုင်းရှူး ဓာတ်အားလိုင်း စီမံကိန်း | ၂၂၀.၉၉၈ | ၂၂၀.၉၉၈ | ၁၀၀.၀၀% | |
| | -66/11kV, 5 MVA မိုင်းရှူး ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း | ၁၄.၄၇၀ | ၁၄.၄၇၀ | | ၂၀၁၄ |
| | -၆၆ကေဗွီ မိုင်းနောင်-မိုင်းရှူး ဓာတ်အားလိုင်း (၃၃)မိုင်နှင့် ခွဲရုံများ(ပစ္စည်းဘိုး) | ၂၀၆.၅၂၈၀၀ | ၂၀၆.၅၂၈ | | ၂၀၁၄ |
| ၁၁ | ၆၆ ကေဗွီ မိုင်းနောင်-ကျေးသီး ဓာတ်အားလိုင်း စီမံကိန်း | ၄၀၉.၅၇၆ | ၄၀၉.၅၇၆ | ၁၀၀.၀၀% | |
| | -မိုင်းနောင် S/B နှင့် 66/11kV, 5 MVA ကျေးသီးခွဲရုံ | ၁၅.၁၀၀ | ၁၅.၁၀၀ | | ၂၀၁၄ |
| | -၆၆ ကေဗွီ မိုင်းနောင်-ကျေးသီး ဓာတ်အားလိုင်း (၃၀) မိုင် | ၂၅.၉၄၉ | ၂၅.၉၄၉ | | ၂၀၁၄ |
| | -၆၆ကေဗွီ မိုင်းနောင်-ကျေးသီးဓာတ်အားလိုင်း(၃၀)မိုင်နှင့်ခွဲရုံများ(ပစသ်းဘိုး) | ၃၆၈.၅၂၇၀၀ | ၃၆၈.၅၂၇ | | ၂၀၁၄ |
| ၁၂ | ၆၆ကေဗွီ သိန္နီ-ကွတ်ခိုင် ဓာတ်အားလိုင်းစီမံကိန်း | ၂၈၂.၆၀၀ | ၂၈၂.၆၀၀ | ၁၀၀.၀၀% | |
| | -66/11kV,5 MVA ကွတ်ခိုင် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း | ၁၅.၀၀၀ | ၁၅.၀၀၀ | | ၂၀၁၄ |
| | -၆၆ကေဗွီ သိန္နီ-ကွတ်ခိုင် ဓာတ်အားလိုင်း(၁၃)မိုင်နှင့်ခွဲရုံများ (ပစ္စည်းဘိုး) | ၂၆၇.၆၀၀ | ၂၆၇.၆၀၀ | | ၂၀၁၄ |
| ၁၃ | ၆၆ ကေဗွီ ရေဘုတလင်-ကနီ-မင်းကင်းဓာတ်အားလိုင်းစီမံကိန်း | ၈၈၀.၁၉၅ | ၆၇၉.၉၈၂ | ၇၇.၂၅% | |
| | -၆၆ ကေဗွီ ရေဘုတလင် ဓာတ်အားခွဲရုံ | ၁၂.၉၀၀ | ၀.၄၀၆ | | ၂၀၁၄ |
| | -66/11kV, 10MVA ဘုတလင် ဓာတ်အားခွဲရုံ တည်ဆောက်ရေး | ၁၃၄.၀၄၂ | ၂၀.၀၀၀ | | ၂၀၁၆ |
| | -၆၆ ကေဗွီ ရေဘုတလင်-ကနီ-မင်းကင်း ဓာတ်အားလိုင်း (၅၅-မိုင်) | ၆၃.၉၀၀ | ၆၃.၉၀၀ | | ၂၀၁၄ |
| | -၆၆ ကေဗွီ ဘုတလင်ခွဲရုံ အဝင်/အထွက် ဓာတ်အားလိုင်း (၄) မိုင် | ၅၀.၀၀၀ | | | |
| | -၆၆ကေဗွီ ရေဘုတလင်-ကနီ-မင်းကင်း ဓာတ်အားလိုင်း(၅၅)မိုင်နှင့်ခွဲရုံများ (ပစ္စည်းဘိုး) | ၅၄၇.၉၃၆၀၀ | ၅၄၇.၉၃၆ | | ၂၀၁၄ |
| | -၆၆ ကေဗွီ ဘုတလင်ခွဲရုံ အဝင်/အထွက် ဓာတ်အားလိုင်း (၄) မိုင် နှင့်ခွဲရုံများ (ပစ္စည်းဘိုး) | ၃၉.၉၄၈၀၀ | ၃၉.၉၄၈ | | ၂၀၁၄ |
| | -ရေဘုတလင် ဓာတ်အားခွဲရုံ Electrical Installation လုပ်ငန်းများ | ၁၀.၀၀၀ | ၇.၇၉၂ | | ၂၀၁၄ |
| | -66/11kV, 10MVAဘုတလင်ဓာတ်အားခွဲရုံ Electrical Installation လုပ်ငန်း | ၂၁.၄၆၉၀၀ | | | ၂၀၁၆ |
| ၁၄ | ၆၆ကေဗွီ မိုးကုတ်-မိုးမိတ် ဓာတ်အားလိုင်း (၂၈-မိုင်) | ၃၉၆.၂၈၈ | ၃၈၆.၂၈၈ | ၉၇.၄၈% | |
| | -၆၆/၃၃ ကေဗွီ၊၃၀အမ်ဗွီအေ မိုးကုတ်ဓာတ်အားခွဲရုံတည်ဆောက်ရေး | ၁၀.၀၀၀ | | | |
| | -၆၆ကေဗွီ မိုးကုတ်-မိုးမိတ်ဓာတ်အားလိုင်း(၂၈)မိုင်နှင့် ခွဲရုံများ(ပစ္စည်းဘိုး) | ၃၈၆.၂၈၈ | ၃၈၆.၂၈၈ | | ၂၀၁၄ |

**ဇယား (၃-၄) အဆက်**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## ပထမ (၆)လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ

(ကျပ်သန်း)

| အမှတ်စဉ် | စီမံကိန်းအမည် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် လျာထားချက် (BE) | (ဧပြီလမှ စက်တင်ဘာလ) | သုံးစွဲပြီး ရာခိုင်နှုန်း | လုပ်ငန်း စီမံကိန်း စတင်သည့်နှစ် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁၅ | **၆၆ ကေဗွီ ထီးလင်း -ဆော ဓာတ်အားလိုင်း စီမံကိန်း** | **၄၉၇.၇၈၈** | **၄၉၇.၇၈၈** | **၁၀၀.၀၀%** | |
| | -၆၆ ကေဗွီ ထီးလင်း -ဆော ဓာတ်အားလိုင်း (၄၃)မိုင် | ၁၉.၈၀၀ | ၁၉.၈၀၀ | | ၂၀၁၄ |
| | -၆၆ကေဗွီ ထီးလင်း-ဆောဓာတ်အားလိုင်း(၄၃)မိုင်နှင့် ခွဲရုံများ(ပစ္စည်းဘိုး) | ၄၇၇.၉၈၈ | ၄၇၇.၉၈၈ | | ၂၀၁၄ |
| ၁၆ | **၆၆ကေဗွီ လှိုင်ကော်-ဘော်လခဲ ဓာတ်အားလိုင်း စီမံကိန်း** | **၁၁၉.၅၀၀** | **၅၀.၀၀၀** | **၄၁.၈၄%** | |
| | -၆၆ကေဗွီ လှိုင်ကော်-ဘော်လခဲ ဓာတ်အားလိုင်း (၄၂.၄၇၆-မိုင်) | ၁၁၉.၅၀၀ | ၅၀.၀၀၀ | | ၂၀၁၄ |
| ၁၇ | **၆၆ကေဗွီ မော်လမြိုင်-ချောင်းဆုံ ဓာတ်အားလိုင်းစီမံကိန်း** | **၁၇၅၆.၉၄၃** | **၁၇၅၆.၉၄၁** | **၁၀၀.၀၀%** | |
| | -၆၆ကေဗွီမော်လမြိုင်-ချောင်းဆုံ ဓာတ်အားလိုင်း (၁၈မိုင်)မြစ်ကျော် အပါအဝင် | ၄၉၂.၀၀၀ | ၄၉၂.၀၀၀ | | ၂၀၁၄ |
| | -၆၆ကေဗွီ မော်လမြိုင်-ချောင်းဆုံ ဓာတ်အားလိုင်း(၁၈)မိုင်နှင့် ခွဲရုံများ (ပစ္စည်းဘိုး) | ၁,၂၆၄.၉၄၃၀၀ | ၁၂၆၄.၉၄၁ | | ၂၀၁၄ |
| ၁၈ | **၆၆ကေဗွီကျောက်ဖြူ - မဒဲ ဓာတ်အားလိုင်းစီမံကိန်း** | **၈၃၉.၈၄၇၀၀** | **၃၂၃.၃၅၁** | **၃၈.၅၀%** | |
| | -66/11kV, 5 MVA မဒဲ ဓာတ်အားခွဲရုံတည်ဆောက်ခြင်း | ၁၁၇.၈၄၇ | ၃၉.၉၉၈ | | ၂၀၁၃ |
| | -၆၆ကေဗွီ ကျောက်ဖြူ - မဒဲ ဓာတ်အားလိုင်း (၁၄ မိုင်) | ၇၂၂.၀၀၀ | ၂၈၃.၃၅၃ | | ၂၀၁၃ |
| ၁၉ | **၆၆ကေဗွီ ကျောက်ဖြူ - ရမ်းဗြဲ ဓာတ်အားလိုင်း စီမံကိန်း** | **၄၇၉.၇၄၀** | **၄၅၀.၉၆၇** | **၉၄.၀၀%** | |
| | -66/11kV, 5 MVA ရမ်းဗြဲ ဓာတ်အားခွဲရုံ | ၂၉.၀၀၀ | ၀.၂၂၈ | | ၂၀၁၃ |
| | -၆၆ကေဗွီ ကျောက်ဖြူ-ရမ်းဗြဲဓာတ်အားလိုင်း(၄၁)မိုင်နှင့်ခွဲရုံးများ (ပစ္စည်းဘိုး) | ၄၅၀.၇၄၀ | ၄၅၀.၇၃၉ | | ၂၀၁၃ |
| ၂၀ | **၆၆ကေဗွီ တောင်ကုတ်-မအီ ဓာတ်အားလိုင်းစီမံကိန်း** | **၉၁၄.၂၇၄** | **၉၁၃.၈၅၆** | **၉၉.၉၅%** | |
| | -66/11kV, 5 MVA မအီ ဓာတ်အားခွဲရုံ | ၃၆.၈၅၁ | ၃၆.၈၅၁ | | ၂၀၁၃ |
| | -၆၆ကေဗွီ တောင်ကုတ်-မအီ ဓာတ်အားလိုင်း(၄၆.၇၈)မိုင် | ၁၇၇.၄၂၃ | ၁၇၇.၀၀၅ | | ၂၀၁၃ |
| | -၆၆ကေဗွီ တောင်ကုတ်-မအီဓာတ်အားလိုင်း(၄၆.၇၈)မိုင်နှင့် ခွဲရုံများ (ပစ္စည်းဘိုး) | ၇၀၀.၀၀၀ | ၇၀၀.၀၀၀ | | ၂၀၁၃ |
| ၂၁ | **၆၆ကေဗွီ ကျောက်ဖြူ-SEZ နှစ်ထပ်ဓာတ်အားလိုင်းစီမံကိန်း** | **၃၅.၈၂၉** | **၃၅.၈၂၉** | **၁၀၀.၀၀%** | |
| | -66/11kV, 2x 10 MVA SEZ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း | ၂၅.၈၂၉ | ၂၅.၈၂၉ | | ၂၀၁၄ |
| | -၆၆ကေဗွီ ကျောက်ဖြူ-SEZ နှစ်ထပ်ဓာတ်အားလိုင်း(၅မိုင်) | ၁၀.၀၀၀ | ၁၀. | | ၂၀၁၄ |
| ၂၂ | **၆၆ ကေဗွီ တောင်ကုတ် -သံတွဲ ဓာတ်အားလိုင်းစီမံကိန်း** | **၆၆.၆၅၄** | **၆၆.၆၅၄** | **၁၀၀.၀၀%** | |
| | -၆၆/၁၁ ကေဗွီ၊ ၅အမ်ဗွီအေ သံတွဲဓာတ်အားခွဲရုံ | ၆၆.၆၅၄ | ၆၆.၆၅၄ | | ၂၀၁၃ |
| ၂၃ | **၆၆ကေဗွီ ဥသျှစ်ပင် -ကမ္မ- မင်းတုန်း ဓာတ်အားလိုင်းစီမံကိန်း** | **၁,၇၂၁.၉၁၄** | **၁၆၀၂.၉၁၉** | **၉၃.၀၉%** | |
| | -66/11kV, 5MVAမင်းတုန်း ဓာတ်အားခွဲရုံ | ၆.၇၀၉ | ၆.၇၀၉ | | ၂၀၁၄ |
၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် မျိုးသန့်မျိုးပွားမျိုးစေ့နှင့် စီးပွားဖြစ်မျိုးသန့်မျိုးစေ့တို့ကို ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ မိုးစပါးစံပြကွက်များဆောင်ရွက်ရာတွင် ဧက၁၀၀ စံပြကွက်၊ဧက၅၀ စံပြကွက်၊ ၂၅ဧကစံပြကွက်၊ ၁၀ဧက စံပြကွက်နှင့် ၅ဧကစံပြကွက် စုစုပေါင်း၁၂,၈၈၀ဧကစိုက်ပျိုးပြီးစီးခဲ့ပါသည်။ သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းအနေဖြင့် ပဝတ္တိမျိုးဆက်ခြင်းဧက ၂,၀၀၀၊ ပေါင်းသင်ရှင်းလင်းခြင်း ၉,၉၁၉ ဧက ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဓါတ်အားစနစ်၊ ဆိုလာစနစ်၊ အသေးစားရေအားလျှပ်စစ်၊ စပါးခွံလောင်စာ ၊ ဒီဇယ်စက် တို့ဖြင့်မီးလင်းရေးဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ငွေကြေးဝန်ဆောင်မှုအတွက်ယူနိုက်တက်အမရာဘဏ်၊ ရောဝတီဘဏ်နှင့် ရိုးမဘဏ်တို့ကို တိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။ သမဝါ ယမ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် ဌာနဆိုင်ရာငွေစုငွေချေးအသင်း၊ ဈေးသမဝါယမအသင်း၊ လက်လုပ်လက်စား ငွေစုငွေချေးသမဝါယမအသင်း၊ အသေးစားငွေစုငွေချေး သမဝါယမအသင်း၊ စိုက်ပျိုးရေးလုပ်ကိုင်သော သမဝါ ယမအသင်း၊ စက်မှုကုန်ထုတ် သမဝါ ယမအသင်း တို့ဖြင့်ဆောင်ရွက်လျက်ရှိပါသည်။

## မကွေးတိုင်းဒေသကြီး





| | |
|---|---|
| တည်နေရာ= | အရှေ့လောင်ဂျီတွဒ် - ၉၃ဒီဂရီ၅၂မိနစ်နှင့် ၉၅ ဒီဂရီ ၅၁ မိနစ်အတွင်း |
| | မြောက်လတ္တီတွဒ် - ၁၈ဒီဂရီ ၅၂မိနစ်နှင့် ၂၂ဒီဂရီ ၄၃ မိနစ် အတွင်း |
| အကျယ်အဝန်း = | ဧရိယာ ၁၇,၃၀၅.၃၂စတုရန်းမိုင် ၁၁,၀၇၅,၄၀၅ဧက |
| မြို့တော် = | မကွေးမြို့ |
| လူဦးရေ = | ၃,၉၃၈(ထောင်ပေါင်း)၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၊နှစ်လယ်လူဦးရေ |
| ထူးခြားမှတ်သား = | မကွေးမြသလွန်၊မင်းဘူးရွှေစက်တော်ဘုရား |
| ခရိုင် = | ၅ ခု |
| မြို့နယ် = | ၂၅ မြို့နယ် |
| ကျေးရွာ = | ၄,၇၇၀ ရွာ |
| အဓိကစီးပွားရေး= | လယ်ယာကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ |
| ဆက်စပ်ဒေသများ = | အရှေ့ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊ အနောက်ဘက်တွင်ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မြောက်ဘက်တွင်စစ်ကိုင်းတိုင်းဒေသကြီး၊ တောင်ဘက်တွင်ပဲခူးတိုင်းဒေသကြီး၊ |


၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊စီမံကိန်းတွင်မကွေးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၇,၅၅၆,၀၁၄.၈ သန်းအကောင်အထည် ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၈.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ (နှစ်အလိုက်ဈေးနှုန်း)

ပုံ(၄-၂၂) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၂၃) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မကွေးတိုင်းဒေသကြီး)

မကွေးတိုင်းဒေသကြီး၏ပထမ (၆) လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၂,၅၅၃,၀၈၀.၈ သန်းရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၃၃.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၁.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၂၄)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)





ဓာတ်မြစ်။သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မကွေးတိုင်းဒေသကြီး)

### သုံးသပ်ချက်

၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ဧရာဝတီမြစ်၊ချင်းတွင်းမြစ်၊ မြစ်သာမြစ်၊ မုန်းချောင်း၊ မန်းချောင်း၊မင်းတုန်းချောင်းတို့တွင် ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် ရေကြီးခဲ့ခြင်းကြောင့် နွေစပါး ၊ နွေနှမ်း၊ မိုးနှမ်း ၊ ပဲတီစိမ်း ၊ နေကြာ ၊ မိုးမြေပဲ နှင့် ပဲစဉ်းငုံ စိုက်ဧက စုစုပေါင်း ၁၉၇၃၈ ပျက်စီးခဲ့ပါသည်။ သစ်ထုတ်လုပ်မှု ရပ်ဆိုင်းထားခြင်း၊နိုင်ငံပိုင် နှင့် ပုဂ္ဂလိကပိုင်အခန်းမှ ရေနံစိမ်းအထွက် ကျဆင်းမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင် ဆက်သွယ်ရေးလုပ်ငန်းများဖြစ်သည့် အော်ရီဒူးနှင့် တယ်လီနောတို့မှလည်းမိုဘိုင်းဖုန်း ဆင်းကဒ်များအားပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့၍ တယ်လီဖုန်း ခေါ်ဆိုခများပိုမိုရရှိခဲ့ပါသည်။ သမဝါယမ အခန်းမှ မြို့နယ်သမဝါယမအသင်းစု၊ ဌာနဆိုင်ရာ ငွေစုငွေချေးသမအသင်း၊ ရပ်ကွက် ငွေစုငွေချေးသမအသင်း၊ ဈေးသမဝါယမအသင်း၊ အသေးစားငွေစုငွေချေးသမအသင်း၊ လယ်ယာကုန်ထုတ်သမအသင်း၊ မွေးမြူရေးကုန်ထုတ်သမအသင်း၊ စက်မှုလက်မှုကုန်ထုတ် အသင်း၊ လက်လုပ်လက်စားသမဝါယမအသင်း၊ ဂျီအီးစီသမဝါယမအသင်းစသည်ဖြင့် သမဝါ ယမအသင်းများဖွဲ့စည်းထားပြီး ငွေစုငွေချေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

## မန္တလေးတိုင်းဒေသကြီး





| | |
|---|---|
| တည်နေရာ = | မြောက်လတ္တီတွဒ် - ၁၉ ဒီဂရီ၃၀မိနစ်နှင့် ၂၃ဒီဂရီ၄၅မိနစ် အတွင်း<br>အရှေ့လောင်ဂျီတွဒ် - ၉၄ ဒီဂရီ ၅၀မိနစ်နှင့်၉၆ဒီဂရီ၅၀မိနစ်အတွင်း |
| အကျယ်အဝန်း= | ၁၁,၉၂၅.၉၅ - စတုရန်းမိုင်<br>၇,၆၃၂,၆၁၂ - ဧက |
| လူဦးရေ = | ဦးရေ ၆,၂၇၆ (ထောင်ပေါင်း)<br>(၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်လယ်ရှိလူဦးရေ) |
| မြို့တော် = | မန္တလေး |
| ထူးခြားအမှတ်အသား = | နန်းတော် ၊ ကျုံး |
| ခရိုင် = | ၇ ခရိုင် |
| မြို့နယ် = | ၂၈မြို့နယ် |
| အဓိက= စီးပွားရေးကဏ္ဍ | လယ်ယာကဏ္ဍ၊စက်မှုလက်မှုကဏ္ဍ၊ ခရီးသွား လုပ်ငန်း |
| ဆက်စပ်သည့် = ဒေသများ | အရှေ့ဘက်တွင်ရှမ်းပြည်နယ်၊ တောင်ဘက်တွင်နေပြည်တော်၊ အနောက်တောင်ဘက်တွင် မကွေးတိုင်းဒေသကြီး၊ အနောက်မြောက်နှင့်အနောက်ဘက်တွင်စစ်ကိုင်းတိုင်းဒေသကြီး |


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် မန္တလေးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၈,၇၃၀,၃၅၇.၆ သန်းအကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၈.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ (နှစ်အလိုက်ဈေးနှုန်း)

ပုံ(၄-၂၅) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၂၆) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မန္တလေးတိုင်းဒေသကြီး)

မန္တလေးတိုင်းဒေသကြီး၏ ပထမ (၆) လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၂,၇၈၈,၆၂၉.၂ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၃၁.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၄.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၂၇)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မန္တလေးတိုင်းဒေသကြီး)

### သုံးသပ်ချက်

၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးရွာသွန်းခြင်း၊ မိုးသီးကြွေကျခြင်း၊ ချောင်းရေကြီးခြင်းနှင့် ရေလွှမ်းမိုးခြင်း တို့ ဖြစ်ပေါ်ခဲ့သောကြောင့် နှမ်းစပါး၊ နှမ်းနှမ်း၊ ပြောင်း၊ နေကြာ၊ ပဲတီစိမ်း၊ ငရုတ်၊ ငှက်ပျောနှင့် ကွမ်းရွက်၊ ခရမ်းချဉ်နှင့် သင်္ဘော၊ သစ်သီးပင်(သရက်) တို့၏ စုစုပေါင်း စိုက်ဧက ၇,၀၄၇ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ပါသည်။ သို့ဖြစ်ရာ နှမ်းသီးနှံများဖြစ်သည့် နှမ်းစပါးနှင့် နှမ်းနှမ်း အထွက်များ လျော့နည်းခဲ့ပါသည်။ ပုဂ္ဂလိကပိုင်ကဏ္ဍ၌ ကျွန်းနှင့်သစ်မာ၊ ထင်း၊ ဝါး၊ သစ်ခေါက်၊ သနပ်ခါး၊ လင်းနို့ချေးနှင့် ခနိသက္ကယ်တို့၏ ထုတ်လုပ်မှုများ လျော့နည်းခဲ့ပါသည်။ ရေနံစိမ်း ထုတ်လုပ်မှုတွင် ငါးသျှန်တောင်ဒေသ ရေနံစိမ်းထုတ်လုပ်မှုမှာ အထွက်နှုန်းများ တဖြည်းဖြည်းကျဆင်းလာခြင်းကြောင့် ဖြစ်ပါသည်။ သံမဏိတုံးနှင့် အလုဆင်ကျောက် (စကျင်ကျောက်) ထုတ်လုပ်မှုလျော့နည်းခြင်း၊ ရွှေ၊ တကောင်းဖယ်ရိုနီကယ်၊ ကျောက်မျက်ရတနာ၊ ကြေးနီနှင့် ရောရာသတ္တုရိုင်း၊ ထုံးကျောက်နှင့် ခဲနှင့်ရောရာ သတ္တုရိုင်း ထုတ်လုပ်မှုများ လျော့နည်းခဲ့ပါသည်။ ပုဂ္ဂလိကပိုင်ဘဏ်များ၏ ဝန်ဆောင်မှုများ တိုးတက်လာခြင်း၊ သမဝါယမငွေစုငွေချေး အသင်းများမှ ဝင်ငွေများ ပိုမိုရရှိလာခြင်း၊ အသေးစားငွေချေးလုပ်ငန်းများ ဆောင်ရွက်ခြင်း တို့ကြောင့် ပိုမိုတိုးတက်ခဲ့ပါသည်။

## မွန်ပြည်နယ်





| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် - ၁၄ဒီဂရီ ၅၉မိနစ်နှင့် ၁၇ဒီဂရီ၃၄မိနစ် အရှေ့လောင်ဂျီတွဒ်-၉၄ဒီဂရီ ၅၂မိနစ်နှင့် ၉၆ ဒီဂရီ၁၂မိနစ် |
| အကျယ်အဝန်း | = | ၄၇၄၇.၇၆-စတုရန်းမိုင်ပေါင်း ၁၂၃၈၅၆၄- ဧက |
| လူဦးရေ | = | ဦးရေ - ၂၀၂၈(ထောင်ပေါင်း) (၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ) |
| မြို့တော် | = | မော်လမြိုင် |
| ထူးခြားမှတ်သား | = | ကျိုက်ထီးရိုး |
| ခရိုင် | = | ၂ ခရိုင် (မော်လမြိုင်၊ သထုံ) |
| မြို့နယ် | = | ၁၀ မြို့နယ် |
| အဓိကစီးပွားရေး ကဏ္ဍများ | = | လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ |
| ဆက်စပ်ဒေသများ | = | အရှေ့ဘက်တွင်ကရင်ပြည်နယ်နှင့်ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင်မုတ္တမပင်လယ်ကွေ့၊ တောင်ဘက်တွင်တနင်္သာရီတိုင်း၊မြောက်ဘက်တွင် ပဲခူးတိုင်း |


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် မွန်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၃,၂၈၆,၁၂၄.၂ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၇.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ (နှစ်အလိုက်ဈေးနှုန်း)

ပုံ(၄-၂၈) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)





ပုံ(၄-၂၉) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မွန်ပြည်နယ်)

မွန်ပြည်နယ်၏ ပထမ (၆) လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁,၀၂၂,၉၇၂.၉ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၃၁.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၅.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၃၀)
## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(မွန်ပြည်နယ်)

### သုံးသပ်ချက်

၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် သစ်မာ၊ ဝါး၊ ထင်း၊ ဓနိသက်ကယ်၊ လင်းနို့ချေးထုတ်လုပ်မှုများ လျော့နည်းခဲ့ပါသည်။ ရထားပို့ဆောင်ရေးယာဉ် တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများ၊ စက်မှုသုံးအရက်ပြန်စက်ရုံ၊ အမှတ် (၂၁) အကြီးစားစက်ရုံ (သထုံ)နှင့် အမှတ်(၂၂) အထွေထွေအကြီးစားစက်ရုံ(ဘီးလင်း) မှ တာယာနှင့် ကျွတ်အမျိုးမျိုးထုတ်လုပ်ခြင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများဖြစ်သော မျက်နှာကျက် ကျောက်ပြားလုပ်ငန်း၊ သစ်သီးယိုစုံ ထုတ်လုပ်ခြင်းနှင့် ရာဘာအစေးခံခွက် ထုတ်လုပ်ခြင်း လုပ်ငန်းများတွင် ထုတ်လုပ်မှုပိုမိုခဲ့ပါသည်။ ငွေကြေးဝန်ဆောင်မှုတွင် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် မြန်မာ့အာမခံလုပ်ငန်းများ၏ ငွေကြေးဝန်ဆောင်မှုများ၊ သမဝါ ယမပိုင်အခန်းနှင့် ပုဂ္ဂလိကပိုင် အခန်း ငွေကြေးဝန်ဆောင်မှုများ ပြည်နယ်အတွင်းရှိ ပုဂ္ဂလိကဘဏ်ခွဲ ၄၄ ခုတို့၏ အတိုးရငွေများ၊ ငွေလွှဲခရငွေများ ပိုမိုရရှိခဲ့ပါသည်။

# ရခိုင်ပြည်နယ်




| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၀ မိနစ် မှ ၁၂ဒီဂရီ၃၀ မိနစ်အတွင်း အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ၁၀ မိနစ်မှ ၉၃ ဒီဂရီ၅၀မိနစ်အတွင်း တည်ရှိပါသည်။ |
| အကျယ်အဝန်း | = | ၁၄,၂၀၀.၀၈ စတုရန်း မိုင် ဧက ၉,၀၈၈,၀၅၃ |
| လူဦးရေ | = | ဦးရေ ၃,၂၅၇ (ထောင်ပေါင်း) (၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ ) |
| မြို့တော် | = | စစ်တွေ |
| ထူးခြားသည့် အမှတ်အသား | = | View Point စစ်တွေ၊ ပေလီ(ကမ်းခြေ)သံတွဲ |
| ခရိုင် | = | ၅ ခရိုင် |
| မြို့နယ် | = | ၁၇ မြို့ |
| အဓိကစီးပွားရေး ကဏ္ဍ | = | လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ |
| ဆက်စပ်ဒေသများ | = | အရှေ့ဘက်တွင်မကွေးတိုင်း၊ပဲခူးတိုင်း၊ တောင်ဘက်တွင်ဧရာဝတီတိုင်းနှင့် ဘင်္ဂလားပင်လယ်အော်၊ အနောက်ဘက် တွင် ဘင်္ဂလားပင်လယ်အော်နှင့် အနောက်မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံနှင့် ချင်းပြည်နယ် |


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ရခိုင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၄,၄၄၀,၀၇၆.၁ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၆.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ (နှစ်အလိုက်ဈေးနှုန်း)

ပုံ(၄-၃၁) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၃၂) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရခိုင်ပြည်နယ်)

ရခိုင်ပြည်နယ်၏ ပထမ (၆) လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁,၂၃၅,၄၄၀.၃ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၂၇.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၃.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၃၃)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရခိုင်ပြည်နယ်)

### သုံးသပ်ချက်

၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ရွှန်နု (ROANU) မုန်တိုင်းကြောင့် နွေစပါး အထွက်နှုန်း ကျဆင်းခဲ့ပြီး မေလနှင့် ဇွန်လတွင် မိုးသည်းထန်းစွာ ရွာသွန်းခဲ့ခြင်း ကြောင့် အခြားသီးနှံများလည်း အထွက်နှုန်းများ ကျဆင်းခဲ့ပါသည်။ ငါးကဏ္ဍတွင်လည်း မွေးမြူရေး ပုစွန်ထုတ်လုပ်မှု တိုးတက်လာစေရေးအတွက် သဘာဝဒီရေဖြင့်ပါလာသော သားပေါက်များကို တာဖို့ ဆည်ပိတ်လှောင် မွေးမြူရေးစနစ် သားပေါက်ထည့်သွင်း မွေးမြူသည့် စနစ်သို့ အသွင်ကူးပြောင်းမွေးမြူလာခြင်း၊ ငါးဖမ်းနည်းပညာများ တိုးတက်မြင့်မားလာခြင်းကြောင့် ရေငန်ငါး၊ ပုစွန် ထုတ်လုပ်မှု တိုးတက်လာခဲ့ပါသည်။ ကမ်းလွန် သဘာဝဓါတ်ငွေ့ကုဗပေ ၈၀,၁၅၅ သန်း ထုတ်လုပ်ခဲ့ပါသည်။ Internet E – mailနှင့် မိုဘိုင်းဖုန်း သုံးစွဲမှုများ ပိုမိုများပြားလာခြင်း၊ MPT၊ Telenor နှင့် Ooredoo ဖုန်း SimCard များရောင်းချမှု များပြားလာခြင်းတို့ကြောင့် ယခင်နှစ်ထက် တယ်လီဖုန်းဝန်ဆောင်မှု လုပ်ငန်းမှ ဝင်ငွေများ တိုးတက်လာခဲ့ပါသည်။ ရခိုင်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆက်လက်ဆောင်ရွက်ရန်လိုအပ်ပါသည်။

# ရန်ကုန်တိုင်းဒေသကြီး





| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ်၁၆ဒီဂရီ၁၅ မိနစ်မှ ၁၇ ဒီဂရီ ၅၀ မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ်၉၅ဒီဂရီ၄၂ မိနစ်မှ ၉၆ဒီဂရီ၄၆ မိနစ်အတွင်း၊ |
| အကျယ်အဝန်း | = | ၃,၉၆၇.၈၆(စတုရန်းမိုင်) |
| လူဦးရေ | = | ဦးရေ၇,၆၅၆(ထောင်ပေါင်း) (၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်၊ နှစ်လယ်လူဦးရေ) |
| မြို့တော် | = | ရန်ကုန်မြို့ |
| ထူးခြားသည့်အမှတ်အသား | = | ရွှေတိဂုံဘုရား |
| ခရိုင် | = | အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင် |
| မြို့နယ် | = | ၄၅ မြို့နယ်၊ |
| အဓိကစီးပွားရေးကဏ္ဍ | = | စက်မှုလက်မှုကဏ္ဍ၊ပို့ဆောင်ရေးကဏ္ဍ |
| ဆက်စပ်သည့်ဒေသများ | = | အရှေ့ဘက်နှင့်မြောက်ဘက်တွင်ပဲခူးတိုင်းဒေသကြီး၊ အနောက်ဘက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ တောင်ဘက်တွင် မုတ္တမပင်လယ်ကွေ့ |


၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ရန်ကုန်တိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၉,၂၆၀,၇၀၈.၈ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၈.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ (နှစ်အလိုက်ဈေးနှုန်း)

ပုံ(၄-၃၄) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၃၅) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရန်ကုန်တိုင်းဒေသကြီး)

ရန်ကုန်တိုင်းဒေသကြီး၏ ပထမ (၆) လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၆,၆၄၇,၄၀၄.၈ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၃၄.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၅.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

# ပုံ(၄-၃၆)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရန်ကုန်တိုင်းဒေသကြီး)

### သုံးသပ်ချက်

၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် စက်မှုဇုန်များ၏ ထုတ်လုပ်မှုများမှာ တိုးတက်ခဲ့သော်လည်းတည်ဆောက်ပြီး စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် ခွင့်ပြုပြီး မြေကွက်များတွင် စက်ရုံများ စနစ်တကျ ပေါ်ထွန်းလာရေး၊ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်စေရေးတို့ကို တာဝန်ရှိအဖွဲ့အစည်းများမှ စနစ်တကျ ကြပ်မတ်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စက်ရုံအလုပ်ရုံများအနက် စားသောက်ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဝတ်ဆင်ရေးပစ္စည်း ထုတ်လုပ်မှုနှင့် လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုတို့မှာ အများဆုံးဖြစ်ပါသည်။ မြို့တွင်း Air Con ရထားနှင့် အထူးတန်းတွဲများ၊ လူစီးမြို့ပတ် ရထားများဖြစ်ထွန်းသည်နှင့် မြို့တွင်းကုန်စည် ပို့ဆောင်ပေးလျက် ရှိပါသည်။ ပုဂ္ဂလိကဘဏ်များ၏ ဝန်ဆောင်မှုလုပ်ငန်း များမှဝင်ငွေများ၊ အတိုးရငွေများ၊ အသေးစားချေးငွေလုပ်ငန်းများ၊ အာမခံလုပ်ငန်းများ တိုးတက်လာသဖြင့် တိုးတက်ခဲ့ပါသည်။ လိုင်စင်ရရှိပြီး အသေးစားငွေရေးကြေးရေး ဆောင်ရွက်နေသော အဖွဲ့အစည်း များမှ ချေးငွေများ ထုတ်ချေးပေးလျက် ရှိပါသည်။

## ရှမ်းပြည်နယ်





| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ်၁၉ ဒီဂရီ ၂၈ မိနစ် မှ ၂၄ ဒီဂရီ ၉ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ်၉၆ ဒီဂရီ ၁၅ မိနစ်မှ၁၀၁ ဒီဂရီ ၁၃ မိနစ် |
| အကျယ်အဝန်း | = | ၆၀,၁၅၅.၂၃ စတုရန်းမိုင်၊ ၃၈,၄၉၉,၃၄၅ ဧက |
| လူဦးရေ | = | ဦးရေ ၆,၀၀၈ ထောင်ပေါင်း (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှစ်လယ်လူဦးရေ) |
| မြို့တော် | = | တောင်ကြီးမြို့ |
| ခရိုင် | = | ၁၃ခရိုင် |
| မြို့နယ် | = | ၅၅မြို့နယ် |
| ထူးခြားမှတ်သား | = | အင်းလေးကန် |
| အဓိကစီးပွားရေး ကဏ္ဍများ | = | လယ်ယာ၊ သားငါး၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှု၊ ပို့ဆောင်ရေး၊ |
| ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း | = | ‘ဝ’ |
| ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ | = | ပအိုဝ်း၊ ဓနု၊ ပလောင်နှင့် ကိုးကန့် |
| ဆက်စပ်ဒေသများ | = | မြောက်ဘက်တွင် ကချင်ပြည်နယ်၊ အရှေ့မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အရှေ့ဘက်တွင် လာအိုနိုင်ငံ၊ အရှေ့တောင်ဘက်တွင်ထိုင်းနိုင်ငံ၊ တောင်ဘက်တွင် ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ အနောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး |


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင်ရှမ်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၄,၈၉၈,၉၈၉.၆ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၇.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ (နှစ်အလိုက်ဈေးနှုန်း)

ပုံ(၄-၃၇) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)





ပုံ(၄-၃၈) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရှမ်းပြည်နယ်)

ရှမ်းပြည်နယ်၏ ပထမ (၆) လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁,၅၇၉,၈၈၇.၇ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၃၂.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၂.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၃၉)
## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ရှမ်းပြည်နယ်)

### သုံးသပ်ချက်

၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ကျိုင်းလပ်မြို့နယ်ခွဲ၌ မဲခေါင်မြစ်ကူး မြန်မာ-လာအို ချစ်ကြည်ရေးတံတား တည်ဆောက်ပြီးသဖြင့် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ခရီးသည်နှင့် ကုန်တန်ချိန်များ တိုးတက်လာခဲ့ပါသည်။

တောင်ကြီး၊ အင်းလေး၊ ကလော၊ ပင်းတယ၊ မြင်းမထိဂူ၊ မွေတော်ကက္ကူ၊ ထမ်ဆမ်းဂူ၊ လားရှိုး၊ မူဆယ်၊ ကျိုင်းတုံ (ရွှေတြိဂံဒေသ) တာချီလိတ် စသည့် ဒေသများသည် နိုင်ငံခြား သားများ လာရောက်လည်ပတ်ရန် အဓိကစိတ်ဝင်စားဖွယ် နေရာများဖြစ်ပြီး နိုင်ငံခြားနှင့် ပြည်တွင်းဝင်ငွေများ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ ပါသည်။

မူဆယ် ၁၀၅ မိုင်နယ်စပ်စခန်း၊ တာချီလိတ်စခန်းများအနေဖြင့် ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများနှင့် လယ်ယာထွက်ကုန်ပစ္စည်းများ ပိုမိုကုန်သွယ် နိုင်ခဲ့ပါသည်။

## ဧရာဝတီတိုင်းဒေသကြီး





| | |
|---|---|
| တည်နေရာ | = မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၀ မိနစ်မှ ၁၈ ဒီဂရီ ၃၀ မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၅ မိနစ်မှ ၉၆ ဒီဂရီ ၁၅ မိနစ်အတွင်း၊ |
| အကျယ်အဝန်း | = (၁၃,၅၂၅.၈၈) စတုရန်းမိုင် (၈,၆၅၆,၅၆၄) ဧက |
| လူဦးရေ | = ဦးရေ - ၆,၂၄၅ (ထောင်ပေါင်း) (၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် နှစ်လယ်လူဦးရေ) |
| မြို့တော် | = ပုသိမ် |
| ထူးခြားသည့် အမှတ်အသား | = ငွေဆောင်ကမ်းခြေနှင့် ချောင်းသာ ကမ်းခြေ |
| ခရိုင် | = (၆) ခရိုင် (ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ မအူပင်၊ ဖျာပုံ၊ လပွတ္တာ) |
| မြို့နယ် | = (၂၆) မြို့နယ် |
| အဓိကစီးပွားရေး ကဏ္ဍ | = လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ခရီးသွားလုပ်ငန်း |
| ဆက်စပ်ဒေသများ | = အရှေ့ - ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီး<br>အနောက် - ဘင်္ဂလားပင်လယ်အော်<br>တောင် - ကပ္ပလီပင်လယ်<br>အနောက်မြောက် - ရခိုင်ပြည်နယ်<br>မြောက် - ပဲခူးတိုင်းဒေသကြီး |


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် ဧရာဝတီတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၁၀,၃၅၈,၄၅၇.၉ သန်း အကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများအရ** ၆.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ (နှစ်အလိုက်ဈေးနှုန်း)

ပုံ(၄-၄၀) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၄၁) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ဧရာဝတီတိုင်းဒေသကြီး)

ဧရာဝတီတိုင်းဒေသကြီး၏ ပထမ (၆) လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် **နှစ်အလိုက်ဈေးနှုန်းများအရ** ကျပ် ၃,၁၇၉,၁၈၄.၉ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၃၀.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများအရ** ၄.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၄၂)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)





ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံး(ဧရာဝတီတိုင်းဒေသကြီး)

### သုံးသပ်ချက်

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် အယ်နီညိုရာသီဥတုအခြေအနေကြောင့် ပူပြင်းပြီး သီးနှံများအတွက်နှုန်း လျော့နည်းခြင်းနှင့် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ဧရာဝတီမြစ်ရေ ထူးကဲစွာမြင့်တက်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ကြောင့် စိုက်ပျိုးပြီး မိုးစပါးစိုက်ဧက ၃၂၅,၂၅၇ ဧကကြီးနစ်မြုပ်ပြီး၊ ၂၈၇,၀၆၅ ဧက ထိခိုက်၍ ၂၂၂,၆၂၄ ဧက ပျက်စီးခဲ့ပါသည်။ စပါးခင်းများ၊ သဘာဝရေပြင်များ၊ မြစ်ချောင်းများနှင့် ရေထိန်းတံခါးနှင့် ဆည်မြောင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ဆောင်ရွက်ခဲ့ပါသည်။ ငွေရေးကြေးရေး ဝန်ဆောင်မှု အနေဖြင့် ဧရာဝတီဘဏ်ခွဲ၊ ပထမပုဂ္ဂလိကဘဏ်ခွဲ၊ ကမ္ဘောဇဘဏ်ခွဲ၊ ပုဂ္ဂလိကဘဏ်ခွဲ အသစ် ၅ ခု ထပ်မံဖွင့်လှစ်ခဲ့ပြီးစုစုပေါင်း ပုဂ္ဂလိကဘဏ် ၇၇ ခု နှင့် ပုဂ္ဂလိကအသေးစား ချေးငွေလုပ်ငန်းများ၊ NGO ၊ INGO များမှငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဝင်ငွေများ တိုးတက်ခဲ့ပါသည်။

## နေပြည်တော်ကောင်စီနယ်မြေ




| | | |
|---|---|---|
| တည်နေရာ | = | မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၈မိနစ်မှ ၂၀ဒီဂရီ၂၅မိနစ်အတွင်း၊အရှေ့လောင်ဂျီတွဒ်၉၅ ဒီဂရီ၉၆ မိနစ်မှ၉၆ ဒီဂရီ၄၅ မိနစ် အတွင်း |
| အကျယ်အဝန်း | = | ၁,၇၄၃,၈၄၄ဧက၊ ၂,၇၂၄.၇၆ စတုရန်းမိုင် |
| လူဦးရေ= | | ဦးရေ - ၁,၂၀၁ (ထောင်ပေါင်း) (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှစ်လယ်လူဦးရေ) |
| မြို့တော်= | | နေပြည်တော် |
| ခရိုင်= | | ၂ခရိုင်၊ဥတ္တရခရိုင်၊ဒက္ခိဏခရိုင် |
| မြို့နယ် | = | ၈မြို့နယ် |
| ထူးခြားအမှတ်အသား | = | ပြည်သူ့လွှတ်တော်အဆောက်အဦ၊ ရေပန်းဥယျာဉ် |
| အဓိကစီးပွား= | | လယ်ယာ၊ဆောက်လုပ်ရေး၊ငွေရေးကြေးရေး |
| ဆက်စပ်သည့်ဒေသများ | = | မြောက်ဘက်တွင် -ရမည်းသင်းမြို့နယ် အရှေ့ဘက်တွင် -ပင်လောင်းမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ တောင်ဘက်တွင် - သံတောင်မြို့နယ်၊ ရေတာရှည်မြို့နယ် အနောက်ဘက်တွင်- ဆင်ပေါင်ဝဲမြို့နယ် တောင်တွင်းကြီးမြို့နယ် |


၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းတွင် နေပြည်တော်ကောင်စီနယ်မြေ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၁,၇၀၅,၁၉၄.၇ သန်းအကောင်အထည်ဖော်ရန်နှင့် **ပုံမှန်ဈေးနှုန်းများ**အရ ၃.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့်တိုးတက်မှုနှုန်းအခြေအနေ (နှစ်အလိုက်ဈေးနှုန်း)

ပုံ(၄-၄၃) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)





ပုံ(၄-၄၄) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(နေပြည်တော်ကောင်စီနယ်မြေ)

နေပြည်တော်ကောင်စီနယ်မြေ၏ ပထမ (၆) လပတ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို **နှစ်အလိုက်ဈေးနှုန်းများ**အရ ကျပ် ၅၅၃,၄၄၉.၆ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၃၂.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး **ပုံမှန်ဈေးနှုန်းများ**အရ ၂.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၄-၄၅)
## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကဏ္ဍအလိုက်စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
### (နှစ်အလိုက်စျေးနှုန်း)




ဇာစ်မြစ်။သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံး(ပြည်ထောင်စုနယ်မြေနေပြည်တော်)

**သုံးသပ်ချက်**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)ပတ်တွင် ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် မော်တော်ကားလိုင်းများ ပြေးဆွဲလျက်ရှိရာ ယာဉ်လိုင်းပေါင်း ၇၅ လိုင်းမှ ခရီးသည်များ ပို့ဆောင်ခြင်းနှင့် ကုန်စည်များပို့ဆောင်ပေးခဲ့ပါသည်။ မြန်မာ့မီးရထားလုပ်ငန်းမှ နေပြည်တော်ဘူတာကြီးမှ နေပြည်တော်-ရန်ကုန်၊ နေပြည်တော်-မော်လမြိုင်၊ နေပြည်တော်-ပုဂံ၊ နေပြည်တော်-ပြည် ခရီးစဉ်များဖြင့် နေ့စဉ်အစုံအဆန်ပြေးဆွဲလျက်ရှိပြီး ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးစေရန် ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းပြည်ပ ခရီးသွားများ အဆင်ပြေစွာ သွားလာလည်ပတ်နိုင်ရန် သဘာဝအခြေခံခရီးစဉ်များ၊ ဘုရားဖူးအစီအစဉ်များ၊ Land Mark အထင်အရှားနေရာများ၊ နယ်မြေအတွင်း အစည်းအဝေးများ၊ ကွန်ဖရင့်များ ကျင်းပခြင်း၊ ပြပွဲများ ခင်းကျင်းပြသခြင်းစသည့် အစီအစဉ်များ ဆောင်ရွက်ပေးခဲ့ပါသည်။

**အခန်း(၅)**

## ပြည်ပအကူအညီ အထောက်အပံ့ နှင့် ချေးငွေရရှိမှု

နိုင်ငံတော်၏ စီးပွားရေးမူဝါဒသည် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ် တိုးတက်မှု ရရှိစေရန် ရည်ရွယ်ပါသည်။ အမျိုးသား ပြန်လည်သင့်မြတ်ရေးကို အထောက်အကူရရှိစေရန် ဦးတည်၍ သဘာဝသယံဇာတ အရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် မူဘောင်ချမှတ်ဆောင်ရွက်ရန် မျှော်မှန်းပါသည်။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒ(၁၂)ရပ်ပေါ် မူတည်၍ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ငွေကြေး၊ အရင်းအနှီး၊ နည်းပညာနှင့် လူ့စွမ်းအား အရင်းအမြစ်များရရှိရန် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံတကာအသိုင်းအဝန်းမှ ငွေကြေးအကူအညီအထောက်အပံ့၊ ချေးငွေများနှင့် ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါသည်။

(က) **ပြည်ပအကူအညီအထောက်အပံ့**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၏ ပထမ (၆) လပတ်အတွင်း နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အကူအညီအထောက်အပံ့ (Grant) စီမံချက် (၄၆) ခု အတွက် အမေရိကန်ဒေါ်လာ ၂၅၉.၁၂ သန်း ညှိနှိုင်းရရှိခဲ့ပါသည်။

(ဂ) **ဝန်ကြီးဌာနအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ညှိနှိုင်းရရှိမှု**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်အတွင်း ပြည်ထောင်စု ဝန်ကြီးဌာနများအလိုက် နိုင်ငံခြားအကူအညီ အထောက်အပံ့ ညှိနှိုင်းရရှိမှု အခြေအနေကို ဇယားဖြင့် ဖော်ပြအပ်ပါသည် -

**ဇယား (၅ - ၁)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်အတွင်း ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ ညှိနှိုင်းရရှိမှု အခြေအနေ**

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာနများ/ ဗဟိုအဖွဲ့အစည်းများ | စီမံချက် အရေအတွက် | ငွေပမာဏ (US$ သန်း) |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ၁၅ | ၁၀၁.၆၀ |
| ၂ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၁၂ | ၇၈.၈၅ |
| ၃ | စီမံကိန်းနှင့် ဘဏ္ဍာရေး | ၄ | ၂၈.၉၅ |
| ၄ | ပညာရေး | ၇ * | ၂၀.၆၈ + နည်းပညာ |
| ၅ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၁ | ၇.၈၀ |
| ၆ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး | ၁ | ၇.၅၀ |
| ၇ | နယ်စပ်ရေးရာ | ၁ | ၅.၅၀ |
| ၈ | လျှပ်စစ်နှင့် စွမ်းအင် | ၂ | ၄.၆၆ |
| ၉ | ကျန်းမာရေးနှင့် အားကစား | ၃ | ၃.၅၈ |
| | စုစုပေါင်း | ၄၆ | ၂၅၉.၁၂ |

ဓာတ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

* ယခင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအတွက် နည်းပညာအကူအညီစီမံချက် (၂) ခု ပါဝင်ပါသည်။

## (၂) နိုင်ငံ / အဖွဲ့အစည်းများမှ နိုင်ငံခြားအကူအညီ ညှိနှိုင်းရရှိမှု

နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ နိုင်ငံခြား အကူအညီ အထောက်အပံ့ဖြင့် လုပ်ငန်းစီမံချက်များဆောင်ရွက်ရန် ညှိနှိုင်းရရှိမှု အခြေအနေကို ဇယားဖြင့် ဖော်ပြအပ်ပါသည် -

**ဇယား (၅-၂)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်အတွင်း နိုင်ငံအချင်းချင်းအကူအညီ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် လုပ်ငန်းစီမံချက်များ ဆောင်ရွက်ရန် ညှိနှိုင်းရရှိမှု**

| စဉ် | နိုင်ငံ / အဖွဲ့အစည်း | လုပ်ငန်း စီမံချက် | ငွေပမာဏ (US$သန်းပေါင်း) |
|---|---|---|---|
| **နိုင်ငံအချင်းချင်း** | | | |
| ၁ | ဂျာမဏီ | ၄ | ၄၃.၅၀ |
| ၂ | အီးယူ | ၁ | ၂၅.၂၃ |
| ၃ | ကိုရီးယား | ၅ | ၂၄.၃၆ |
| ၄ | ဆွစ်ဇာလန် | ၂ | ၁၃.၃၀ |
| ၅ | ဂျပန် | ၇ | ၉.၇၉ |
| ၆ | ပြင်သစ် | ၁ | ၁.၀၀ |
| **အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ** | | | |
| ၇ | ကမ္ဘာ့ဘဏ် | ၁ | ၂.၅၀ |
| ၈ | အာရှဖွံ့ဖြိုးရေးဘဏ် | ၁ | ၂၆.၉၅ |
| **ကုလသမဂ္ဂအဖွဲ့အစည်းများ** | | | |
| ၉ | ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ | ၂ | ၂.၆၁ |
| **နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ** | | | |
| ၁၀ | Oxfam | ၁ | ၂၀.၀၀ |
| ၁၁ | International Rescue Committee(IRC) | ၁ | ၁၉.၀၃ |
| ၁၂ | Plan International Myanmar | ၁ | ၁၂.၀၀ |
| ၁၃ | Norwegian Refugee Council | ၁ | ၁၀.၉၈ |
| ၁၄ | Action Contre La Faim | ၁ | ၇.၆၆ |
| ၁၅ | Terre des hommes Lausanne (Tdh-L) | ၁ | ၆.၃၀ |
| ၁၆ | UNOCHA | ၁ | ၅.၆၀ |

| | | | |
|---|---|---|---|
| ၁၇ | People in Need | ၁ | ၅.၀၀ |
| ၁၈ | Latter-Day Saint Charities (LDSC)&CDA | ၁ | ၃.၅၀ |
| ၁၉ | Child Fund Myanmar | ၁ | ၃.၅၀ |
| ၂၀ | Mercy Corps(Myanmar) | ၁ | ၃.၃၁ |
| ၂၁ | Friends International | ၁ | ၃.၀၇ |
| ၂၂ | HELVETAS Swiss Inter cooperation | ၁ | ၂.၂၅ |
| ၂၃ | Stromme Foundation(SF) | ၁ | ၂.၀၀ |
| ၂၄ | Welthungerhilfe(WHH) | ၁ | ၂.၀၀ |
| ၂၅ | International Fund for Animal Welfare(IFAW) | ၁ | ၁.၆၆ |
| ၂၆ | Asian Disaster Preparedness Center(ADPC) | ၁ | ၀.၇၀ |
| ၂၇ | FAO | ၁ | ၀.၅၀ |
| ၂၈ | Wildlife Conservation Society-WCS | ၁ | ၀.၄၁ |
| ၂၉ | Tag International Development | ၁ | ၀.၄၀ |
| ၃၀ | IAEA | ၂ | နည်းပညာ |
| | **စုစုပေါင်း** | **၄၆** | **၂၅၉.၁၂** |


ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## (၃) ကဏ္ဍအလိုက် နိုင်ငံခြားအကူအညီ ညှိနှိုင်းရရှိမှု

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်အတွင်း နိုင်ငံခြားအကူအညီ အထောက်အပံ့ညှိနှိုင်းရရှိမှုမှာ လူမှုကာကွယ်ပေးရေးကဏ္ဍ ၄၂ ရာခိုင်နှုန်း၊ စိုက်ပျိုးရေးကဏ္ဍ ၉ ရာခိုင်နှုန်း၊ ကျန်းမာရေးကဏ္ဍ ၇ ရာခိုင်နှုန်း၊ ရေရှိရေးကဏ္ဍ ၂ ရာခိုင်နှုန်း၊ ပညာရေးကဏ္ဍ ၄ ရာခိုင်နှုန်း၊ ကုန်သွယ်ရေး ကဏ္ဍ ၂ ရာခိုင်နှုန်း၊ ပို့ဆောင်ရေးကဏ္ဍ ၄ ရာခိုင်နှုန်း၊ သဘာဝ ဘေးအန္တရာယ်ကဏ္ဍ ၁၃ ရာခိုင်နှုန်း၊ နည်းပညာကဏ္ဍ ၁၆ ရာခိုင်နှုန်း ဖြစ်ပါသည်။

## ပုံ (၅-၁)

## ကဏ္ဍအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ညှိနှိုင်းရရှိမှု




ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

### (ခ) ပြည်ပချေးငွေညှိနှိုင်းရရှိမှု

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၏ ပထမ(၆)လပတ်အတွင်း နိုင်ငံအချင်းချင်းနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ချေးငွေ (Loan) စီမံချက် (၁၈) ခု အတွက် အမေရိကန်ဒေါ်လာ ၂,၇၉၁.၀၃ သန်း ချေးယူရန် ဆောင်ရွက်ခဲ့ပါသည်။

(၁) **ဝန်ကြီးဌာနအလိုက် နိုင်ငံခြားချေးငွေညှိနှိုင်းရရှိမှု**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်အတွင်း ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် နိုင်ငံခြားချေးငွေရရှိရန် အဆိုပြုနိုင်မှု အခြေအနေကို ဇယားဖြင့် ဖော်ပြအပ်ပါသည် -

**ဇယား (၅ - ၃)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်အတွင်း ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် နိုင်ငံခြားချေးငွေရရှိရန် အဆိုပြုနိုင်မှုအခြေအနေ**

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာနများ/ဗဟိုအဖွဲ့အစည်းများ | စီမံချက် အရေအတွက် | ငွေပမာဏ (US$ သန်း) |
|---|---|---|---|
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၃ | ၁၂၀၂.၈၄ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | ၁ | ၆၂၈.၀၀ |
| ၃ | စီမံကိန်းနှင့် ဘဏ္ဍာရေး | ၅ | ၄၆၀.၈၀ |
| ၄ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ၂ | ၂၅၂.၅၀ |
| ၅ | လျှပ်စစ်နှင့် စွမ်းအင် | ၃ | ၁၃၀.၇၉ |
| ၆ | ပညာရေး | ၁ | ၉၈.၅၀ |
| ၇ | ကျန်းမာရေးနှင့် အားကစား | ၁ | ၁၂.၀၀ |
| ၈ | ဆောက်လုပ်ရေး | ၁ | ၅.၆၀ |
| | **စုစုပေါင်း** | **၁၈** | **၂၇၉၁.၀၃** |

ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

(၂) **နိုင်ငံ/ အဖွဲ့အစည်းများမှ နိုင်ငံခြားချေးငွေညှိနှိုင်းရရှိမှု**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်အတွင်း နိုင်ငံအချင်းချင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ချေးငွေဖြင့် လုပ်ငန်း စီမံချက်များ ဆောင်ရွက်ရန် ညှိနှိုင်းရရှိမှုအခြေအနေကို ဇယားဖြင့် ဖော်ပြအပ်ပါသည် -

**ဇယား (၅-၄)**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်အတွင်း နိုင်ငံအချင်းချင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ချေးငွေဖြင့် လုပ်ငန်းစီမံချက်များဆောင်ရွက်ရန်ညှိနှိုင်းရရှိမှု**

| စဉ် | နိုင်ငံ / အဖွဲ့အစည်း | လုပ်ငန်းစီမံချက် | ငွေပမာဏ (US$သန်းပေါင်း) |
|---|---|---|---|
| **နိုင်ငံအချင်းချင်း** | | | |
| ၁ | ဂျပန် | ၇ | ၁၅၂၂.၆၅ |
| ၂ | ကိုရီးယား | ၃ | ၈၂၅.၀၀ |
| ၃ | ပြင်သစ် | ၁ | ၄၄.၇၈ |
| ၄ | ဩစတြီးယား | ၁ | ၅.၆၀ |
| **အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ** | | | |
| ၅ | ကမ္ဘာ့ဘဏ် | ၂ | ၁၂၀.၀၀ |
| ၆ | အာရှဖွံ့ဖြိုးရေးဘဏ် | ၄ | ၂၇၃.၀၀ |
| | **စုစုပေါင်း** | **၁၈** | **၂၇၉၁.၀၃** |


ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

(ဂ) **ကဏ္ဍအလိုက်နိုင်ငံခြားချေးငွေညှိနှိုင်းရရှိမှု**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်အတွင်း နိုင်ငံခြားချေးငွေ ညှိနှိုင်း ရရှိမှုမှာ လူမှုကာကွယ်ပေးရေးကဏ္ဍ ၂၉ ရာခိုင်နှုန်း၊ စိုက်ပျိုးရေးကဏ္ဍ ၆ ရာခိုင်နှုန်း၊ ကျန်းမာရေးကဏ္ဍ ၆ ရာခိုင်နှုန်း၊ ရေရှိရေးကဏ္ဍ ၁၂ ရာခိုင်နှုန်း၊ သဘာဝ ဘေးအန္တရာယ်ကဏ္ဍ ၆ ရာခိုင်နှုန်း၊ အသက်မွေးဝမ်းကြောင်းကဏ္ဍ ၆ ရာခိုင်နှုန်း၊ စွမ်းအင်ကဏ္ဍ ၁၇ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးကဏ္ဍ ၁၈ ရာခိုင်နှုန်း အစရှိသည်တို့ ဖြစ်ပါသည်။

ပုံ (၅-၂)

**ကဏ္ဍအလိုက် နိုင်ငံခြားရေးငွေညှိနှိုင်းရရှိမှု**




ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

**အာဆီယံနှင့် ဒေသတွင်းနိုင်ငံများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ**

၂၀၁၆ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ အာဆီယံနှင့် ဒေသတွင်းနိုင်ငံများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) **အာဆီယံ စီးပွားရေးအသိုက်အဝန်း၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု**

- မလေးရှားနိုင်ငံ၌ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့မှ ၈ ရက်နေ့အထိ ကျင်းပခဲ့သည့် အာဆီယံ အဆင့်မြင့်စီးပွားရေးအရာရှိများ၏ ၂/၄၇ ကြိမ်မြောက် အစည်းအဝေးနှင့် လာအိုနိုင်ငံ၌ ဇွန်လ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပခဲ့သည့် ၃/၄၇ ကြိမ်မြောက် အစည်းအဝေးတွင် ဆွေးနွေးဖက်နိုင်ငံများအကြား တည်ထောင်ထားသည့် လွတ်လပ်သော ကုန်သွယ်မှု ဒေသ အကောင်အထည်ဖော်မှု အခြေအနေများ၊ ညှိနှိုင်းဆဲဖြစ်သည့် အာဆီယံ - ဟောင်ကောင် လွတ်လပ်သော ကုန်သွယ်မှုဒေသနှင့် ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါသည်။

- ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့မှ ဩဂုတ်လ ၆ ရက်နေ့အထိ ကျင်းပခဲ့သည့် (၄၈) ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် အာဆီယံကုန်သွယ်မှုလွယ်ကူ ချောမွေ့စေရေး မူဘောင် (ASEAN Trade Facilitation Frame work)၊ အာဆီယံ အစားအသောက် ဘေးကင်းလုံခြုံမှုဆိုင်ရာ ထိန်းချုပ်မှု မူဘောင် (ASEAN Food Safety Regulatory Framework)၊ အထူးစီးပွားရေးဇုန်များ ဖော်ထုတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အာဆီယံ လမ်းညွှန်ချက်များ (ASEAN Guidelines for Special Economic Zone- SEZ Development and Collaboration)၊ အငယ်စား၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် ဘဏ္ဍာငွေ ရရှိနိုင်မှုဆိုင်ရာ အာဆီယံ ဖွဲ့စည်းအုပ်ချုပ်မှု (ASEAN Institutional Framework on Access to Finance for Micro, Small and Medium Enterprises (MSME) နှင့် အာဆီယံတွင် လုပ်ငန်းများ စတင်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာနှင့် လုပ်ငန်းအစီအစဉ် ( Report and Work Programme on Starting a Business in ASEAN ) တို့ကို ပြည်တွင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အတည်ပြုခဲ့ပါသည်။
- ထို့အပြင် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံ ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ ၊ အာဆီယံနှင့် ဆွေးနွေးဘက်နိုင်ငံများဖြစ်သော တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် အိန္ဒိယနိုင်ငံတို့အကြား ဆောင်ရွက်လျက်ရှိသည့် လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်မှုအခြေအနေများ၊ ညှိနှိုင်းဆဲဖြစ်သည့် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် အာဆီယံ-ဟောင်ကောင် လွတ်လပ်သော ကုန်သွယ်မှုဒေသတို့နှင့် စပ်လျဉ်း၍ အာဆီယံစီးပွားရေး ဝန်ကြီးများက လမ်းညွှန်မှု ပြုခဲ့ပါသည်။

- အာဆီယံ-ဟောင်ကောင် (တရုတ်) လွတ်လပ်သော ကုန်သွယ်မှုဒေသ အတွက် အကောက်ခွန် လျှော့ချမှုဆိုင်ရာ အစီအစဉ်များ၊ ဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာ ကနဦးကမ်းလှမ်းချက်များ၊ ပင်ရင်းဒေသစည်းမျဉ်းနှင့် လွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူစာချုပ်တွင် ထည့်သွင်းမည့် စာသားများအပေါ် ဆွေးနွေးလျက်ရှိပါသည်။
- အာဆီယံ-ကိုရီးယား လွတ်လပ်မှု ကုန်သွယ်မှုအတွက် အကောက်ခွန် လျှော့ချမှုအပေါ် legal enactment ထုတ်ပြန်နိုင်မှု အခြေအနေ၊ အာဆီယံ-ကိုရီးယား ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်ကို ပြင်ဆင်သည့် တတိယအခြေပြ စာချုပ်အာဏာသက်ဝင်ရေး အခြေအနေများနှင့် အရေးကြီး လမ်းကြောင်း (Sensitive Track) ပါ ကုန်စည်များကို ထပ်မံဖြေလျှော့ရေး ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ပါသည်။
- (၂၈) ကြိမ်မြောက်နှင့် (၂၉) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး နှင့် ဆက်စပ်အစည်းအဝေးများတွင် Mutual Reorganization Arrangement (MRA) on Bio-Equivalence Study Report on Generic Medicinal Products နှင့် Second Protocol to Amend ASEAN Comprehensive Investment Agreement (ACIA) နှစ်ခုကို ad-referendum basic ဖြင့် မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးခဲ့ပါသည်။

(ခ) **နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ**

**မြန်မာ-တရုတ်**

- ၂၇-၄-၂၀၁၆ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Hong Liang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လာရောက် ဂါရဝပြုတွေ့ဆုံခဲ့ပြီး အဆိုပါတွေ့ဆုံဆွေးနွေးမှုတွင် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ တရုတ်ချေးငွေ စီမံကိန်းများနှင့် တရုတ်အကူအညီဖြင့် ဆောင်ရွက်ရန်ရှိသော စီမံကိန်းများ နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

- တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး H.E Madam Gao Yan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ၂၄-၈-၂၀၁၆ ရက်နေ့တွင် အစည်းအဝေးကျင်းပခဲ့ပြီး အဆိုပါ အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် သဘောတူညီမှု ရရှိခဲ့သောကိစ္စရပ်များအား ဆက်လက် အကောင်အထည်ဖော်ရေးကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာ-တရုတ်စီးပွားရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မတီ ပြန်လည်ဖွဲ့စည်းရေးကိစ္စရပ်များ၊ တရုတ်ချေးငွေ/အကူအညီများဖြင့် ဆောင်ရွက်သော စီမံကိန်းများနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်အား ဆွေးနွေးခဲ့ကြပါသည်။

**မြန်မာ -ဂျပန်**

- မြန်မာနိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဂျပန်နိုင်ငံမှ ပုဂ္ဂလိကကုမ္ပဏီများ မြန်မာနိုင်ငံတွင် လာရောက်၍ ပိုမိုရင်းနှီးမြှုပ်နှံလာစေရန် ရည်ရွယ်၍ မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား Myanmar-Japan Joint Initiative အစည်းအဝေးများကို ၂၀၁၃ ခုနှစ်မှစ၍ ကျင်းပခဲ့ရာ Phase I အနေဖြင့် (၆) ကြိမ် ကျင်းပပြီးစီးခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ ပထမအကြိမ် Myanmar-Japan Joint Initiative (Phase II) အစည်းအဝေးကို ၁၃-၆-၂၀၁၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် ဂျပန်ဘက်မှ ဗီဇာနှင့် နေထိုင်ခွင့်၊ ကုန်သွယ်ရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံသူများနှင့် အဆင်ပြေစေသော ပတ်ဝန်းကျင်၊ ဘဏ္ဍာရေး၊ အခွန်၊ အခြေခံအဆောက်အအုံကဏ္ဍများနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးခဲ့ကြပြီး၊ အဆိုပါလုပ်ငန်းများ ပိုမိုလျင်မြန်ထိရောက်စေရန်အတွက် စက်မှုမူဝါဒဆိုင်ရာလုပ်ငန်းအဖွဲ့၊ ကုန်သွယ်ရေးမူဝါဒဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ အခွန်ကိစ္စဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့်

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (၅) ခု တို့အား ဖွဲ့စည်းခဲ့ပါသည်။

- ဒုတိယအကြိမ် Myanmar-Japan Joint Initiative (Phase II) အစည်းအဝေးကို ၃၀-၈-၂၀၁၆ ရက်နေ့တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် စက်မှုမူဝါဒဆိုင်ရာလုပ်ငန်းအဖွဲ့၊ ကုန်သွယ်ရေးမူဝါဒဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ အခွန်ကိစ္စဆိုင်ရာလုပ်ငန်းအဖွဲ့နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (၅) ခုတို့၏ ဆောင်ရွက်နေမှုများကို နှစ်ဖက် အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် တတိယအကြိမ် Myanmar-Japan Joint Initiative (Phase II) အစည်းအဝေးကို၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (သို့မဟုတ်) ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပ ပြုလုပ်နိုင်ရေး ဆွေးနွေးပြောကြား ခဲ့ပါသည်။

**မြန်မာ-ကိုရီးယား**

- မြန်မာနိုင်ငံ၌ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှု အထောက်အကူ (Official Development Assistance-ODA) အစီအစဉ်ဖြင့် မြန်မာနိုင်ငံ၌ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ ပြန်လည်သုံးသပ်ခြင်းနှင့် ၂၀၁၆-၂၀၂၀ ခုနှစ်အတွင်း ဆောင်ရွက်နိုင်မည့် အလားအလာရှိသော စီမံကိန်းများနှင့် စပ်လျဉ်း၍ 4th ODA Policy Consultation Meeting ကို ကျင်းပပြုလုပ်ခဲ့ကြပါသည်။

**နိဂုံး**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ချမှတ်ထားသည့် စီးပွားရေးမူဝါဒများ၊ ပြည်သူများ၏ လိုအပ်ချက်များနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များအပေါ် အခြေပြု၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

ချမှတ်ခဲ့သည့် စီးပွားရေးမူဝါဒများနှင့်အညီ လျှပ်စစ်ဓာတ်အား၊ လမ်းများ၊ အခြေခံ စီးပွားရေးအဆောက်အအုံများ လျင်မြန်စွာတိုးတက်လာစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း မြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေး ဆောင်ရွက်ပေးခြင်း၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် ကဏ္ဍ များဘက်ညီစွာ တိုးတက်လာစေရေးနှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေး ပုံစံဖော်ထုတ်ခြင်း၊ သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန်နှင့် မြို့ပြကွန်ယက် စနစ်ပေါ်ပေါက်နိုင်ရေးအတွက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက် ခြင်းနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲ လုပ်ကိုင်နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲ လုပ်ဆောင်ခြင်းတို့ကို အလေးထား အကောင်အထည်ဖော်ခဲ့ပါသည်။

ပြည်သူများ၏ လူမှုစီးပွားလိုအပ်ချက်များကို ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်းကို နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ အကောင်အထည်ဖော်ခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်တွင် နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၂၆,၃၅၃.၆ ဘီလီယံဖြစ်ပေါ်ခဲ့ပြီး ဂျီဒီပီတိုးတက်မှုနှုန်း အနေဖြင့် ၅.၀ ရာခိုင်နှုန်း ဖြစ်ပေါ်မည်ဟု ခန့်မှန်းရရှိပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အခြေခံ အကျဆုံး ကဏ္ဍမှ ပါဝင်လျက်ရှိသည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်များ၊ ဓာတ်မြေဩဇာများ အသုံးပြု ဆောင်ရွက် ခဲ့ကြသော်လည်း အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝ ဆိုးကျိုးများကြောင့် စုစုစိုက်ဧကတွင် ၁,၁၂၁,၂၀၃ ဧက လျော့နည်းခဲ့သည့်အတွက် သဘာဝဘေးဒဏ် ခံနိုင်ရည် ရှိသည့် လုပ်ငန်းစဉ်များကို ကြိုတင်ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန် လိုအပ်ပါသည်။

သားငါးကဏ္ဍအနေဖြင့် ပထမ(၆)လပတ်အတွင်း တိုးတက်ခဲ့သော်လည်း အထွက်နှုန်း ကောင်း တိရစ္ဆာန်မျိုးများရရှိရန် လိုအပ်နေသေးခြင်း၊ သားငါးထွက်ပစ္စည်းများသည်

အရည်အသွေးကောင်းသော စံချိန်စံနှုန်းမီ ထွက်ကုန်များဖြစ်ရန် လိုအပ်နေခြင်း၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ရောင်းချရန်အတွက် အားထားရသည့် ခိုင်မာသော ဈေးကွက် ဖန်တီးရန် လိုအပ်လျက်ရှိ ပါ သည်။

စက်မှုလက်မှုကဏ္ဍအနေဖြင့် ဆန်၊ စားသုံးဆီ၊ သကြား၊ ချုပ်ပြီးအထည်၊ ဘိလပ်မြေ ထုတ်လုပ်မှုများမှာ ယခင်နှစ် ၂၀၁၅-၂၀၁၆ ပထမ(၆)လပတ်ကာလထက် ပိုမိုတိုးတက်ခဲ့ သော်လည်း ဖြစ်ပေါ်လာမည့် အာဆီယံဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးအတွက် ပုဂ္ဂလိက အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို တွန်းအားပေး ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမရှိသော နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများကို အရည်အသွေး ပြည့်ဝသည့် ထုတ်ကုန်များထုတ်လုပ်နိုင်ရေး၊ စက်ရုံများကို စွမ်းအားပြည့် လည်ပတ်နိုင်ရေး အတွက် အဆင့်မြှင့်တင်နိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ် ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ် (ယာယီစာရင်းများအရ) ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅,၉၅၅.၀ သန်းဖြစ်ပြီး သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇,၇၀၉.၂ သန်း ဖြစ်သည့်အတွက် ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁,၇၅၄.၂ သန်း ဖြစ်ပေါ်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ပို့ကုန်များတွင် လယ်ယာထွက်ကုန်ပစ္စည်းများမှ အမေရိကန်ဒေါ်လာ ၁,၅၂၈.၀ သန်း (၂၅.၇%) ဖြင့် ပထမအများဆုံး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ အမေရိကန်ဒေါ်လာ ၁,၅၀၄.၈ သန်း (၂၅.၃%) ဖြင့် ဒုတိယအများဆုံးနှင့် စက်မှုကုန်ချောပစ္စည်းများ အမေရိကန် ဒေါ်လာ ၉၇၁.၇ သန်း (၁၆.၃%) ဖြင့် တတိယအများဆုံး ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ သွင်းကုန်များအနေဖြင့် လူသုံးကုန်ပစ္စည်းအမေရိကန်ဒေါ်လာ ၂,၇၉၈.၅ သန်း (၃၆.၃%)ဖြင့် ပထမအများဆုံး၊ လုပ်ငန်းတွင်းသုံး ကုန်ကြမ်းနှင့်အရန်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၂,၄၉၈.၉ သန်း (၃၂.၄%) ဖြင့် ဒုတိယအများဆုံး၊ ရင်းနှီးကုန်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၂,၄၁၁.၈ သန်း (၃၁.၃%) ဖြင့် တတိယအများဆုံး ဖြစ်ပါသည်။

နိုင်ငံ၏စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများကြောင့် လိုအပ်လာသည့် လူမှု စီးပွားရေးအခြေခံအဆောက်အဦများအတွက် သွင်းကုန်များဖြင့် ဖြည့်ဆည်းနေရသော်လည်း ထုတ်လုပ်မှုလုပ်ငန်းများကို တွန်းအားပေးသည့် သွင်းကုန်များ တင်သွင်းမှု ဖြစ်ပေါ်စေရေး လိုအပ်ပါသည်။

၊ ၊

ပို့ကုန်ထက်သွင်းကုန် နှစ်စဉ်ပိုမိုများပြားနေပါက ကုန်သွယ်မှုလိုငွေ ရေရှည်ဖြစ်ပေါ်နေမည်ဖြစ်ပြီး နိုင်ငံခြားအရန်ငွေကြေးပမာဏ လိုအပ်ချက်များပြားလာကာ နိုင်ငံခြားငွေကြေးလဲလှယ်နှုန်းမြင့်မားလာမှုနှင့်အတူ မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းလာနိုင်သည့်အတွက် ပို့ကုန်တွန်းအားပေးသည့် မဟာဗျူဟာကို လက်တွေ့ကျကျ ဆောင်ရွက်သင့်ပါသည်။

မြန်မာနိုင်ငံ၏ အများဆုံး ကုန်သွယ်ဘက်နိုင်ငံများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်္ကာပူနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ဖြစ်သည့်အတွက် ပို့ကုန်ဈေးကွက်တိုးချဲ့နိုင်ရေးနှင့် ဈေးကွက် လိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းနိုင်ရေးတို့ကို အလေးပေးစဉ်းစားသင့်ပါသည်။

အနောက်ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ GSP ကုန်သွယ်မှု အထူးအခွင့်အရေးပေးခဲ့သော်လည်း သတ်မှတ်ထားသည့် စံချိန်စံညွှန်းပြည့်မီရေး လိုအပ်ချက်ရှိသည့်အတွက် အကျိုးသက်ရောက်မှုနည်းပါးလျက်ရှိပါသည်။ သို့ဖြစ်ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည့်အချိန်တွင် နိုင်ငံတွင်း၌ စီးပွားရေးလုပ်ငန်းများနှင့် ဆက်နွယ်နေသည့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေများ ပိုမိုအားကောင်းစေရေးနှင့် ကောင်းမွန်သော စီးပွားရေးဝန်းကျင် ဖန်တီးထားနိုင်ရေး လိုအပ်မည် ဖြစ်ပါသည်။

ထို့အပြင် မေခရိုစီးပွားရေး ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘတ်ဂျက်လိုငွေပြမှု၊ ကုန်သွယ်ရေးလိုငွေပြမှုနှင့် ငွေကြေးဖောင်းပွမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်မှု၊ အခွန်အကောက်ရရှိမှုနှင့် ထိရောက်သောဘဏ္ဍာငွေ ခွဲဝေသုံးစွဲမှု ဖြစ်ရေးတို့အတွက် ဘဏ္ဍာရေးမူဝါဒ (Fiscal Policy)၊ ငွေကြေးမူဝါဒ (Monetary Policy)တို့ဖြင့် ထိန်းညှိဆောင်ရွက်ရန် လိုအပ်လျက် ရှိပါသည်။ ဒုတိယ(၆)လပတ်တွင် နိုင်ငံ၏လူမှုစီးပွားရေး ရည်မှန်းချက်များအား အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေးအတွက် ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်။